# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

**Myanma Alinn Daily**


### ရာဂသည် ဖောက်ဝင်နိုင်၏

အိမ်ကို မကောင်းသဖြင့် မိုးအပ်သည်ရှိသော် မိုးရေသည် ဖောက်ဝင်နိုင်သကဲ့သို့ စိတ်ကို (သမထ၊ ဝိပဿနာတို့ဖြင့်) ကောင်းစွာ မပွားထုံအပ်သည်ရှိသော် ရာဂသည် ဖောက်ဝင်နိုင်၏။

ယမကဝဂ်(ဓမ္မပဒ-၁၃)


၁၃၈၃ ခုနှစ်၊ နတ်တော်လဆန်း ၆ ရက် | ၂၀၂၁ ခုနှစ်၊ ဒီဇင်ဘာ ၉ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၁)၊ အမှတ် (၀၇၀)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ကို ပြန်လည်ဖွဲ့စည်းပြီး မဲစာရင်းများစစ်ဆေးခြင်းများအပါအဝင် လုပ်ဆောင်သင့်၊ လုပ်ဆောင်ထိုက်သည်များကို ဥပဒေနှင့်အညီ ဆက်လက်လုပ်ဆောင်သွားမည်။

၂။ လတ်တလော ဖြစ်ပွားနေဆဲဖြစ်သည့် COVID-19 ကပ်ရောဂါ ကာကွယ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မပျက် ထိထိရောက်ရောက် ဆက်လက်ဆောင်ရွက်သွားမည်။

၃။ COVID-19 ကပ်ရောဂါကြောင့် ထိခိုက်ခဲ့သည့် စီးပွားရေးလုပ်ငန်းများအား ဖြစ်နိုင်သမျှနည်းလမ်းများဖြင့် အမြန်ဆုံးကုစားသွားမည်။

၄။ တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ပါ သဘောတူညီချက်များအတိုင်း ဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၅။ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ပြီးစီးပါက ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်) နှင့်အညီ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲအား ပြန်လည်ကျင်းပ၍ အနိုင်ရသည့်ပါတီအား ဒီမိုကရေစီစံနှုန်းများနှင့်အညီ နိုင်ငံတော်တာဝန်အား လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှုကို ကြည့်ရှုစစ်ဆေးပြီး နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများသို့ သွားရောက်ကြည့်ရှုအားပေး

**နေပြည်တော် ဒီဇင်ဘာ ၈**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကောင်စီအဖွဲ့ဝင်များဖြစ်ကြသည့် ဗိုလ်ချုပ်ကြီး မောင်မောင်ကျော်၊ ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်း၊ ကောင်စီ တွဲဖက်အတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စုဝန်ကြီးများ ဖြစ်ကြသည့် ဦးလှမိုး၊ ဒေါက်တာမျိုးသိန်းကျော်၊ မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမောင်ကို၊ အလယ်ပိုင်းတိုင်း စစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ်ကိုကိုဦးနှင့် တာဝန်ရှိသူများ လိုက်ပါ၍ ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ ရှေးဟောင်းတပ်မတော် ဧည့်ရိပ်သာများ ထိန်းသိမ်းထားရှိမှု အခြေအနေများကို သွားရောက်ကြည့်ရှုစစ်ဆေးပြီး နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းများ ဆောင်ရွက်နေမှုအခြေအနေကို ကြည့်ရှုအားပေးသည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❐



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ချယ်ရီမြိုင် ထိန်းသိမ်းထားရှိမှုအခြေအနေကို ကြည့်ရှုစစ်ဆေးစဉ်။

## ယနေ့ ဖတ်စရာ


နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက် — ပြည်တွင်းသတင်း စာ -၇

ပြန်လည်စုစည်းဖို့ လိုအပ်နေသော မျိုးချစ်စိတ်ဓာတ်နှင့် ဆက်လက်ရှင်သန်ရမည့် ပြည်ထောင်စုစိတ်ဓာတ် — ဆောင်းပါး စာ -၉

ဘိုင်ဒင်နှင့်ပူတင်တို့ နှစ်နိုင်ငံဆက်ဆံရေး၊ ယူကရိန်း အကျပ်အတည်း၊ အီရန်နျူကလီးယားအရေး ဗီဒီယို ခေါ်ဆိုဆွေးနွေး — နိုင်ငံတကာသတင်း စာ -၂၀

မြန်မာ့အလင်း

# တန်းတူညီမျှဖို့ မညီမျှတာလျှော့ချကာ လူ့အခွင့်အရေးကို မြှင့်တင်ကြ

မြေကမ္ဘာတွင် လူသားတစ်ဦးအဖြစ် မွေးဖွားလာသူမှန်သမျှ တူမျှသော အခွင့်အရေးရရှိစေရေးနှင့် ကမ္ဘာသူ ကမ္ဘာသား လူသားတစ်ဦးအနေဖြင့် ပျော်ရွှင်စွာ ရှင်သန်နေထိုင်နိုင်ရေးတို့ကို ရည်သန်လျက် ကုလသမဂ္ဂက ကမ္ဘာ့လူ့အခွင့်အရေးကြေညာစာတမ်းကို လွန်ခဲ့သည့် (၇၃) နှစ်က ထုတ်ပြန်ခဲ့သည်။ လူ့အခွင့်အရေးသည် နိုင်ငံတစ်ခုခု၏ နိုင်ငံသူ နိုင်ငံသားအဖြစ် ရရှိသည့်အခွင့်အရေးမျိုးမဟုတ်ဘဲ လူသားတစ်ဦး အနေဖြင့် ရရှိသင့်သည့် အခွင့်အရေးပင်ဖြစ်သည်။

လူ့အခွင့်အရေးနှင့်စပ်လျဉ်း၍ ကုလသမဂ္ဂက အဓိပ္ပာယ်ဖွင့်ဆိုရာတွင် လူတစ်ဦးချင်းဖြစ်စေ၊ အုပ်စုလိုက်ဖြစ်စေ ၎င်းတို့၏အခြေခံလွတ်လပ်ခွင့်များနှင့် သက်ဆိုင်သည့် တရားရေးဆိုင်ရာ အာမခံချက်ဟုဆိုထားသည်။ သို့ဖြစ်ရာ လူ့အခွင့်အရေးသည် ဥပဒေအရခံစားခွင့်ရှိရမည်ဖြစ်ပြီး လူတစ်ဦးချင်းအရရော အုပ်စုလိုက်အရပါ ခံစားနိုင်သည့် အခြေခံအခွင့်အရေး (ဝါ) လွတ်လပ်ခွင့်များပင်ဖြစ်သည်။ ထို့အပြင် လူ့အခွင့်အရေးကို အခြားသောအနက်ဖွင့်ဆိုမှုများလည်းရှိနေပြီး လူသားတစ်ဦးအနေဖြင့် ရှင်သန်ရာတွင် အကြောက်အရွံ့ စိုးရိမ်ထိတ်လန့်မှုတို့ကင်း၍ လုံခြုံစိတ်ချစွာ နေနိုင်ခြင်းနှင့် ဘဝဖွံ့ဖြိုးတိုးတက်မှုအတွက် မတောင့်မတ မကြောင့်မကြနေနိုင်ခြင်းဟူ၍လည်း ဆိုကြသည်။ ဤတွင် လူသားတစ်ဦးအဖြစ်ဖြင့် ရရှိသင့်သည်ဟူ၍ ပြဋ္ဌာန်းထားသည့် လူ့အခွင့်အရေးဆိုင်ရာ ပြဋ္ဌာန်းချက်များကို ကမ္ဘာပေါ်ရှိ နိုင်ငံအသီးသီးတွင် နေထိုင်လျက်ရှိသော လူတိုင်းရရှိ ခံစားနေကြပြီလောဟူ၍ မေးခွန်းထုတ်ပါက မရရှိသေးဟူ၍သာ အဖြေရရှိမည်ဖြစ်သည်။

ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ရှိနေသည့် ယုံကြည်ကိုးကွယ်မှု ဘာသာတရားများ၊ ယောကျ်ားမိန်းမ လိင်ကွဲပြားမှု သဘာဝများ၊ ယဉ်ကျေးမှုဓလေ့ထုံးစံများ စသည်တို့အပါအဝင် အကန့်အသတ် အတားအဆီးများစွာတို့က လူတိုင်းလူ့အခွင့်အရေး ပြဋ္ဌာန်းချက်များ အားလုံး မရရှိနိုင်သည့် အဟန့်အတားများပင် ဖြစ်သည်။ သို့ဖြစ်ရာ လူ့အခွင့်အရေးမည်ရွေ့မည်မျှရသည်၊ မရသည်ဆိုသည်မှာ နိုင်ငံတစ်နိုင်ငံ၏ ခွင့်ပြုနိုင်သည့် ဘောင်အတွင်းမှာသာရှိသည့်အတွက် တစ်နိုင်ငံနှင့် တစ်နိုင်ငံ တူညီမည်မဟုတ်ကြောင်း သိရှိထားကြရမည် ဖြစ်သည်။ မည်သို့ပင်ဆိုစေ မည်သည့်နိုင်ငံ၊ မည်သည့်ဒေသ၊ မည်သည့်အခြေအနေမျိုးတွင်မဆို လူတိုင်းရရှိရမည့် အခြေခံ လူ့အခွင့်အရေးများ ရရှိနိုင်ရန်အတွက်မူ ဥပဒေပြဋ္ဌာန်း၍ အာမခံချက်ပေးကြရသည်သာဖြစ်သည့်အပြင် လူ့အခွင့်အရေးများကို ရှိသေလေးစားကြရန်လည်း လိုအပ်သည်သာဖြစ်သည်။

ယခုနှစ် (၇၃) နှစ်မြောက် အပြည်ပြည်ဆိုင်ရာ လူ့အခွင့်အရေးနေ့ ဆောင်ပုဒ်မှာ "Equality – Reducing inequalities, advancing human right" ဖြစ်ပြီး မြန်မာလို "တန်းတူညီမျှဖို့ မညီမျှတာလျှော့ချကာ လူ့အခွင့်အရေးကိုမြှင့်တင်ကြ" ဟူ၍ဖြစ်သည်။ လူသားတိုင်း လူ့အခွင့်အရေး ရရှိခံစားနိုင်ရေးသည် ကျင့်ဝတ်သဘောလည်းပါရှိရာ ယခုနှစ် လူ့အခွင့်အရေးဆောင်ပုဒ်က ပို၍ပေါ်လွင်ထင်ရှားစေသည်။ မညီမျှမှုများကို လျှော့ချနိုင်ရန်မှာ ပိုမိုရယူထားသည်များကို လျှော့ချ၍ လိုအပ်သူများထံ ဖြည့်ဆည်းပေးနိုင်ဖို့ လိုအပ်သည်။ လတ်တလော ဥပမာအားဖြင့် ချမ်းသာသည့် နိုင်ငံကြီးများက ကိုဗစ်-၁၉ ကာကွယ်ဆေးများ အပိုဆောင်း ဝယ်ယူစုဆောင်းထားချိန်တွင် ဆင်းရဲသည့် နိုင်ငံငယ်များမှလူများ ကာကွယ်ဆေးထိုးနှံခွင့် မရှိသလောက် နည်းပါးနေသည့် အခြေအနေမျိုးပင်ဖြစ်သည်။

နိုင်ငံတစ်နိုင်ငံရှိ နိုင်ငံသူ နိုင်ငံသားများ အခြေခံလူ့အခွင့်အရေးများ ရရှိခံစားနိုင်ရေးအတွက် နိုင်ငံအေးချမ်းသာယာရေးနှင့် စီးပွားရေးဖွံ့ဖြိုးကောင်းမွန်ဖို့လိုသည်။ သို့မှသာ လုံခြုံစိတ်ချကြောက်ရွံ့မှုကင်းစွာ နေထိုင်နိုင်ခွင့်နှင့် မတောင့်မတ မကြောင့်မကြ ဖူလုံစွာ နေထိုင်နိုင်ခွင့်တို့ ရရှိနိုင်မည်ဖြစ်သည်။ ပဋိပက္ခများနှင့် တုန်လှုပ်ချောက်ချားနေသည့် အခြေအနေနှင့် စီးပွားရေးယန္တရားတို့ ရပ်ဆိုင်းကာ ဆင်းရဲမွဲတေနေသည့် အခြေအနေတို့ကို ဖန်တီးဖြစ်ပေါ်စေပါက လူ့အခွင့်အရေးတို့ ဆိတ်သုဉ်းပျောက်ကွယ်လိမ့်မည်ဟု ရှုမြင်မိပါကြောင်း။ ။

## ပြည်ပဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့မှစေလွှတ်သော ပညာတော်သင်ရဟန်းသံဃာများအနေဖြင့် ပြည်ပရေးရာအဖွဲ့သို့ဆက်သွယ်ဆောင်ရွက်နိုင်

ရန်ကုန် ဒီဇင်ဘာ ၈

ထေရဝါဒဗုဒ္ဓသာသနာတော်မြတ်ကြီး ပြည်တွင်း၌သာမက ပြည်ပသို့တိုင် ပြန့်ပွားစေရန်နှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့ အနေဖြင့် ပြည်ပသာသနာပြုလုပ်ငန်းများကို ပိုမိုထိရောက်စွာ ဆောင်ရွက်နိုင်ရန် အတွက် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၊ ပညာရေးနှင့် ပြည်ပရေးရာအဖွဲ့ငယ်၏ လက်အောက်တွင် ပြည်ပရေးရာ (ရုံးအဖွဲ့) ကို ၂၀၁၆ ခုနှစ်၊ နိုဝင်ဘာ ၁ ရက်မှစတင်၍ အောက်ဖော်ပြပါ ရည်ရွယ်ချက် (၄) ရပ်ဖြင့် ဖွဲ့စည်းခဲ့သည်-

(က) ထေရဝါဒဗုဒ္ဓသာသနာတော်ထွန်းကားပြန့်ပွားစေရန်၊
(ခ) ပြည်ပနိုင်ငံများရှိ ဘာသာရေးဆိုင်ရာ အဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် သာသနာရေးဆိုင်ရာ ကိစ္စရပ်များကို ပူးပေါင်းဆက်သွယ်ဆောင်ရွက်ရန်၊
(ဂ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ လုပ်ငန်းဆောင်ရွက်ချက်များ၊ နိုင်ငံတော်အတွင်းရှိ ထေရဝါဒဗုဒ္ဓဘာသာဆိုင်ရာ သတင်းအချက်အလက်များကို နိုင်ငံတော်သံဃမဟာနာယကအဖွဲ့၏ အင်တာနက်စာမျက်နှာ ဝက်ဘ်ဆိုဒ်မှတစ်ဆင့် ပြည်တွင်း/ပြည်ပသို့ သတင်းထုတ်ပြန်ရန်၊
(ဃ) နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များ၏ သာသနာပြုလုပ်ငန်းများကို ပံ့ပိုးကူညီဆောင်ရွက်ရန် တို့ဖြစ်သည်။

သို့ဖြစ်၍ ပြည်ပနိုင်ငံများရှိ ဗုဒ္ဓဘာသာအဖွဲ့အစည်းများ၊ ပုဂ္ဂိုလ်များနှင့် နိုင်ငံတော်သံဃမဟာနာယကအဖွဲ့က စေလွှတ်သော ပြည်ပရောက်ထေရဝါဒဗုဒ္ဓသာသနာပြု သံဃာတော်များအနေဖြင့် ပြည်ပရေးရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ အကူအညီလိုအပ်လာပါက ပြည်ပရေးရာအဖွဲ့၏ Website: www.mahana.org.mm ၊ Gmail: tharwi2016@gmail.com နှင့် ဦးသန်းအေးအောင်၊ ညွှန်ကြားရေးမှူး၊ ပြည်ပရေးရာအဖွဲ့၊ သာသနာရေးရာနှင့်ဝိနိစ္ဆယဌာနခွဲ၊ သာသနာရေးဦးစီးဌာန၊ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဖုန်းနံပါတ် ၀၉-၄၂၀၇၀၁၄၅၄ သို့ ဆက်သွယ်ဆောင်ရွက်နိုင်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

## နေပြည်တော် ဒက္ခိဏသီရိမြို့နယ်တွင် မိုးစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက်ရိတ်သိမ်း

နေပြည်တော် ဒီဇင်ဘာ ၈

**မိုးစပါး တစ်ဧကတင်း ၁၀၀ ထွက်ရှိရေး၊ တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက် ရိတ်သိမ်းပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ပြည်ထောင်စုနယ်မြေ နေပြည်တော် ဒက္ခိဏသီရိမြို့နယ် ညောင်ကုန်းကျေးရွာ၌ ကျင်းပသည်။**

အခမ်းအနားတွင် နေပြည်တော်ကောင်စီ ဥက္ကဋ္ဌ ဒေါက်တာ မောင်မောင်နိုင်က ပြည်ထောင်စုနယ်မြေ နေပြည်တော် ဧရိယာအတွင်း စိုက်ပျိုးမွေးမြူထုတ်လုပ်မှုနှင့် စားသုံးမှုဖူလုံရေး ဟန်ချက်ညီစေရန် စီမံဆောင်ရွက်လျက်ရှိသကဲ့သို့ လယ်ယာထွက်ကုန်အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများ ဖွံ့ဖြိုးလာရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ နိုင်ငံ၏ အဓိက ရိက္ခာသီးနှံဖြစ်သည့် ဆန်စပါး ဖူလုံပိုလျှံရေးအတွက် ဌာနဆိုင်ရာများ၊ ပုဂ္ဂလိကများ၊ တောင်သူများနှင့် သက်ဆိုင်သူအားလုံးတို့က မိမိတို့ကျရာ အခန်းကဏ္ဍများက ပူးပေါင်းကြိုးပမ်းလျက်ရှိနေကြမှုအပေါ် အသိအမှတ်ပြု ဂုဏ်ပြုပါကြောင်း၊ အလားတူ ပဲမျိုးစုံဆီထွက်သီးနှံနှင့် အခြားသော စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း အားသွန်ခွန်စိုက် ဆက်လက် ပူးပေါင်းပါဝင်ကြခြင်းဖြင့် ပြည်သူအများစုနေထိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးရေးနှင့် တောင်သူ လယ်သမားများ၏ လူနေမှုအဆင့်အတန်းမြင့်မားရေး ကြိုးပမ်းပေးကြပါရန် တိုက်တွန်းပါကြောင်း ပြောကြားသည်။

ဆက်လက်၍ ဒုတိယဝန်ကြီး ဒေါက်တာ အောင်ကြီးက ယခုကဲ့သို့ စိုက်ပျိုးဆောင်ရွက်သည့် စံပြကွက်များမှ စိုက်ပျိုးနည်းပညာများအား အစဉ်သဖြင့် လိုက်နာကျင့်သုံးပြီး တောင်သူအချင်းချင်း နည်းပညာဖလှယ်ခြင်းအားဖြင့် စိုက်ပျိုးနည်းပညာများကို တောင်သူများသိရှိပြီး ဝင်ငွေ ပိုမိုတိုးတက်ရရှိရေးအတွက် ကြိုးစားဆောင်ရွက်ကြရန်လိုအပ်ကြောင်း ဆွေးနွေးပြောကြားသည်။

မြန်မာနိုင်ငံ၌ နှစ်စဉ် မိုးစပါး ဧက ၁၅ သန်းခန့်နှင့် နွေစပါး ဧက ၂ သန်းကျော် စုစုပေါင်း ဧက ၁၇ သန်းခန့် စိုက်ပျိုးလျက်ရှိပြီး ဆန်စပါးကိုပြည်တွင်းစားသုံးမှု ဖူလုံပိုလျှံရေးနှင့် ပြည်ပတင်ပို့မှု တိုးမြှင့်နိုင်ရေးအတွက် တစ်ဧက အထွက်နှုန်း တိုးတက်ရေးကို အလေးထားဆောင်ရွက်လျက်ရှိရာ သမားရိုးကျ စိုက်ပျိုးနည်းစနစ်နှင့် ကွဲပြားခြားနားသော သိပ္ပံနည်းကျ စိုက်နည်းစနစ်များနှင့်အညီ ဆောင်ရွက်ကြရန် နိုင်ငံတော်အစိုးရ၏ လမ်းညွှန်ချက်နှင့်အညီ စပါးတစ်ဧက အထွက်နှုန်း သိသိသာသာ တိုးတက်လာစေရေး အတွက် သိပ္ပံနည်းကျ စိုက်နည်းစနစ်များကို တောင်သူများသိရှိနားလည်စေရန်နှင့် အဆိုပါနည်းစနစ်များအား တောင်သူအချင်းချင်း ဖလှယ်ခြင်းအားဖြင့် ကျယ်ကျယ်ပြန့်ပြန့် သိရှိနားလည်လာကြပြီး တစ်ဧက အထွက်နှုန်း အမြင့်ဆုံးထိ တိုးတက်ထွက်ရှိ လာစေရန် ရည်ရွယ်၍ သိပ္ပံနည်းကျစိုက်နည်းစနစ်ဖြင့် မိုးစပါး တစ်ဧက အထွက်နှုန်း တင်း ၁၀၀ ကျော် ထွက်ရှိသည့် တစ်ကွင်းတစ်စပ်တည်း စံပြကွက်များကို တိုင်းဒေသကြီး၊ ပြည်နယ် ၁၀ ခုတွင် စိုက်ပျိုး ပြသလျက်ရှိသကဲ့သို့ နေပြည်တော်ကောင်စီနယ်မြေ၌လည်း အထွက်နှုန်း တင်း ၁၀၀ နှင့် အထက်ထွက်ရှိသည့် မိုးစပါး ဧက ၁၀၀ စံပြကွက်ကို တောင်သူများအား နည်းပညာနှင့် သွင်းအားစုများပံ့ပိုး၍ စီမံချက်များဖြင့် ဆောင်ရွက်ခဲ့ခြင်း ဖြစ်သည်။

ပြည်ထောင်စု နယ်မြေ နေပြည်တော်တွင် ယခုနှစ် မိုးစပါး ဧက စုစုပေါင်း တစ်သိန်းခုနစ်သောင်းကျော် စိုက်ပျိုးခဲ့ပြီး ယနေ့အထိ ဧကခုနစ်သောင်းကျော် ရိတ်သိမ်းပြီးဖြစ်သည်။ ဒက္ခိဏသီရိမြို့နယ် မိုးစပါး တစ်ဧက တင်း ၁၀၀ ထွက်ရှိရေး၊ တစ်ကွင်းတစ်စပ်တည်း ဧက ၁၀၀ စံပြကွက်တွင် မနောသုခစပါးမျိုးကို စိုက်ပျိုးခဲ့ခြင်းဖြစ်ပြီး ယနေ့ကျင်းပသည့် စံကွက်ရိတ်သိမ်းပွဲတွင် တစ်ဧကလျှင် စပါးအစို ၁၃၃ တင်းနှုန်း၊ အခြောက် ၁၁၅ တင်းနှုန်း ထွက်ရှိကြောင်း သိရသည်။

သတင်းစဉ်



❒ *ရှေ့ဖုံးမှ*

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ရှေးဟောင်းတပ်မတော် ဧည့်ရိပ်သာများဖြစ်သည့် သဇင်မြိုင်၊ ချယ်ရီမြိုင်နှင့် ယုဇနမြိုင်တို့သို့ ရောက်ရှိကြပြီး ထိန်းသိမ်းထားရှိမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက လိုက်လံရှင်းလင်းတင်ပြကြသည်။ ရှင်းလင်းတင်ပြမှုများအပေါ် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ရှေးဟောင်းအဆောက်အဦများဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လိုအပ်သည့် အခြေအနေ၊ ထိန်းသိမ်းပြုပြင်မှုများအတွက် ငွေကြေးကုန်ကျမှုများရှိမည်ဖြစ်သော်လည်း သမိုင်းအမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မှတ်တမ်းများလည်း စနစ်တကျထားရှိရန် လိုအပ်သည့် အခြေအနေ၊ ထိန်းသိမ်းမှုဆောင်ရွက်ရာတွင် ထည့်သွင်းအသုံးပြုရန်လိုအပ်သည့် ပရိဘောဂများနှင့် အခြားအသုံးအဆောင်ပစ္စည်းများကို ရှေးဟောင်းလက်ရာပစ္စည်းများကိုသာ အတတ်နိုင်ဆုံး ရှာဖွေထည့်သွင်းသုံးစွဲရန်လိုအပ်သည့်အခြေအနေ၊ သဘာဝဘေးအန္တရာယ် ကာကွယ်တားဆီးရေးဆောင်ရွက်ထားရှိရန်နှင့် မီးဘေးအန္တရာယ်ကိုလည်း အထူးဂရုပြုထိန်းသိမ်းဆောင်ရွက်သွားရန်လိုအပ်သည့် အခြေအနေများနှင့် ပတ်သက်၍ တာဝန်ရှိသူများအားမှာကြားခဲ့ပြီး ဧည့်ရိပ်သာများ၏ အတွင်းပိုင်းနှင့်အပြင် ပတ်ဝန်းကျင်ထိန်းသိမ်းထားရှိမှုတို့ကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ သဇင်မြိုင် ထိန်းသိမ်းထားရှိမှုမှတ်တမ်းပုံများကို ကြည့်ရှုစစ်ဆေးစဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ရှေးဟောင်းတပ်မတော်ဧည့်ရိပ်သာ ယုဇနမြိုင် ထိန်းသိမ်းထားရှိမှုအခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

◆ ရှေးဟောင်းအဆောက်အဦများဖြစ်သည့်အတွက် မူလပုံစံမပျက် စနစ်တကျ ထိန်းသိမ်းစောင့်ရှောက်ရန် လို

◆ ထိန်းသိမ်းပြုပြင်မှုများအတွက် ငွေကြေးကုန်ကျမှုများ ရှိမည်ဖြစ်သော်လည်း သမိုင်းအမွေအနှစ်များဖြစ်သည့်အတွက် ထိန်းသိမ်းဆောင်ရွက်ရမည်ဖြစ်ပြီး မှတ်တမ်းများလည်း စနစ်တကျထားရှိ

## ဖြည့်စွက်ဆွေးနွေး

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ထုံးဘိုကျေးရွာရှိ ဒီဇင်ဘာ နွားမွေးမြူရေးနှင့် နို့ထွက်ပစ္စည်း ထုတ်လုပ်မှုလုပ်ငန်းသို့ ရောက်ရှိကြရာ လုပ်ငန်းရှင် ဦးစံလှက နို့စားနွား မွေးမြူထားရှိမှုအခြေအနေ၊ နို့နှင့် နို့ထွက်ပစ္စည်းထုတ်လုပ်မှု အခြေအနေနှင့် တိရစ္ဆာန်အစာပင် စိုက်ပျိုးထားရှိမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေး ကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က သိရှိလိုသည်များ မေးမြန်းပြီး လိုအပ်သည်များ ဖြည့်စွက်ဆွေးနွေးသည်။

*စာမျက်နှာ ၄ သို့*




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ပြင်ဦးလွင်ဒေသရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် မလိုင်လုပ်ငန်းရှင်များအား တွေ့ဆုံစဉ်။

*စာမျက်နှာ ၃ မှ*

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်က ပြင်ဦးလွင်ဒေသရှိ နို့စားနွားမွေးမြူရေးလုပ်ငန်းရှင်များနှင့် မလိုင်လုပ်ငန်းရှင်များအား ရင်းရင်းနှီးနှီး တွေ့ဆုံနှုတ်ဆက်ပြီး နို့စားနွားမွေးမြူရေး၊ မလိုင် ထုတ်လုပ်ခြင်းများနှင့် ပတ်သက်၍ ပြောကြားရာတွင် နို့ထွက်ပစ္စည်းများနှင့်ပတ်သက်၍ ပြင်ဦးလွင်မှ စံပြဆောင်ရွက်နိုင်ရမည်ဖြစ်ကြောင်း၊ မိမိတို့နိုင်ငံအတွက် လိုအပ်သည့် နို့ထွက်ပစ္စည်းများကို တစ်နှစ်လျှင် ဒေါ်လာ သန်း ၅၀ ဖိုးခန့် ပြည်ပမှ တင်သွင်းနေရကြောင်း၊ တပ်မတော်တွင်လည်း နို့စားနွားမွေးမြူရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း၊ မိမိတို့နိုင်ငံတွင် ရေခံမြေခံကောင်းများရှိပြီးဖြစ်သည့်အတွက် နွားမွေးမြူရေးလုပ်ငန်းများကို စနစ်တကျဆောင်ရွက်၍ နို့ထွက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပြည်ပငွေ သုံးစွဲမှုများကို လျှော့ချနိုင်မည်ဖြစ်ကြောင်း၊ နို့စားနွားများအား စနစ်တကျ မွေးမြူမည်ဆိုပါက ပြင်ဦးလွင်ဒေသသည် အောင်မြင်နိုင်သည့် ဒေသတစ်ခု ဖြစ်သဖြင့် အောင်မြင်အောင် ဆောင်ရွက်စေလိုကြောင်း၊ မွေးမြူရာ၌ စားကျက်မြေ၌ လွှတ်ကျောင်း၍ မွေးမြူခြင်း၊ လှန်၍ မွေးမြူခြင်းနှင့် အခန်းတွင်းလှောင်၍မွေးမြူခြင်းဟူ၍ရှိပြီး လှောင်၍ မွေးမြူခြင်းကို စနစ်ကျနစွာ လုပ်ဆောင်ပါက ပိုမိုအောင်မြင်နိုင်မည်ဖြစ်ကြောင်း၊ နွားစာ အစာစိမ်းနှင့်ပတ်သက်၍ ပြောင်း၊ စပါး၊ ပဲ၊ ဘာလီ၊ ဂျုံများဖြင့် အစာစိမ်းပြုလုပ်၍ ကျွေးမွေး၍ရကြောင်း၊ မွေးမြူခြင်းနှင့် အစာကျွေးခြင်းများကို စနစ်တကျ ဆောင်ရွက်မည်ဆိုပါက နို့ထွက်နှုန်းများ တိုးတက်ပြီး အကျိုးဖြစ်ထွန်းစေမည်ဖြစ်ကြောင်း။

**ပိုမိုအကျိုး ဖြစ်ထွန်းမည်**

မလိုင်ထုတ်လုပ်ခြင်းနှင့်ပတ်သက်၍ ပြင်ဦးလွင်ဒေသသည် မလိုင်ထုတ်လုပ်မှု ကောင်းမွန်သည့် ဒေသတစ်ခုဖြစ်ကြောင်း၊ ထုတ်လုပ်သည့် မလိုင်များ အရည်အသွေး ကောင်းမွန်စေရန်နှင့် ထုပ်ပိုးမှုစနစ်များ ကောင်းမွန်အောင် ဆောင်ရွက်၍ နိုင်ငံတစ်ဝန်း ဖြန့်ဖြူးရောင်းချနိုင်ရေး ဆောင်ရွက်ရန်လိုကြောင်း၊ နို့ကိုအခြေခံသည့် ထုတ်ကုန်ပစ္စည်းများနှင့် ဒေသထွက်သီးနှံများကို အသုံးပြု၍ တန်ဖိုးမြင့်စားသောက်ကုန်ပစ္စည်းများ ထုတ်လုပ်နိုင်မည်ဆိုပါက ပိုမိုအကျိုးဖြစ်ထွန်းမည်ဖြစ်ကြောင်း၊ နိုင်ငံတော်အစိုးရအနေဖြင့် တတ်နိုင်သည့်ဘက်မှ ကူညီဆောင်ရွက်ပေးမည်ဖြစ်ပြီး အိမ်တွင်း အသေးစားစက်မှုလုပ်ငန်း (SME) များကိုလည်း နိုင်ငံတော်အစိုးရမှ ကူညီဖော်ဆောင်ပေးလျက်ရှိကြောင်း၊ မွေးမြူရေးအတွက် ခွင့်ပြုပေးထားသည့် မြေများကိုလည်း စနစ်တကျ အသုံးပြုစေလိုကြောင်း၊ နိုင်ငံအတွင်း နွားနို့၊ ဒိန်ချဉ်နှင့် မလိုင် စသည့် နို့ထွက်ပစ္စည်းများ ပေါများအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံသားများအတွက် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသတွင် နို့စားနွားများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလိုကြောင်း တိုက်တွန်း ပြောကြားသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့်အဖွဲ့ဝင်များ ပြင်ဦးလွင်ဒေသရှိ နို့စားနွားများ မွေးမြူထားမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးစဉ်။

**“နိုင်ငံအတွင်း နွားနို့၊ ဒိန်ချဉ်နှင့် မလိုင် စသည့် နို့ထွက်ပစ္စည်းများ ပေါများအောင် ထုတ်လုပ်နိုင်ခြင်းဖြင့် နိုင်ငံသားများအတွက် အာဟာရပြည့်ဝစွာဖြင့် စားသုံးနိုင်မည်ဖြစ်သဖြင့် ပြင်ဦးလွင်ဒေသတွင် နို့စားနွားများကို စနစ်တကျဖြင့် မွေးမြူဆောင်ရွက်စေလို”**

**ညှိနှိုင်းဆောင်ရွက်ပေး**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် အစာစပ်လုပ်ငန်းလုပ်ဆောင်ထားရှိမှု၊ နွားများကို အသက်အရွယ် အပိုင်းအခြားအလိုက် အမျိုးအစားခွဲ၍ မွေးမြူထားရှိမှု၊ နို့ထုတ်ယူနေမှု၊ ထုတ်ယူရရှိသည့် နို့များမှ နို့ထုတ်ကုန်ပစ္စည်းများ ထုတ်လုပ်နေမှု အခြေအနေများကို လိုက်လံ ကြည့်ရှုပြီး နည်းပညာပိုင်းဆိုင်ရာ လိုအပ်ချက်များကို ဆွေးနွေးပြောကြားကာ လိုအပ်သည်များ ညှိနှိုင်းဆောင်ရွက်ပေးသည်။

**ပြန်လည်ဆွေးနွေး**

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် နောင်ခမ်းကြီးကျေးရွာရှိ ရှမ်း(မ်)မလိုင် မလိုင်ထုတ်လုပ်ရေးလုပ်ငန်းသို့ ရောက်ရှိကြပြီး လုပ်ငန်းရှင် ဦးမြတ်သိန်းငွေ၏ မလိုင်ထုတ်လုပ်ပုံအဆင့်ဆင့် ရှင်းလင်းပြောကြားမှုများအပေါ် သိရှိလိုသည်များ ပြန်လည်ဆွေးနွေးသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်နှင့် အဖွဲ့ဝင်များသည် ပြင်ဦးလွင်မြို့ နာရီစင်အနီးရှိ ပါရမီမလိုင်မုန့်ဆိုင်သို့ သွားရောက်၍ နို့ထွက်ပစ္စည်းများ ရောင်းချနေမှု၊ ဈေးကွက်ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုအားပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ နောင်ခမ်းကြီးကျေးရွာရှိ ရှမ်း(မ်)မလိုင် မလိုင်ထုတ်လုပ်ရေးလုပ်ငန်း၌ ထုတ်လုပ်ပုံအဆင့်ဆင့်ကို ကြည့်ရှုစဉ်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် အဖွဲ့ဝင်များ ပါရမီမလိုင်မုန့်ဆိုင်၌ နို့ထွက်ပစ္စည်းများ ရောင်းချနေမှု၊ ဈေးကွက်ဖြန့်ဖြူးနေမှု အခြေအနေများကို ကြည့်ရှုအားပေးစဉ်။



ရှေးဟောင်း ချယ်ရီမြိုင် တပ်မတော်ဧည့်ရိပ်သာအား မပြုပြင်မီ တွေ့ရှိရပုံ(ရှေ့)။



ရှေးဟောင်း ချယ်ရီမြိုင် တပ်မတော်ဧည့်ရိပ်သာအား ပြုပြင်ပြီးတွေ့ရှိရပုံ(ရှေ့)။



ရှေးဟောင်း ချယ်ရီမြိုင် တပ်မတော်ဧည့်ရိပ်သာအား မပြုပြင်မီတွေ့ရှိရပုံ (နောက်)။



ရှေးဟောင်း ချယ်ရီမြိုင် တပ်မတော်ဧည့်ရိပ်သာအား ပြုပြင်ပြီးတွေ့ရှိရပုံ(နောက်)။



ရှေးဟောင်း သဇင်မြိုင် တပ်မတော်ဧည့်ရိပ်သာအား မပြုပြင်မီတွေ့ရှိရပုံ။



ရှေးဟောင်း သဇင်မြိုင် တပ်မတော်ဧည့်ရိပ်သာအား ပြုပြင်ပြီးတွေ့ရှိရပုံ။



ရှေးဟောင်း ယုဇနမြိုင် တပ်မတော်ဧည့်ရိပ်သာအား မပြုပြင်မီတွေ့ရှိရပုံ။



ရှေးဟောင်း ယုဇနမြိုင် တပ်မတော်ဧည့်ရိပ်သာအား ပြုပြင်ပြီးတွေ့ရှိရပုံ။

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General VONG PISEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေး

## နှစ်နိုင်ငံအစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန် သွားရောက်ခဲ့မှုအခြေအနေနှင့် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေများ အမြင်ချင်းဖလှယ်




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ကမ္ဘောဒီးယားဘုရင့် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် General VONG PISEN တို့ Video Conferencing ဖြင့် တွေ့ဆုံဆွေးနွေးစဉ်။

နေပြည်တော် ဒီဇင်ဘာ ၈

**နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်သည် ကမ္ဘောဒီးယားဘုရင့် တပ်မတော်ကာကွယ်ရေး ဦးစီးချုပ် General VONG PISEN နှင့် ယနေ့ညနေပိုင်းတွင် Video Conferen-cing ဖြင့် တွေ့ဆုံဆွေးနွေးသည်။**

### အာဆီယံပဋိညာဉ်များလိုက်နာရန်လို

ထိုသို့တွေ့ဆုံဆွေးနွေးရာတွင် ကမ္ဘောဒီးယားနိုင်ငံနှင့် မြန်မာနိုင်ငံတို့သည် လူမျိုး၊ ယဉ်ကျေးမှုတို့တွင် အခြေခံအားဖြင့် တူညီမှုရှိပြီး ဗုဒ္ဓဘာသာကိုးကွယ်မှုတွင်လည်း တူညီမှုရှိကာ ကောင်းမွန်သည့် ဆက်ဆံရေးသမိုင်းကြောင်းရှိခဲ့သည့် အခြေအနေ၊ CLMV အဖွဲ့ဝင် နိုင်ငံများလည်းဖြစ်ကာ မဲခေါင်ဒေသခွဲ GMS အဖွဲ့ဝင်နိုင်ငံများလည်းဖြစ်သည့် အခြေအနေ၊ မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နားလည်မှုအပြည့်ဖြင့် ရပ်တည်ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုအတွက် မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်သည့်ကဏ္ဍများတွင် အပြည့်အဝပါဝင် ကူညီဆောင်ရွက်ပေးသွားမည့်အခြေအနေ၊ အာဆီယံနိုင်ငံများ အချင်းချင်းစည်းလုံးညီညွတ်ရန်နှင့် အာဆီယံပဋိညာဉ်များကို အာဆီယံနိုင်ငံများအားလုံး လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး အချို့သောနိုင်ငံများက အာဆီယံပဋိညာဉ်အား ချိုးဖောက်ဆောင်ရွက်မှုများကြောင့် အဖွဲ့ဝင်နိုင်ငံများအားလုံးအပေါ် ထိခိုက်မှုရှိနိုင်သည့် အခြေအနေ။

### ရင်းနှီးမှုများပိုမိုတိုးမြင့်လာစေမည်

နှစ်နိုင်ငံနှင့် နှစ်နိုင်ငံ တပ်မတော်နှစ်ရပ်အကြား သံတမန်ဆက်ဆံရေးနှင့် ချစ်ကြည်ရင်းနှီးမှုဆိုင်ရာ ကိစ္စရပ်များ၊ တွေ့ဆုံဆွေးနွေးမှုများကို ဆောင်ရွက်ခြင်းအားဖြင့် ချစ်ကြည်ရင်းနှီးမှုများ ပိုမိုတိုးမြင့်လာစေမည်ဖြစ်ပြီး ဒေသတွင်း တည်ငြိမ်အေးချမ်းရေးဆိုင်ရာကိစ္စရပ်များ၊ မူးယစ်ဆေးဝါးနှင့် နယ်စပ်ဖြတ်ကျော်မှုခင်းနှိမ်နင်းရေးဆိုင်ရာများ၊ သဘာဝဘေးအန္တရာယ် ကူညီကယ်ဆယ်ရေးဆိုင်ရာများ၊ ကိုဗစ်-၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ကုသရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်မှုများ ပိုမိုတိုးမြှင့်လုပ်ဆောင်နိုင်မည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါ ကူးစက်မှုကြောင့် ကဏ္ဍအသီးသီးတွင် ထိခိုက်ခဲ့ရသည့် အခြေအနေ၊ နှစ်နိုင်ငံ အစိုးရနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များ အပြန်အလှန်သွားရောက်ခဲ့မှုအခြေအနေနှင့် နယ်ပယ်ကဏ္ဍပေါင်းစုံတွင် ပူးပေါင်းဆောင်ရွက်မှုများကို ဆက်လက်ဆောင်ရွက်နိုင်မည့်အခြေအနေ၊ ကိုဗစ်-၁၉ ရောဂါကာကွယ်ရေးဆိုင်ရာများတွင် ပူးပေါင်းဆောင်ရွက်ရေးအတွက် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ ဆေးကုသရေးအဖွဲ့များ မြန်မာနိုင်ငံသို့ လာရောက်မည့် အခြေအနေ၊ ကမ္ဘောဒီးယားနိုင်ငံ၌ ကိုဗစ် - ၁၉ ရောဂါ ကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ရာတွင် ကမ္ဘောဒီးယားဘုရင့် တပ်မတော်မှ စွမ်းစွမ်းတမံ ကူညီဆောင်ရွက်ပေးမှုကြောင့် ရောဂါကူးစက်မှုများ လျော့နည်းခဲ့မှုကို မြန်မာနိုင်ငံအနေဖြင့် ဝမ်းမြောက်ဂုဏ်ယူပြီး မြန်မာနိုင်ငံ၌လည်း ရောဂါကာကွယ်ထိန်းချုပ် ကုသရေးလုပ်ငန်းများကို အစိုးရ၊ တပ်မတော်နှင့် ပြည်သူတစ်ရပ်လုံး ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်မှုကြောင့် ရောဂါကူးစက်မှုများ လျော့နည်းကျဆင်းလျက်ရှိသည့် အခြေအနေ၊ ကမ္ဘာ့နိုင်ငံအချို့တွင် ဖြစ်ပေါ်နေသည့် အိုမီခရွန် ကိုဗစ်-၁၉ ဗီဇပြောင်းရောဂါပိုး ကာကွယ်ရေးဆိုင်ရာများတွင်လည်း နှစ်နိုင်ငံပူးပေါင်း ဆောင်ရွက်သွားမည့် အခြေအနေ။

> **“မြန်မာနိုင်ငံ၏ နိုင်ငံရေးဖြစ်ပေါ် ပြောင်းလဲမှုအခြေအနေနှင့် ရခိုင်ပြည်နယ် အရေးကိစ္စရပ်များတွင် ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် နားလည်မှုအပြည့်ဖြင့် ရပ်တည်ဆောင်ရွက်ပေးခဲ့မှုအခြေအနေ၊ ကမ္ဘောဒီးယားနိုင်ငံအနေဖြင့် အာဆီယံအလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်မှုအတွက် မြန်မာနိုင်ငံအနေဖြင့် တတ်နိုင်သည့်ကဏ္ဍများတွင် အပြည့်အဝပါဝင်ကူညီဆောင်ရွက်ပေးသွားမည့် အခြေအနေများ အမြင်ချင်းဖလှယ်ဆွေးနွေး”**

### အမြင်ချင်းဖလှယ်ဆွေးနွေး

၂၀၂၂ ခုနှစ် မတ်လအတွင်း ကမ္ဘောဒီးယားနိုင်ငံ၌ ကျင်းပပြုလုပ်မည့် (၁၉) ကြိမ်မြောက် အာဆီယံ ကာကွယ်ရေးဦးစီးချုပ်များ အစည်းအဝေးအပါအဝင် အာဆီယံဆိုင်ရာ အစည်းအဝေးများနှင့် နှစ်နိုင်ငံနှင့် တပ်မတော်နှစ်ရပ်အကြား ချစ်ကြည်ရေးခရီးစဉ်များအတွက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့် တပ်မတော်အရာရှိကြီးများအနေဖြင့် ကိုယ်တိုင်တက်ရောက်နိုင်ရေး ဖိတ်ကြားသည့်အခြေအနေ၊ နှစ်နိုင်ငံ ရေတပ်နှစ်ရပ်အကြား စစ်ရေယာဉ်များ အပြန်အလှန် ချစ်ကြည်ရေးခရီးစဉ်စေလွှတ်နိုင်ရေး ဆောင်ရွက်မည့် အခြေအနေများအား ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ်ဆွေးနွေးခဲ့ကြပြီး နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေး ဦးစီးချုပ်က ကမ္ဘောဒီးယားနိုင်ငံမှ အာဆီယံ အလှည့်ကျဥက္ကဋ္ဌ တာဝန်ထမ်းဆောင်ချိန်တွင် အာဆီယံနိုင်ငံများ၏ ဘုံအကျိုးစီးပွားကို အနှောင်အဖွဲ့ကင်းကင်းဖြင့် ဖော်ဆောင်နိုင်ရေးအတွက် အာဆီယံပဋိညာဉ်နှင့်အညီ ဆောင်ရွက်နိုင်ပါစေကြောင်း တိုက်တွန်းပြောကြားခဲ့သည်။

### တက်ရောက်

အဆိုပါတွေ့ဆုံပွဲသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ စစ်ဦးစီးအရာရှိချုပ်(ကြည်း) ဒုတိယဗိုလ်ချုပ်ကြီး မိုးမြင့်ထွန်းနှင့် စစ်ဘက်ရေးရာ လုံခြုံရေး အရာရှိချုပ် ဒုတိယဗိုလ်ချုပ်ကြီး ရဲဝင်းဦးတို့ တက်ရောက်ကြပြီး ကမ္ဘောဒီးယားဘုရင့်တပ်မတော် ကာကွယ်ရေးဦးစီးချုပ်နှင့်အတူ ကမ္ဘောဒီးယားဘုရင့် တပ်မတော်မှ သုတေသနနှင့် ထောက်လှမ်းရေးဌာနအကြီးအကဲ Lieutenant General Hann Sovann၊ ကမ္ဘောဒီးယားနိုင်ငံဆိုင်ရာ မြန်မာစစ်သံ (ကြည်း၊ ရေ၊ လေ) ဗိုလ်မှူးချုပ် သူရလှမင်းနှင့် ကမ္ဘောဒီးယားဘုရင့်တပ်မတော်မှ တာဝန်ရှိသူများ တက်ရောက်ခဲ့ကြကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

## ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေး

“အတိတ်ကိုမသိလျှင် ထပ်ကျော့အမှားတွေ ကျူးလွန်နိုင်သည်။ ထို့အတူ အတိတ်ကို အစွဲသန်လွန်းလျှင်လည်း အနာဂတ်လမ်းပျောက်နိုင်သည်” ဆိုသည့်စကားရပ်အား သတိချပ်စေလိုသည်။ နိုင်ငံတော်အစိုးရသည် ကျရောက်မည့် စိန်ရတုပြည်ထောင်စုနေ့၊ စိန်ရတုလွတ်လပ်ရေးနေ့မတိုင်မီ၌ ပြည်ထောင်စုစိတ်ဓာတ် ရှင်သန်ခိုင်မာစေရေးလုပ်ငန်းစဉ်နှင့် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား ပိုမိုတိုးမြှင့် ဆောင်ရွက်သွားမည်ဖြစ်သည်။


**(ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ၁၅-၁၀-၂၀၂၁ ရက်နေ့တွင် တစ်နိုင်ငံလုံး ပစ်ခတ်တိုက်ခိုက်မှု ရပ်စဲရေး သဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၆) နှစ်မြောက် နှစ်ပတ်လည်နေ့သို့ ပေးပို့သည့် သဝဏ်လွှာမှ ကောက်နုတ်ချက်)**

# နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင် ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ် သွားရောက်

## အာဆီယံမိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေးစိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံမူဘောင်အောက်တွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားရေး ဆွေးနွေး

နေပြည်တော် ဒီဇင်ဘာ ၈

ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက်ဆုတ်ခွန်း၏ ဖိတ်ကြားချက်အရ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌနှင့် နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်၏ အထူးကိုယ်စားလှယ်အဖြစ် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်သည် ဒီဇင်ဘာ ၆ ရက်မှ ၇ ရက်အထိ ကမ္ဘောဒီးယားနိုင်ငံသို့ အလုပ်သဘောခရီးစဉ်သွားရောက်ခဲ့သည်။



### ဂါရဝပြုတွေ့ဆုံ

ဖနောင်ပင်မြို့သို့ ရောက်ရှိနေစဉ်အတွင်း ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဝန်ကြီးချုပ် ဆမ်ဒက်ဟွန်ဆင်အား ဂါရဝပြု တွေ့ဆုံပြီး မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးသည့် ဆက်ဆံရေးနှင့် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးတက်ခိုင်မာစေရေး သာမက အာဆီယံနည်းလမ်းနှင့် စိတ်ဓာတ်ကို အခြေခံလျက် အာဆီယံအလှည့်ကျဥက္ကဋ္ဌအဖြစ် တာဝန်ယူဆောင်ရွက်စဉ်ကာလအတွင်း ဦးစားပေးပူးပေါင်းဆောင်ရွက်မှု နယ်ပယ်များနှင့် စပ်လျဉ်း၍ ဆွေးနွေးခဲ့ကြသည်။

### အကျိုးတူပူးပေါင်း

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်း ဆောင်ရွက်ရေးဝန်ကြီး မစ္စတာပရက်ဆုတ်ခွန်းနှင့်လည်း တွေ့ဆုံခဲ့သည်။ (ဝဲပုံ) ယင်းသို့ တွေ့ဆုံစဉ် မြန်မာနိုင်ငံနှင့် ကမ္ဘောဒီးယားနိုင်ငံတို့ အကြား ရှိရင်းစွဲ ချစ်ကြည်ရင်းနှီးမှုနှင့် နှစ်နိုင်ငံဆက်ဆံရေး ပိုမိုတိုးတက်ခိုင်မာစေရေး၊ နှစ်နိုင်ငံအကြား အကျိုးတူပူးပေါင်းဆောင်ရွက်မှုများ တိုးမြှင့်အကောင်အထည်ဖော် သွားနိုင်မည့် အလားအလာများနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတို့တွင် နီးကပ်စွာ ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးဆိုင်ရာကိစ္စရပ်များနှင့်စပ်လျဉ်း၍ ရင်းနှီးပွင့်လင်းစွာ အမြင်ချင်း ဖလှယ်ခဲ့ကြသည်။

### ရှင်းလင်းပြောကြား

ထို့ပြင် မြန်မာ-အာဆီယံ ပူးပေါင်း ဆောင်ရွက်ရေးနှင့် အာဆီယံ မိသားစုစိတ်ဓာတ်နှင့် စည်းလုံးညီညွတ်ရေး စိတ်ဓာတ်တို့ကို အခြေခံလျက် အာဆီယံမူဘောင်အောက်တွင် ဆက်လက်ပူးပေါင်း ဆောင်ရွက်သွားရေးကိစ္စတို့ကိုလည်း ဆွေးနွေးခဲ့ကြသည်။ ယင်းတွေ့ဆုံမှုအတွင်း ပြည်ထောင်စုဝန်ကြီးသည် မြန်မာနိုင်ငံ၏ နိုင်ငံခြားရေးမူဝါဒ၊ နောက်ဆုံးဖြစ်ပေါ် တိုးတက်မှုများနှင့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီမှ ချမှတ်ထားသည့် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များကိုလည်း ရှင်းလင်းပြောကြားခဲ့သည်။

### နေ့လယ်စာစားပွဲ တက်ရောက်

ပြည်ထောင်စုဝန်ကြီး နှင့် မြန်မာကိုယ်စားလှယ်အဖွဲ့သည် မွန်းလွဲပိုင်းတွင် ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးနှင့် အပြည်ပြည်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးက တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့သည်။

### ပြန်လည်ရောက်ရှိ

ပြည်ထောင်စုဝန်ကြီး နှင့် ကိုယ်စားလှယ်အဖွဲ့သည် ညနေပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်မြို့ ရေဆိုးသန့်စင်မှုစနစ်နှင့် မြေဩဇာထုတ်လုပ်မှုလုပ်ငန်းများ ရန်ကုန်မြို့တော်ဝန် ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဒီဇင်ဘာ ၈**

ရန်ကုန်မြို့တော် စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ (မြို့တော်ဝန်) ဦးဗိုလ်ဌေးသည် တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၇ နာရီက ဗိုလ်တထောင်မြို့နယ် သန်လျက်စွန်းရှိ အင်ဂျင်နီယာဌာန (ရေနှင့်သန့်ရှင်းမှု)၊ ရေဆိုးသန့်စင်စက်ရုံ၌ စက်ရုံတာဝန်ခံက ရေဆိုးသန့်စင်စက်ရုံ၏ နေ့စဉ် လုပ်ငန်းဆောင်ရွက်နေမှုများ၊ လက်ရှိမိလ္လာရည်တွင် ဒြပ်ဝတ္ထုနှင့် ပိုးမွှားပါဝင်မှု၊ မူလရေဆိုး၏ အောက်ဆီဂျင်ပါဝင်မှု ပမာဏ (Biochemical Oxygen Demand – BOD) နှင့် အနည်အဖတ် (Suspended Solids – SS) ပါဝင်မှု၊ သန့်စင်ပြီးရေ အရည်အသွေးနှင့် အဖတ် Sludge ထွက်ရှိမှု၊ Sludge အား Sundried Tank တွင် အခြောက်ခံ၍ မြေဩဇာထုတ်လုပ်နေမှုနှင့်လက်တွေ့အသုံးပြုဆောင်ရွက်နေမှုများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ရေဆိုးတွင်ပါဝင်သည့် ဓာတုပစ္စည်းများကြောင့် ပန့်၊ ပိုက်လိုင်းနှင့် စက်ကိရိယာများ ပျက်စီးမှုအား ပြုပြင်ထိန်းသိမ်းကြံ့ခိုင်ရေး ဆောင်ရွက်ခြင်းနှင့် အစားထိုးလဲလှယ်တပ်ဆင်ခြင်းဆောင်ရွက်ရန်၊ ထွက်ရှိသည့် မြေဩဇာသည် အခြားဓာတ်မြေဩဇာများထက် အရည်အသွေး ပိုမိုကောင်းမွန်သဖြင့် Mass Production ထုတ်လုပ်ဖြန့်ဖြူးရန် မှာကြားသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ရေဆိုးသန့်စင်စက်ရုံအတွင်း ရေဆိုးသန့်စင်မှုစနစ်၊ သန့်စင်ပြီးရေဆိုးအား ရန်ကုန်မြစ်အတွင်း စွန့်ထုတ်မှုစနစ်၊ ကြွင်းကျန်သည့် အနည်အဖတ်များမှ မြေဩဇာထုတ်လုပ်မှုစနစ်၊ ဓာတ်ခွဲခန်းတွင် စစ်ဆေးတိုင်းတာသည့် စနစ်များကို လိုက်လံကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ မှာကြားဖြည့်ဆည်းဆောင်ရွက်ပေးသည်။

ထို့နောက် မြို့တော်ဝန်နှင့်အဖွဲ့သည် ဒဂုံမြို့နယ် ပြည်သူ့ရင်ပြင်နှင့် ပြည်သူ့ဥယျာဉ်အတွင်း ပန်းဥယျာဉ်နှင့် အားကစားကွင်းများဌာနမှ EM Bokashi မြေဩဇာထုတ်လုပ်နေမှုကို ကြည့်ရှု စစ်ဆေးပြီး **(အပေါ်ပုံ)** လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။



**သတင်းစဉ်**

## ❑ ယခုပြုလုပ်သည့် စိစစ်ရေးအဖွဲ့အစည်းအဝေးက ထပ်မံစိစစ်ပြီး အစည်းအဝေး ဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်

❖ *ကျောဖုံးမှ*

စိစစ်ရေးအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။ ရှေးဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၊ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက အမှာစကားပြောကြားရာတွင် "ယနေ့ကျင်းပသည့် အစည်းအဝေးသည် ၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့" အစည်းအဝေးဖြစ်ကြောင်း။

### ချီးမြှင့်ပေးသွားမည်

နိုင်ငံတော်အစိုးရအနေဖြင့် နိုင်ငံတော်ကို တည်ဆောက်ရာတွင် ကဏ္ဍပေါင်းစုံမှ မဆုတ်မနစ်သော ဇွဲ၊ လုံ့လ၊ ဝီရိယကြီးမားစွာဖြင့် စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသည့် ပုဂ္ဂိုလ်များ၊ အမျိုးသားရေးမူဝါဒဖြစ်သော ဒို့တာဝန်အရေးသုံးပါးကို ကာကွယ်စောင့်ရှောက်ရာ၌ သက်စွန့်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသည့် ပုဂ္ဂိုလ်များ၊ ရပ်ရွာအေးချမ်းသာယာရေးနှင့်တရားဥပဒေစိုးမိုးရေး၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သောနိုင်ငံတော်ဖြစ်ပေါ်လာစေရေးအတွက် နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဦးတည်ချက်များနှင့်အညီ ထူးခြားစွာ အားထုတ်ကြိုးပမ်းဆောင်ရွက်ခဲ့ကြသော ပုဂ္ဂိုလ်များ၊ သိပ္ပံပညာ၊ ဝိဇ္ဇာပညာနှင့် အခြားသော ပညာရပ်တစ်ခုခုတွင် ကမ္ဘာ့အဆင့်မီ အောင်မြင်စွာ တီထွင်ဖန်တီးစွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်များ၊ စာပေနှင့် အနုသုခုမပညာရပ်များတွင် ထူးခြားကောင်းမွန်စွာ တတ်မြောက်သူပုဂ္ဂိုလ်များအား ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ ခေတ်မီဖွံ့ဖြိုးတိုးတက်သော နိုင်ငံတော်ကို တည်ဆောက်ရာတွင် သက်ဆိုင်ရာကဏ္ဍအလိုက် ရှေ့ဆောင်ရှေ့ရွက်ပြုပြီး ထူးချွန်စွာ စွမ်းစွမ်းတမံ ကြိုးပမ်းဆောင်ရွက်ကြသော ပုဂ္ဂိုလ်များနှင့် သက်ဆိုင်ရာပညာရပ်ဖြင့် နိုင်ငံတော်နှင့် လူ့စွမ်းအား အရင်းအမြစ်များ ဖွံ့ဖြိုးတိုးတက်ရေးအတွက် အကျိုးပြုကြသောပုဂ္ဂိုလ်များကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ် (၁၂)မျိုးကိုလည်းကောင်း ချီးမြှင့်အပ်နှင်းနိုင်ရေး "ပဏာမစိစစ်ရေးအဖွဲ့များ"နှင့် "စိစစ်ရေးအဖွဲ့"တို့က အဆင့်ဆင့်စိစစ်ပြီး ၂၀၂၂ ခုနှစ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီရုံးက အမိန့်ကြော်ငြာစာထုတ်ပြန်၍ ချီးမြှင့်ပေးသွားမည်ဖြစ်ကြောင်း။

၂၀၂၁ ခုနှစ်ကာလအတွင်း နိုင်ငံတော်ကို ထူးကဲစွာ အကျိုးပြုသည့်ဂုဏ်ပြုချီးမြှင့်ထိုက်သူ လူပုဂ္ဂိုလ်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များနှင့် နိုင်ငံ့ဝန်ထမ်းများကို ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအပြင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၏ လမ်းညွှန်ချက်နှင့်အညီ ယခုအစိုးရတာဝန်ယူ ဆောင်ရွက်စဉ်ကာလအတွင်း တာဝန်ထမ်းဆောင်ခဲ့ကြသည့် ဝန်ထမ်းများအနက် မိမိ၏အသက်အန္တရာယ်ကို မငဲ့ကွက်ဘဲ စွမ်းစွမ်းတမံကြိုးပမ်းဆောင်ရွက်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကို မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များကိုလည်းကောင်း၊ သက်ဆိုင်ရာကဏ္ဍအလိုက် စွမ်းစွမ်းတမံ တာဝန်ထမ်းဆောင်ခဲ့ကြသော နိုင်ငံ့ဝန်ထမ်းများကို စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်နိုင်ရေးအတွက် ၂၀၀၉ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်၊ ၂၀၁၄ ခုနှစ်၊ ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များဆိုင်ရာ ပြဋ္ဌာန်းချက်ကို ဖြည့်စွက်ပြဋ္ဌာန်းချက်များနှင့်အညီ စိစစ်ဆောင်ရွက်သွားမည်ဖြစ်ပြီး ယခုပြုလုပ်သည့် စိစစ်ရေးအဖွဲ့အစည်းအဝေးက ထပ်မံစိစစ်ပြီး အစည်းအဝေးဆုံးဖြတ်ချက်များနှင့်အညီ ဂုဏ်ပြုချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့ အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

### ဆက်လက်တင်ပြသွားမည်

ထို့အတူ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်များနှင့် စပ်လျဉ်း၍ နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီး သို့မဟုတ် ပြည်နယ်အစိုးရအဖွဲ့များနှင့် နိုင်ငံခြားသံရုံးများမှ စိစစ်ပေးပို့လာသော ရဟန်း၊ သီလရှင်၊ ဥပါသကာ လူပုဂ္ဂိုလ်များအား ဆက်ကပ်လှူဒါန်းနိုင်ရေးအတွက် "သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော် ဆက်ကပ်အပ်နှင်းရေးဆိုင်ရာ စိစစ်ရေးအဖွဲ့" က စိစစ်ပြီး တင်ပြလာမှုအပေါ် သာသနာတော်ဆိုင်ရာဘွဲ့တံဆိပ်တော်များဆက်ကပ်အပ်နှင်းခြင်း ဂုဏ်အင်္ဂါအရည်အချင်း သတ်မှတ်ချက်များနှင့်အညီ ဝိုင်းဝန်းစိစစ်ပြီး ၂၀၂၂ ခုနှစ်တွင် ဆက်ကပ်လှူဒါန်းချီးမြှင့်နိုင်ရေး ပြည်ထောင်စုအစိုးရအဖွဲ့အစည်းအဝေးသို့ ဆက်လက်တင်ပြသွားမည်ဖြစ်ကြောင်း။

နှစ်စဉ် ဇန်နဝါရီလ ၄ ရက် လွတ်လပ်ရေးနေ့တွင် ချီးမြှင့်အပ်နှင်းလျက်ရှိသော ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များနှင့် စပ်လျဉ်း၍ ကာကွယ်ရေးဝန်ကြီးဌာန၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနတို့မှ ပဏာမစိစစ်ပြီး တင်ပြလာသည့် ချီးမြှင့်သင့် ချီးမြှင့်ထိုက်သော ရဟန်းတော်များ၊ သီလရှင်များ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ ဝန်ထမ်းများနှင့် ရရှိသင့်ရရှိထိုက်သော ပုဂ္ဂိုလ်များ မကျန်ရှိစေရေးနှင့် ထိုသို့ချီးမြှင့်အပ်နှင်းခံရမည့် ပုဂ္ဂိုလ်များ၏ အရည်အချင်းမှာ သားစဉ်မြေးဆက် ဂုဏ်ယူဝင့်ကြွားနိုင်သော ထိုက်တန်သည့် စွမ်းဆောင်ရည်များကိုသာ ချီးမြှင့်ခြင်းမျိုးဖြစ်စေရေးအတွက် ဝိုင်းဝန်းဆွေးနွေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့၊ အတွင်းရေးမှူး၊ ပြည်ထဲရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်စိုးတင့်နိုင်က ရှင်းလင်းတင်ပြသည်။

### ရှင်းလင်းတင်ပြ

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာသူများက မြန်မာနိုင်ငံရဲတပ်ဖွဲ့ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဂုဏ်ထူးဆောင်တံဆိပ်များ၊ စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်(၁၂)မျိုး၊ တပ်မတော်ဆိုင်ရာ စွမ်းရည်သတ္တိနှင့် စွမ်းဆောင်မှုဆိုင်ရာ ဂုဏ်ထူးဆောင်တံဆိပ်များ၊ သာသနာတော်ဆိုင်ရာ ဘွဲ့တံဆိပ်တော်တို့ကို ချီးမြှင့်ဆက်ကပ်နိုင်ရေးနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြပြီး ပြည်ထောင်စုဝန်ကြီးများနှင့် တာဝန်ရှိသူများက ဖြည့်စွက်ရှင်းလင်းတင်ပြကြရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်က ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ၂၀၂၂ ခုနှစ်အတွက် ဂုဏ်ထူးဆောင်ဘွဲ့များ၊ ဂုဏ်ထူးဆောင်တံဆိပ်များ ချီးမြှင့်အပ်နှင်းရန် စိစစ်ရေးအဖွဲ့ နာယက၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းက နိဂုံးချုပ်အမှာစကားပြောကြားပြီး အစည်းအဝေးကို ရုပ်သိမ်းလိုက်ကြောင်း သတင်းရရှိသည်။

သတင်းစဉ်

---

## ရန်ကုန်တိုင်းဒေသကြီးတွင်(၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာကျင်းပနိုင်ရေး လုပ်ငန်းကော်မတီအစည်းအဝေး ကျင်းပ

ရန်ကုန် ဒီဇင်ဘာ ၈

**ရန်ကုန်တိုင်းဒေသကြီးတွင် ၂၀၂၂ ခုနှစ် (၇၄)နှစ်မြောက် လွတ်လပ်ရေးနေ့အခမ်းအနား အောင်မြင်စွာ ကျင်းပနိုင်ရေးလုပ်ငန်းကော်မတီအစည်းအဝေးကို တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံး မင်္ဂလာခန်းမ၌ ယနေ့ နံနက် ၉ နာရီခွဲတွင် ကျင်းပရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးလှစိုးနှင့် အစိုးရအဖွဲ့ဝန်ကြီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ တက်ရောက်ကြသည်။**



ရှေးဦးစွာ (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနား ကျင်းပရေး ဦးစီးကော်မတီ နာယက ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးလှစိုးက (၇၄) နှစ်မြောက် လွတ်လပ်ရေးနေ့ အခမ်းအနားကို လွတ်လပ်ရေးနေ့ ဦးတည်ချက်များနှင့်အညီ ကျင်းပနိုင်ရေး လုပ်ငန်းကော်မတီ အသီးသီးက ပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ကြရန် ပြောကြားသည်။

ထို့နောက် နိုင်ငံတော်အလံတင်ခြင်း၊ နိုင်ငံတော်အလံ အလေးပြုခြင်းနှင့် သဝဏ်လွှာဖတ်ကြားသည့် အခမ်းအနားကျင်းပရေး လုပ်ငန်းကော်မတီ၊ အခမ်းအနားမွမ်းမံပြင်ဆင်ရေး၊ ဖိတ်ကြားရေး၊ သယ်ယူပို့ဆောင်ရေး၊ ကြိုဆိုနေရာချထားရေး၊ ကျန်းမာရေး၊ ပြန်ကြားရေးနှင့် လုံခြုံရေးလုပ်ငန်းကော်မတီများမှ ကော်မတီအလိုက်လုပ်ငန်းဆောင်ရွက်မည့် အစီအစဉ်များကို ရှင်းလင်းဆွေးနွေးတင်ပြကြသည်။

ဆက်လက်၍ တိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးများနှင့် တက်ရောက်လာသည့် တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများမှ တာဝန်ရှိသူများက အထွေထွေ ဆွေးနွေးတင်ပြကြသည်။

ယင်းနောက် ဝန်ကြီးချုပ်က (၇၄)နှစ်မြောက်လွတ်လပ်ရေးနေ့ အခမ်းအနားအား ကိုဗစ် - ၁၉ ကူးစက်ရောဂါ ပြန့်ပွားမှုမရှိစေရေး ကျန်းမာရေးဝန်ကြီးဌာန၏ စည်းကမ်းချက်များနှင့်အညီ ဂရုပြုဆောင်ရွက်ကြရန် နိဂုံးချုပ်စကားပြောကြားခဲ့ကြောင်း သိရသည်။

ဆန်းကျော်ဦး
(ပြန် /ဆက်)

---

## မက်မန်းမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ဆောင်ရွက်ပေး

**မက်မန်း ဒီဇင်ဘာ ၈**

ရှမ်းပြည်နယ်အရှေ့ပိုင်း 'ဝ' ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရတိုင်း မက်မန်းခရိုင် မက်မန်းမြို့နယ်၌ ဒီဇင်ဘာ ၅ ရက်က မက်မန်းမြို့နယ် တာကော်လေးအုပ်စု တာကော်လေးကျေးရွာတွင် ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ အခမဲ့ ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် မက်မန်းမြို့နယ် တာကော်လေးအုပ်စု တာကော်လေးကျေးရွာအတွင်းရှိ အိမ်ထောင်စုလူဦးရေစာရင်း ၃၅ ခုနှင့် နိုင်ငံသားစိစစ်ရေးကတ်ပြား ၈၄ ကတ်ကို အခမဲ့ ကွင်းဆင်း လုပ်ဆောင်ပေးကြောင်း သိရသည်။

အဆိုပါ ကွင်းဆင်းဆောင်ရွက်ရာသို့ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ခရိုင်လက်ထောက်ညွှန်ကြားရေးမှူး ဦးအေးမင်းထွန်း၊ မြို့နယ်လက်ထောက်ဦးစီးမှူး ဦးကျော်လင်းဦးနှင့် ခရိုင်/ မြို့နယ်ဝန်ထမ်းများက ဆောင်ရွက်ပေးကြောင်း သိရသည်။

သန်းမြတ်စိုး(ပြန်/ဆက်)



# ပြန်လည်စုစည်းဖို့လိုအပ်နေသော မျိုးချစ်စိတ်ဓာတ်နှင့် ဆက်လက်ရှင်သန်ရမည့် ပြည်ထောင်စုစိတ်ဓာတ်

**မိုးကေနိုင်**

**နိုင်ငံတစ်နိုင်ငံတွင် အရည်အသွေးပြည့် လူ့စွမ်းအားအရင်းအမြစ်နှင့်အတူ တန်ဖိုးအနဂ္ဃထိုက်တန်သည့် ဇာတိသွေးဇာတိမာန်စိတ်ဓာတ်၊ တစ်စိတ်တစ်ဝမ်းတည်း ကျောသားရင်သားမခွဲခြားသည့် ပြည်ထောင်စုစိတ်ဓာတ်၊ ဘာသာသာသနာကို အသက်နှင့်ထပ်တူချစ်မြတ်နိုးသည့် စိတ်ဓာတ်များကား အရေးပါဆုံးနေရာများတွင် ရှိသင့်သည်။ ထိုထိုသော မျိုးချစ်စိတ်ဓာတ်များကသာ ၅၄ သန်းသော မြန်မာတို့၏ စုစည်းညီညွတ်မှုနှင့် တိုင်းရင်းသားတို့၏ ရပ်တည်ရှင်သန်မှုကို အာမခံချက်ပေးနိုင်မည်၊ နိုင်ငံတွင်ကျရောက်နေသော အမှောင့်ပယောဂမျိုးစုံကို ချေဖျက်နိုင်မည်ဟု ယုံကြည်ပါသည်။ မျိုးချစ်စိတ် အရင်းမခံဘဲ နိုင်ငံတစ်နိုင်ငံ ပြန်လည်တည်ဆောက်ဖို့ဆိုသည်မှာ ဘယ်လိုမှမဖြစ်နိုင်ပါ။**

### အားနည်းချက်ကိုညီညွတ်သော မျိုးချစ်စိတ်ဓာတ်အင်အားဖြင့် တည်ဆောက်ထိန်းညှိ ...

ကျွန်တော်တို့ တိုင်းရင်းသားအားလုံးသည် ပထဝီအနေအထား အရရော၊ ပထဝီ နိုင်ငံရေးအရပါ အရေးကြီးပြီး အချက်အချာကျနေသည့် နိုင်ငံတစ်နိုင်ငံ၏ နိုင်ငံသားများ ဖြစ်ကြသည်။ အခြားနိုင်ငံများ၏ အခိုင်းအစေခံနိုင်ငံ၊ လက်ဝေခံအစိုးရနှင့် ခေတ်သစ်ကျွန်ခံသူများ မဖြစ်ချင်ဘူးဆိုလျှင် ဒီနိုင်ငံက ပြည်သူတွေအားလုံးမှာ မျိုးချစ်စိတ်ဓာတ်၊ ပြည်ထောင်စုစိတ်ဓာတ်၊ ကိုယ့်အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်၊ ကိုယ်ပိုင်ဓလေ့ထုံးတမ်းနှင့် ရိုးရာယဉ်ကျေးမှုအစဉ်အလာကောင်းများ မပျက်စီးအောင် ထိန်းသိမ်းစောင့်ရှောက်လိုစိတ်များ ကိန်းအောင်းနေကြရမှာဖြစ်သည်။

ကိုယ့်နိုင်ငံ၊ ကိုယ့်လူမျိုးများ၏ အေးချမ်းသာယာမှု၊ အလှအပ၊ အမှီအခိုကင်းပြီး လွတ်လပ်သောဘဝမျိုးကို ဘာနှင့်မျှ မလဲနိုင်သည့် စိတ်ဓာတ်ဖြင့် ဤမြေ၊ ဤရေ၊ ဤပိုင်နက်ကို မြတ်မြတ်နိုးနိုး ချစ်တတ်ဖို့လိုနေသည်။ အကြောင်းက မိမိနိုင်ငံသည် ပထဝီအနေအထားအရ အရေးပါသည်ဟုဆိုသော်ငြား ထိုပထဝီအနေအထားကပင် အားနည်းချက်များကို ပေးထားသောကြောင့်ဖြစ်သည်။ ပထဝီနိုင်ငံရေးအရ မြင်သာသော အားနည်းချက်ကို ဖာထေးထိန်းညှိပြီး လွတ်လပ်စွာ ရပ်တည်နိုင်ရန်မှာ ခိုင်မာသော အမျိုးသားသရုပ်လက္ခဏာများနှင့် စုစည်းညီညွတ်သောအင်အားကို တည်ဆောက်ထားနိုင်မှဖြစ်ပေမည်။

### မျိုးချစ်စိတ်ကင်းမဲ့မှုမှ ရရှိလာမည့်ဆိုးကျိုးများ

နိုင်ငံတစ်နိုင်ငံ မပြိုလဲ၊ မယိုင်လဲရန် အဓိကအင်အားသည် မျိုးချစ်စိတ်ပင်ဖြစ်သည် မဟုတ်ပါလား...။ နိုင်ငံတစ်နိုင်ငံ၏ ဝိညာဉ်သည်ပင် မျိုးချစ်စိတ်ဖြစ်၍ ဤမျိုးချစ်စိတ်ကြောင့်ပင် လွတ်လပ်ရေးရခဲ့သည်ကိုလည်း မြင်နိုင်ရမည်။ ပြည်တွင်းသောင်းကျန်းမှုမျိုးစုံကို နှိမ်နင်းနိုင်ခဲ့သည်မှာ၊ ပြည်ပစိန်ခေါ်မှုနှင့် အန္တရာယ်မျိုးစုံနှင့် ဖိအားအမျိုးမျိုးကို ကျော်လွှားနိုင်သည်မှာလည်း မျိုးချစ်စိတ်အရင်းခံသာဖြစ်သည်။ မျိုးချစ်စိတ်နှင့် အမျိုးဘာသာသာသနာကို ချစ်မြတ်နိုးစိတ်ကင်းမဲ့သည်နှင့်အမျှ နိုင်ငံ၏ရပ်တည်မှုလည်း ပျက်သုဉ်းမည်သာဖြစ်သည်။

နိုင်ငံတစ်နိုင်ငံ၏ အမျိုးသားရေးအဆောက်အအုံတွေ ပြိုကွဲလျှင် နိုင်ငံလည်းတစ်စစီဖြစ် ပြိုကွဲသွားလိမ့်မည်။ population migration ဇာတ်သွင်းမခံရအောင်၊ လုံခြုံအောင် စောင့်ရှောက်ပေးနိုင်တာလည်း မျိုးချစ်စိတ်ပင်ဖြစ်သည်။ အထူးအရေးကြီး၍ သတိထားရန် လိုပါသည်။ မျိုးချစ်စိတ်ကို အရင်းမခံဘဲ နိုင်ငံတစ်နိုင်ငံ၊ ပြည်ထောင်စုတစ်ခု၊ အဖွဲ့အစည်းတစ်ခုကို အင်အားတောင့်တင်းအောင် ဘယ်လိုမှစုစည်း၍မရနိုင်၊ စည်းလုံးညီညွတ်အောင် ဘယ်လိုမှ အင်အားတည်ဆောက်၍ မဖြစ်နိုင်သည်ကို သဘောပေါက်ရန် လိုသည်။ ကိုယ့်အမျိုး၊ ကိုယ့်နိုင်ငံ၊ ကိုယ့်ဘာသာကို မချစ်တတ်မှတော့ အချင်းချင်း စိတ် ဝမ်းကွဲနေမည်သာ၊ တိုက်နေခိုက်နေကြမည် သတ်နေဖြတ်နေကြမည်သာဖြစ်သည်။ ဒီလိုနှင့်ကြာလျှင် နိုင်ငံကအင်အားချည့်နဲ့ကာ weak state မှတစ်ဆင့် collapsed and failed state အဆင့်များထိ ဆုတ်ယုတ်ပျက်စီးသွားနိုင်မည်ဖြစ်သည်။

### မျိုးချစ်စိတ်အခြေခံက ဘယ်အရာတွေကိုပေးသနည်း

ဤနေရာတွင် မျိုးချစ်စိတ်ဟူသောအရာသည်အဘယ်နည်း .... မေးခွန်းထုတ်လိုသည်။ မျိုးချစ်စိတ်သည် ကြီးမားသောသံယောဇဉ်တစ်ခု၊ နှောင်ကြိုးတစ်ခု၊ အစွဲအလမ်းကြီးမှုတစ်ခု၊ အလေးထားမှု၊ ကိုးကွယ်ဆည်းကပ်ကိုင်းရှိုင်းမှုနှင့် အမျိုးဂုဏ်ဒြပ်တစ်ခုခုအပေါ်တွင် အခြေခံသည့်စိတ်ဓာတ်ပင်ဖြစ်သည်။

ထိုသည်ပင် အင်အားများဖြစ်လာသည်။ ထိုအင်အားများဖြင့် လွတ်လပ်သော မိမိတို့နေထိုင်ရာနိုင်ငံကို အင်အားတောင့်တင်းစေပြီး ပြည်သူအများ အကျိုးစီးပွားအတွက် တက်ကြွသော ပံ့ပိုးထောက်ကူမှုကိုဖြစ်စေသည်။ မျိုးချစ်စိတ်သည်တစ်နည်း နိုင်ငံချစ်စိတ်၊ တိုင်းချစ်ပြည်ချစ်စိတ်ပင်ဖြစ်၍ နိုင်ငံတစ်နိုင်ငံ၏ ခွန်အားလည်းဖြစ်သည်။ ထိုသံယောဇဉ်နှောင်ကြိုးတို့ ရစ်ပတ်နှောင်ဖွဲ့မှုဖြင့် ကိုယ့်နိုင်ငံပိုင်နက်နယ်မြေ မဆုံးရှုံးစေရန်၊ ကိုယ်ပိုင်ဆိုင်သည့် ဘာသာတရားယဉ်ကျေးမှု ဂုဏ်ဒြပ်စံတန်ဖိုး အစဉ်အလာကောင်းများ မပျောက်ပျက်စေရန် အသက်ပေး ကာကွယ်ထိန်းသိမ်းစောင့်ရှောက်ရသည်ပင် ဂုဏ်ယူဖွယ်ရာ ဇာတိမာန်ဖြစ်တော့သည်။

ကိုယ့်တိုင်းပြည် ကိုယ့်လူမျိုးကိုချစ်သည့်စိတ်ကြောင့်ပင် မိမိနိုင်ငံ၏ အချုပ်အခြာအာဏာကို လေးစားရကောင်းမှန်း သိလာသည်။ မျိုးချစ်စိတ်အခြေခံက ကိုယ့်တိုင်းပြည် ထိပါးခံရလျှင်၊ ကိုယ့်အမျိုး အနိုင်ကျင့်ခံရလျှင် မခံချင်သည့်စိတ်ဖြစ်ပေါ်လာရန် တွန်းအားပေးသကဲ့သို့ ကိုယ့်နိုင်ငံတော်သီချင်းနှင့် ကိုယ့်နိုင်ငံတော်အလံအတွက်ပင် ပြင်းပြစွာခံစားတတ်ပြီး ဂုဏ်ယူဝင့်ကြွားလိုစိတ် ရရှိလာစေမည်ဖြစ်သည်။

စိတ်ဓာတ်အင်အားကိုအခြေခံသည့် Nation building ကို ဖြစ်စေပါသည်။ သစ္စာရှိမှုက ရေပက်မဝင်သော စည်းလုံးညီညွတ်မှုကို ပေးစွမ်းပြီး တိုင်းရင်းသားအားလုံး၏ စစ်မှန်သော ပြည်ထောင်စုစိတ်ဓာတ်မှ တစ်ဆင့် သူ့ကျွန်မခံစိတ်ကို မွေးဖွားပေးပါသည်။

ထိုမှတစ်ဆင့် ရုပ်ပိုင်းဆိုင်ရာအားသာချက်နှင့် စွမ်းရည်ကို အခြေခံတည်ဆောက်သည့် State building ကို ရရှိစေပါသည်။ ယနေ့ စီးပွားရေး လူမှုရေးတိုးတက်ဖွံ့ဖြိုးမှု တဖြည်းဖြည်းအားကောင်းလာသော နိုင်ငံများကိုကြည့်ပါ။ သူတို့၏ ခိုင်မာရင့်ကျက်သော အတွေးအခေါ်သည် မျိုးချစ်စိတ်ကိုအခြေခံသည်ကို တွေ့နေရသည်။

သားစဉ်မြေးဆက်ထိန်းသိမ်းလာနိုင်သော ယဉ်ကျေးမှုအစဉ်အလာ ဓလေ့ထုံးစံ ၊ လက်ဆင့်ကမ်းလာသော အတွေးအခေါ်ကောင်းများ.. ဒါတွေသည် ထိုနိုင်ငံများ၏ တိုးတက်မှုကိုဖြစ်စေသည်။ နိုင်ငံကဆင်းရဲသည်၊ အင်အားနည်းသည်ဆိုဦးတော့ စည်းလုံးညီညွတ်ပြီး တောင့်တင်းခိုင်မာသူသည် အင်အားကြီးသူတို့၏ ထိပ်ပုတ်ခေါင်းပုတ် စော်ကားခြင်း မခံရတာကိုတွေ့ရသည်။

### စစ်မှန်သောမျိုးချစ်စိတ်နှင့်ကွာခြားသော တစ်ယူသန်အမြင်ကျဉ်းစိတ်

သို့သော်လည်း မျိုးချစ်စိတ်ဆိုသည်ကို တလွဲသုံး၍တော့ မဖြစ်။ မိမိလူမျိုး မိမိပိုင်နယ်မြေ မိမိတိုင်းပြည်ကို တန်ဖိုးထားချစ်မြတ်နိုးသည်မှာ အမှားတစ်ခုတော့မဟုတ်။ မှန်မှန်ကန်ကန်ချစ်တတ်ဖို့နှင့် လွဲမှားသော တစ်ယူသန်မျိုးချစ်စိတ်၊ အန္တရာယ်များသည့် မျက်ကန်းမျိုးချစ်စိတ်မဖြစ်ဖို့သာလိုသည်။ လူမျိုးနွယ်စုများ၊ တိုင်းရင်းသားလူမျိုးများ အခြေခံကွဲပြားမှုများသည့် တိုင်းပြည်များတွင် ပိုသတိထားရပြီး ပိုဆင်ခြင်တုံတရားရှိဖို့ လိုအပ်သည်။

ဘာသာတရားကွဲပြားသော နိုင်ငံများတွင်လည်း ပို၍ဂရုစိုက်ရသည်။ အစွဲအလမ်းကြီးလွန်းသော လူမျိုးများတွင် ပိုသတိထားရသည်။ တစ်မျိုးသားလုံး၊ တိုင်းရင်းသားအားလုံးကို လွှမ်းခြုံသောမျိုးချစ်စိတ်ဓာတ်သည် ကျဉ်းမြောင်းသော အစွဲအလမ်းကြီးမှုအပေါ်တွင် အခြေခံသော လူမျိုးစွဲစိတ်ဓာတ်နှင့် ပြဒါးတစ်လမ်းသံတစ်လမ်း ဖြစ်သည်။

အမြင်ကျဉ်းမှုက စုစည်းကူညီရိုင်းပင်းမှုနှင့် ဆန့်ကျင်ဘက် ရန်လိုမုန်းတီးနိမ့်ချမှုကိုသာ ဖြစ်စေသည်။ စစ်မှန်သော မျိုးချစ်စိတ်ကသာ ခွန်အားကြီးမှု၊ သမမျှတညီညွတ်မှုကို ရရှိစေပါသည်။ လူမျိုးတစ်မျိုးနှင့်တစ်မျိုးအကြား စီးပွားရေးတိုးတက်မှုဖွံ့ဖြိုးမှုတို့တွင် မမျှတမှု ဟန်ချက်မညီမှုများရှိလာပါက အစွန်းရောက်အမျိုးသားရေးဝါဒများ၊ အကြမ်းဖက်ဝါဒများ ခေါင်းထောင်လာတတ်သည်ကိုပါ သတိပြုသင့်သည်။ မည်သည့်အစွန်းရောက်မှုမျိုးပင်ဖြစ်စေ တန်ဖိုးထားမှုများ စံနှုန်းများကို အလွယ်တကူ လျစ်လျူရှု ပစ်ပယ်တတ်သည်ချည်း ဖြစ်သည်။ သို့ဖြင့် တစ်ဦးနှင့်တစ်ဦးယုံကြည်မှုများ လျော့နည်းလာပြီး ဆန့်ကျင်မှုများကြီးထွားကာ နောက်ဆုံး ပဋိပက္ခအကျိုးဆက်များသာ ရရှိလာတော့မည်မှာ သေချာပါသည်။

> ❖ **ပျောက်ကွယ်စပြုနေသော မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဘာသာသာသနာ ကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမပညာများကို ချစ်မြတ်နိုးထိန်းသိမ်းလိုစိတ်များ ပြန်လည်ကိန်းအောင်းလာစေချင်ပါသည်။ မျိုးချစ်စိတ်ကင်းမဲ့လျှင် ပြည်ထောင်စုမတည်တံ့နိုင်ပါ၊ အမျိုးသားရေးအားနည်းလျှင် ပြည်ထောင်စုကြီးကို စုစည်း၍မရနိုင်ပါ။**
>
> ❖ **ပြည်တွင်းညီညွတ်လျှင် နျူလက်နက်လည်းမလို ဘယ်နိုင်ငံကိုမှလည်း ကြောက်စရာလိုမည်မထင်ပါ။ ဒို့ဘိုးဘွားတို့က မျိုးချစ်စိတ်အရင်းခံပြီး သွေးနှင့်ချွေးနှင့်ရင်းခဲ့ရသော ဒီမြေ၊ ဒီရေ၊ ဒီပိုင်နက်ကို ချစ်မြတ်နိုးစိတ်နှင့် ထိန်းသိမ်းဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။**

### မျိုးချစ်စိတ်အရင်းခံ ပြည်ထောင်စုစိတ်ဓာတ်နှင့်အတူ တည်ဆောက်နိုင်မှုနှစ်ရပ်

မြန်မာနိုင်ငံနှင့် မြန်မာလူမျိုးကို ချစ်တတ်သူတိုင်းသည် မြန်မာဖြစ်ရတာကို ဂုဏ်ယူပါသည်။ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၅ မျိုး အားလုံးသည် မြန်မာနိုင်ငံသားတွေပဲဖြစ်၍ ကိုယ့်လူမျိုး ကိုယ့်နာမည်အတွက် ဘယ်ခေတ်ဘယ်အချိန်ကမျှ ဂုဏ်ငယ်စရာဟူ၍ မရှိခဲ့ကြပါ။ မှန်ကန်သော မျိုးချစ်စိတ်ကသာ အပြန်အလှန်မေတ္တာထား၍ ချစ်ခင်ကြင်နာမှုကို ပေးစွမ်းနိုင်ပြီး တစ်ဦး၏တိုးတက်မှုကို တစ်ဦးကလိုလားကာ အားပေးကူညီဖြည့်ဆည်းပေးနိုင်ကြသည်ဟု ခံယူပါသည်။

မျိုးချစ်စိတ်အခြေခံသည့် နိုင်ငံချစ်စိတ်ကပင် စည်းလုံးညီညွတ်မှုကိုဖြစ်စေသည်၊ “သူ” “ငါ”မခွဲခြား ကွဲပြားခြားနားမှုတွေကို ပျောက်ကွယ်လျော့ပါးစေသည်ဟု ယုံကြည်၍ရပါသည်။ “မဟာမြန်မာ” ဆိုသောအယူသည် မဟာဗမာဟုသာ ဆိုလိုနေခြင်း မဟုတ်ပါ၊ ဗမာဆိုသော လူမျိုးချည်းလည်း မဟုတ်သလို ရှမ်းချည်းပဲလည်း မဟုတ်ပါ...။ ကချင် ၊ ကယား၊ ချင်း၊ ကရင်၊ ဗမာ၊ မွန် ၊ ရခိုင်၊ ရှမ်းတိုင်းရင်းသားအားလုံး၊ လူမျိုးအားလုံးတို့၏ အမျိုးသားရေးစိတ်ဓာတ်များ မျိုးချစ်စိတ်များ စုစည်းခိုင်မာမှသာ အရေးကြီး သွေးနီးသော သွေးစည်းမှုမျိုး ဖြစ်တည်လာမည်ဟု အားလုံးကိုယုံကြည်စေချင်ပါသည်။ ခိုင်မာသော မျိုးချစ်စိတ်နှင့်အတူ လူမျိုးအသီးသီး၏ မတူကွဲပြားသော ကိုယ်ပိုင်ယဉ်ကျေးမှုနှင့် သမိုင်းကြောင်းများသည် တန်းတူညီမျှမှုလည်းရှိရမည်ဟု မဖြစ်မနေခံယူရပါမည်။

ထိုခံယူချက်ကပင် လူတန်းစားမကွဲ၊ လူမျိုးမခွဲခြားဘဲ ဤနိုင်ငံကြီးက ငါတို့အားလုံးနှင့်ဆိုင်သည်ဟူသော သစ္စာစောင့်သိမှု၊ ထိုစောင့်သိမှုမှ တစ်ဆင့် ကိုယ်ပိုင်အမျိုးသားသရုပ်လက္ခဏာ ကိုယ်ပိုင်ယဉ်ကျေးမှု ကိုယ်ပိုင်ဘာသာစကားကို ခိုင်ခိုင်မာမာတည်ဆောက်နိုင်မည့်

ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများသည် ပင်ကိုအားဖြင့် ဇာတိသွေးဇာတိမာန် ပြင်းထန်သူများဖြစ်ကြပါသည်။ ဘာသာသာသနာကို အစွမ်းကုန်ရိုသေကိုင်းရှိုင်း တန်ဖိုးထားကြသူများလည်း ဖြစ်သည်။

*စာမျက်နှာ ၁၁ သို့*

# အဂတိပယ်ခွာ ပြည်သာယာမို့ နိုင်ငံ့ဂုဏ်ကို မြှင့်တင်စို့

မောင်ချစ်အေး

### နိုင်ငံတကာနှင့်အဂတိ

ကုလသမဂ္ဂအထွေထွေညီလာခံက ၂၀၀၃ ခုနှစ် အောက်တိုဘာလ ၃၁ ရက်နေ့ ဆုံးဖြတ်ချက် အမှတ် ၅၈/၄ အရ ဒီဇင်ဘာလ ၉ ရက်နေ့ကို အပြည်ပြည်ဆိုင်ရာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အဖြစ် သတ်မှတ်ခဲ့ပါသည်။ ပြည်သူများအတွက် အဂတိလိုက်စားမှုတိုက်ဖျက်ရေး အသိအမြင်များ ကျယ်ပြန့်လာစေရေး၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့် တားဆီးကာကွယ်ရေးကဏ္ဍများတွင် အလေးထား ပူးပေါင်းဆောင်ရွက်လာနိုင်ရေးတို့အတွက် ကမ္ဘာတစ်ဝန်းတွင် အဂတိလိုက်စားမှုတိုက်ဖျက်ရေးနေ့အခမ်းအနားများကို သိသိမှတ်မှတ် ကျင်းပပြုလုပ်လျက်ရှိပါသည်။ နိုင်ငံတကာတွင် အဂတိလိုက်စားမှုများ လျော့ပါးကင်းစင်ပြီး ပြည်သူတို့၏ လူမှုဘဝဖွံ့ဖြိုးတိုးတက်စေရန် ကုလသမဂ္ဂက "၂၀၃၀ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုပန်းတိုင်" တစ်ခုအနေဖြင့် "ငြိမ်းချမ်း၍ အားလုံးပါဝင်နိုင်သော အဖွဲ့အစည်းများ တိုးတက်စေရေး၊ တရားမျှတရေးနှင့် တာဝန်ခံမှု၊ တာဝန်ယူမှုရှိသော လူတိုင်းပါဝင်သည့် အဖွဲ့အစည်းများထူထောင်ရေး" ဖော်ဆောင်လျက် ရှိပါသည်။

### သန့်ရှင်းသောအစိုးရ

စည်းကမ်းကောင်းမွန်၍ ဒီမိုကရေစီပြည့်ဝသော နိုင်ငံတော်တည်ဆောက်ရာတွင် သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များ လိုအပ်ပါသည်။ ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်ကို ဖော်ဆောင်ရာတွင် အဂတိလိုက်စားမှုကင်းစင်ရန် လိုအပ်ပါသည်။ နိုင်ငံရေး၊ စီးပွားရေးနှင့် အုပ်ချုပ်မှုနယ်ပယ်အသီးသီးတွင် အဂတိလိုက်စားမှုပုံစံအမျိုးမျိုးနှင့် ဆက်နွယ်လျက်ရှိတတ်ကြပါသည်။ အဂတိလိုက်စားမှုဆိုရာတွင် တိုင်းပြည်ဘဏ္ဍာငွေကြေးပစ္စည်းများကို အလွဲသုံးစားပြုမှုသာမဟုတ်ဘဲ နိုင်ငံရေးတွင် လုပ်ပိုင်ခွင့်အာဏာများကို အလွဲသုံးစားပြုခြင်း၊ မလျော်သြဇာသုံးခြင်းများလည်း ပါဝင်ပါသည်။

### နိုင်ငံတကာမှ သင်ခန်းစာများ

တောင်ကိုရီးယားသမ္မတဟောင်းဖြစ်သူ ပတ်ဂွန်ဟီးကို တောင်ကိုရီးယားတရားလွှတ်တော်ချုပ်က အဂတိလိုက်စားမှုများနှင့် လုပ်ပိုင်ခွင့်အလွဲသုံးစားပြုမှုများအတွက် ၁၄-၁-၂၀၂၁ ရက်နေ့တွင် ထောင်ဒဏ်နှစ် ၂၀ နှင့် ငွေဒဏ် ဝမ် ၁၈ ဘီလီယံ ပြင်ဆင်ချမှတ်ခဲ့ပါသည်။ ပြစ်မှုဆိုင်ရာစွဲချက် ၁၈ ချက်နှင့် တရားစွဲဆိုခဲ့ပြီး ၁၆ ချက်မှာ ပြစ်မှုထင်ရှားခဲ့သည်။ တောင်ကိုရီးယားနိုင်ငံ၏ ပထမဆုံးသော အမျိုးသမီးခေါင်းဆောင်ဖြစ်ပြီး ရွေးကောက်ပွဲဥပဒေ ချိုးဖောက်မှုအတွက်လည်း သီးခြားထပ်မံ၍ ထောင်ဒဏ် ၂ နှစ် ချမှတ်ခံခဲ့ရသည်။ သူမသည် ယခင်သမ္မတဟောင်း ပတ်ချွန်ဟီး၏ သမီးဖြစ်သည်။ သူမသည် ၂၀၁၃ ခုနှစ်မှ ၂၀၁၆ ခုနှစ်အထိ တာဝန်ထမ်းဆောင်ခဲ့သည့်ကာလအတွင်း ဆမ်ဆောင်းအပါအဝင် ကုမ္ပဏီအချို့ထံမှ ဒေါ်လာသန်းပေါင်းများစွာအား သူမ၏သူငယ်ချင်းဖြစ်သူနှင့် ပူးပေါင်းကြံစည်မှုအတွက် ပြစ်မှုထင်ရှားသဖြင့် ပြစ်ဒဏ်ချမှတ်ခံခဲ့ရခြင်းဖြစ်ပါသည်။ ၂၀၁၇ ခုနှစ်တွင် တောင်ကိုရီးယားသမ္မတနိုင်ငံတွင် အချိန်ကြာမြင့်စွာစစ်ဆေးခဲ့သည့် ရွေးကောက်ပွဲဥပဒေ ချိုးဖောက်မှုနှင့် အဂတိလိုက်စားမှုကြီး ဖြစ်ခဲ့ပါသည်။

### မလေးရှားဝန်ကြီးချုပ်ဟောင်း နာဂျစ်ရာဇတ်

မလေးရှားတရားရုံးက ဝန်ကြီးချုပ်ဟောင်းနာဂျစ်ရာဇတ် (ယခုအသက် ၆၉ နှစ်)ကို မလေးရှားနိုင်ငံဖွံ့ဖြိုးရေးရန်ပုံငွေများမှ မလေးရှားရင်းဂစ် ၄၂ မီလီယံကို ကြားခံကုမ္ပဏီများမှတစ်ဆင့် နာဂျစ်၏ ကိုယ်ပိုင်ဘဏ်ငွေစာရင်းများသို့ လွှဲပြောင်းပေးခဲ့မှုများနှင့် စပ်လျဉ်း၍ စွဲချက်ခုနစ်ခုအပေါ် ပြစ်ဒဏ် ထောင်ဒဏ် ၁၂ နှစ်နှင့် ဒဏ်ငွေ ရင်းဂစ်သန်း ၂၁၀ ချမှတ်ခဲ့ပါသည်။ နာဂျစ်သည် အီတလီနိုင်ငံတွင် လက်ဝတ်ရတနာများဝယ်ယူရာတွင် ယူရို ၆၂၀၀၀၀ နှင့် ဟာဝိုင်ရီတွင် ယူရို ၈၄၀၀၀၀ သုံးစွဲထားသည်တို့ကိုလည်း စိစစ်တွေ့ရှိခဲ့ရသည်။ ဆော်ဒီတော်ဝင်မိသားစုက လှူဒါန်းငွေများကိုလည်း ၎င်း၏ဘဏ်စာရင်းတွင် ထည့်ထားခဲ့ကြောင်း ဖော်ထုတ်နိုင်ခဲ့သည်။ နာဂျစ်၏ဇနီးအပါအဝင် ၎င်း၏နိုင်ငံရေးပါတီ UMNO ပါတီဝင်များကိုလည်း အဂတိလိုက်စားမှုဖြင့် တရားစွဲဆိုခံခဲ့ကြရသည်။ နိုင်ငံရေးလေ့လာသုံးသပ်သူများက ဤကဲ့သို့ အရေးယူဖော်ထုတ်နိုင်ခဲ့ခြင်းမှာ မလေးရှားနိုင်ငံဂုဏ်သိက္ခာကို မြှင့်တင်နိုင်ခဲ့ပြီး ပြည်သူတို့အတွက် အောင်ပွဲတစ်ရပ်ဖြစ်ကြောင်း ဝေဖန်သုံးသပ်ခဲ့ကြသည်။

### အထူးရှင်းချက်ထုတ်ရန် မလို

နိုင်ငံတကာသင်ခန်းစာများအရ အင်ဒိုနီးရှား၊ ဖိလစ်ပိုင်စသည့် နိုင်ငံများတွင်လည်း နိုင်ငံရေးအာဏာလုပ်ပိုင်ခွင့်များကို မလွန်ဆန်နိုင်ကြဘဲ အဂတိလိုက်စားမှုဖြစ်စဉ်မှတ်တမ်းများ ရှိခဲ့ကြပါသည်။ ဖြစ်စဉ်သာဓကများအရ "မည်သူမပြု၊ မိမိမှု"တို့ပင် ဖြစ်ကြပါသည်။ မြန်မာတို့၏ ဆိုရိုးစကားအရ "ကိုယ်ပြုသည့်ဒဏ် ကိုယ်သာခံ"ကြရမည်ဖြစ်ပါသည်။ ယနေ့နိုင်ငံတော်တွင် အဂတိလိုက်စားမှုများနှင့် ပတ်သက်၍ အရေးယူထားဆဲ အမှုဖြစ်စဉ်များမှာလည်း တရားဝင်ကြေညာထုတ်ပြန်ထားသည့် စစ်ဆေးတွေ့ရှိချက်များအရ နိုင်ငံရေးလက်စားချေခြင်းလော၊ "မည်သူမပြု၊ မိမိတို့၏ အမှုများပင်လော" ဆိုသည်မှာ ရိုးသားသော နိုင်ငံရေးအမြင်ရှိသူတိုင်းအတွက် အထူးရှင်းချက်ထုတ်ရန်မလိုဟု ယုံကြည်ပါသည်။

### ဥပဒေအထက်တွင် မည်သူမျှမရှိ

ဥပဒေကို လူတို့ကပြဋ္ဌာန်း၍ ဥပဒေက လူတို့ကို ပြန်လည်ထိန်းကျောင်းခဲ့ကြပါသည်။ အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေကို ကုလသမဂ္ဂအဂတိလိုက်စားမှုတိုက်ဖျက်ရေးကွန်ဗင်းရှင်း UNCAC ပြဋ္ဌာန်းချက်များအရ လေးကြိမ်တိုင်တိုင် ပြင်ဆင်ရေးဆွဲခဲ့ပြီး ၂၀၁၈ ခုနှစ် ဇွန်လ ၂၁ ရက်နေ့တွင် ပြဋ္ဌာန်းခဲ့ခြင်း ဖြစ်ပါသည်။ မြန်မာနိုင်ငံသည် ကွန်ဗင်းရှင်းအဖွဲ့ဝင်နိုင်ငံ ၁၆၅ နိုင်ငံမြောက် ဖြစ်ခဲ့ပါသည်။ နိုင်ငံအချင်းချင်း ငါးနှစ်တစ်ကြိမ် သုံးသပ်ရေးလုပ်ငန်းစဉ်များ လက်တွေ့ကျင့်သုံးလျက်ရှိကြပါသည်။ ကော်မရှင်သည် ဥပဒေပါ ပြဋ္ဌာန်းချက်များကို ထိရောက်စွာ လက်တွေ့အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်၊ ဥပဒေမူဘောင်များခိုင်မာစေရန်၊ နည်းဥပဒေအဟောင်းအား လက်တွေ့ဆောင်ရွက်ရာတွင် ကြုံတွေ့ရသည့် အခက်အခဲများနှင့် အားနည်းချက်များကို ကုစားနိုင်ရန်၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနည်းဥပဒေကိုလည်း ပြန်လည်ပြင်ဆင်ရေးဆွဲပြဋ္ဌာန်းနိုင်ခဲ့ပါသည်။ ယခုအခါတွင်လည်း ဥပဒေအထက်တွင် မည်သူမျှမရှိစေဘဲ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအား မုန်းခြင်း၊ ချစ်ခြင်းကင်းသော၊ အဂတိကင်းသော၊ ယခင်အစိုးရနှစ်ဆက်က အတည်ပြုပြဋ္ဌာန်းခဲ့သော ဥပဒေ၊ နည်းဥပဒေများနှင့် ပိုမိုကျယ်ပြန့်ထိရောက်စွာ စိစစ်ဖော်ထုတ် အရေးယူခြင်းသာ ဖြစ်ပါသည်။

### အဂတိလိုက်စားမှုဆိုသည်မှာ

ဥပဒေတွင် ဖွင့်ဆိုပြဋ္ဌာန်းထားချက်မှာ "မည်သူမဆို ရာထူးတာဝန်ကို အလွဲသုံးစားပြု၍ဖြစ်စေ၊ အခြားနည်းဖြင့်ဖြစ်စေ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှ ရှောင်ကြဉ်စေရန် သို့မဟုတ် တစ်ဦးတစ်ယောက်ကို ဥပဒေနှင့်အညီ ရထိုက်ခွင့်မရှိသော အခွင့်အရေးကိုပေးရန် သို့မဟုတ် ဥပဒေနှင့်အညီ ရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်အတွက် တံစိုးလက်ဆောင်ကို တစ်ဦးတစ်ယောက်အားပေးခြင်း၊ ပေးရန်အားထုတ်ခြင်း သို့မဟုတ် တစ်ဦးတစ်ယောက်ထံမှ လက်ခံခြင်း၊ ရယူခြင်း၊ ရယူရန် အားထုတ်ခြင်းတို့ကို တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေ၊ တစ်နည်းနည်းဖြင့် ပြုလုပ်ခြင်း" တို့ဖြစ်သည်။ **သက်ဆိုင်ရာအစိုးရဌာန၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကို တောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ သဘောတူစာချုပ်တစ်ခုတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့်ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းတို့သည်လည်း အဂတိလိုက်စားမှု ထမြောက်ပါသည်။**

### သတိပြုရန်ပြစ်ဒဏ်များ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၅ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူ သို့မဟုတ် နိုင်ငံရေးရာထူးလက်ရှိဖြစ်ခဲ့စဉ်က မည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို ၁၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၆ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူမှအပ အခြားလုပ်ပိုင်ခွင့်အာဏာရှိသူ သို့မဟုတ် လုပ်ပိုင်ခွင့်အာဏာရှိစဉ်က မည်သူမဆို အဂတိလိုက်စားမှု ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို တစ်ဆယ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၇ အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူနှင့် လုပ်ပိုင်ခွင့်အာဏာရှိသူမှအပ အခြားမည်သူမဆို အဂတိလိုက်စားမှုကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို ခုနစ်နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေပုဒ်မ ၅၉ အရ မည်သူမဆို ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန်ရည်ရွယ်၍ ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟုလည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းဖြစ်သည်ဟုသော်လည်းကောင်း မမှန်မကန် သတင်းပေးပို့ခြင်း၊ တိုင်တန်းခြင်းပြုကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် ထိုသူကို သုံးနှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

တိုင်ကြားခံရသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပြီး နိုင်ငံ့ဝန်ထမ်းဥပဒေအရ အရေးယူသင့်သည်ဟု စိစစ်တွေ့ရှိရပါက သက်ဆိုင်ရာဌာနသို့ လွှဲပြောင်းပေးပို့ အရေးယူစေရန် ဆက်လက်အကြောင်းကြား ရပါသည်။

### ပြဋ္ဌာန်းခဲ့ပြီးဖြစ်သော ဥပဒေများသာဖြစ်

အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေမှာ ယခုမှအသစ်ပြဋ္ဌာန်းခြင်း မဟုတ်ပါ၊ ဥပဒေအာဏာ တည်ခဲ့သည့်နေ့မှာ ၁၇-၉-၂၀၁၃ ရက်နေ့ဖြစ်ပါသည်။ ပထမအကြိမ်ပြင်ဆင်ခြင်းကို ၂၃-၇-၂၀၁၄ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၂/၂၀၁၄)ဖြင့် ပုဒ်မ (၄)ခုအား ပြင်ဆင်ခဲ့သည်။ ဒုတိယအကြိမ်ပြင်ဆင်ရာ၌ ၂၉-၇-၂၀၁၆ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၃၃/၂၀၁၆)နှင့်လည်းကောင်း၊ တတိယအကြိမ်ပြင်ဆင်ခြင်းအား ၃၁-၇-၂၀၁၇ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော် ဥပဒေအမှတ် (၁၈/၂၀၁၇)နှင့်လည်းကောင်း၊ စတုတ္ထအကြိမ်အဖြစ် ၂၁ -၆ -၂၀၁၈ ရက်နေ့တွင် ပြည်ထောင်စုလွှတ်တော်ဥပဒေအမှတ် (၂၀/၂၀၁၈) နှင့် ပုဒ်မ(၂၄) ခု အား ပြင်ဆင်ခဲ့ကြခြင်း ဖြစ်ပါသည်။ ဤဥပဒေများကို (မူကြမ်း) ညှိနှိုင်းအစည်းအဝေးများ အကြိမ်ကြိမ်ပြုလုပ်ပြီး ပြည်ထောင်စုရှေ့နေချုပ်ရုံးသို့ အကြံပြုချက်များရယူကာ နိုင်ငံတကာဥပဒေများနှင့်လည်း ရင်ပေါင်တန်းနိုင်၍ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် သန့်ရှင်းသောအစိုးရနှင့်ကောင်းမွန်သောအုပ်ချုပ်ရေးစနစ်များ ပေါ်ထွန်းလာစေရန် ချစ်ခြင်း၊ မုန်းခြင်းကင်းရှင်းစွာဖြင့် ၂၀၁၃ ခုနှစ်ကပင် စတင်ရေးဆွဲပြဋ္ဌာန်းပေါ်ပေါက်လာခဲ့ခြင်းဖြစ်ပါသည်။

> ❒ **သက်ဆိုင်ရာအစိုးရဌာန၊ အများပြည်သူဆိုင်ရာ အဖွဲ့အစည်း သို့မဟုတ် အခြားအဖွဲ့အစည်း၏ ပြည်သူ့ဘဏ္ဍာကို ကိုင်တွယ်စီမံဆောင်ရွက်သည့်လုပ်ငန်းစဉ်တွင်ဖြစ်စေ၊ ယင်းတို့၏ ပိုင်ဆိုင်မှုကိုတောင်းခံခြင်း၊ ရယူခြင်း၊ စီမံခန့်ခွဲခြင်း၊ သဘောတူစာချုပ်တစ်ခုတွင် တည်ဆဲဥပဒေ၊ စည်းမျဉ်း၊ လုပ်ထုံးလုပ်နည်းတစ်ရပ်ရပ်ကို ဖောက်ဖျက်လျက် နိုင်ငံတော်၏ ငွေကြေး၊ ပစ္စည်းနှင့် ပိုင်ဆိုင်မှုကို ထိခိုက်နစ်နာပျက်စီးဆုံးရှုံးစေခြင်းတို့သည်လည်း အဂတိလိုက်စားမှု ထမြောက်ပါသည်**

*စာမျက်နှာ ၁၁ သို့*

# လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်၊ ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းတို့အပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဖြင့် အမှုဖွင့်လှစ်အရေးယူ

နေပြည်တော် ဒီဇင်ဘာ ၈

**လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် တာဝန်ရှိသူများအပေါ် အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေနှင့်အညီ အရေးယူပေးပါရန် တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်က စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းစစ်ဆေးခဲ့သည်။**

စုံစမ်းစစ်ဆေးရေးအဖွဲ့၏ စစ်ဆေးတွေ့ရှိချက်အရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့သည် ရေအားလျှပ်စစ်အကောင်အထည်ဖော်ရေးဦးစီးဌာနက ဆောင်ရွက်သည့် အထက်ရဲရွာ ရေအားလျှပ်စစ်စီမံကိန်းမှ ရေသွယ်ဥမင်ဖောက်လုပ်ခြင်းလုပ်ငန်း (Underground Works) အား နိုင်ငံတကာကုမ္ပဏီတစ်ခုနှင့် ၂၀၁၅ ခုနှစ် မတ် ၁၂ ရက်တွင် စာချုပ်ချုပ်ဆိုဆောင်ရွက်ခဲ့ရာတွင် မူလစာချုပ်ပါ လုပ်ငန်းပြီးစီးရမည့်ကာလမှာ ၂၀၁၈ ခုနှစ် စက်တင်ဘာ ၂၄ ရက်အထိ လ ၄၀ သတ်မှတ်ခဲ့ခြင်းကို ဝန်ကြီးဌာန၏ လုပ်ငန်းဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီ(MC)နှင့် အမှုဆောင်ကော်မတီ (EC) အစည်းအဝေးဆုံးဖြတ်ချက်များဖြင့် ၂၀၂၀ ပြည့်နှစ် ဇန်နဝါရီ ၂၄ ရက်ထိ ၁၆ လ သက်တမ်းတိုးပေးခဲ့ခြင်းသည် ပြည်ထောင်စုအစိုးရအဖွဲ့က ညွှန်ကြားထားသည့် သဘောတူညီချက်များ ချုပ်ဆိုခြင်း၊ ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ သက်တမ်းတိုးကိစ္စရပ်များတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန၊ ရင်းနှီးမြှုပ်နှံမှုနှင့် နိုင်ငံခြားစီးပွားဆက်သွယ်ရေးဝန်ကြီးဌာန၊ ပြည်ထောင်စုရှေ့နေချုပ်ရုံး၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ရုံးနှင့် မြန်မာနိုင်ငံတော်ဗဟိုဘဏ်တို့၏ သဘောထားမှတ်ချက်ဖြင့် ပြည်ထောင်စုအစိုးရအဖွဲ့၊ စီးပွားရေးရာကော်မတီသို့ တင်ပြရမည်ဖြစ်သော်လည်း လုပ်ထုံးလုပ်နည်းနှင့်အညီ ဆောင်ရွက်ခြင်းမပြုဘဲ ၁၆ လ သက်တမ်းတိုးမြှင့်ခွင့်ပြုပေးခဲ့သဖြင့် ထုတ်လုပ်မှု ကီလိုဝပ်နာရီ (ယူနစ်) သန်းပေါင်း ၁၈၀၀ ကျော်ခန့် ထုတ်လုပ်နိုင်မှုမရှိသည့်အတွက် နိုင်ငံတော်၏ဘဏ္ဍာ ငွေကျပ် ၃၀ ဘီလီယံခန့် ထိခိုက်နစ်နာဆုံးရှုံးစေခဲ့ကြောင်း။

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဒေါက်တာထွန်းနိုင်တို့သည် ထားဝယ်ဒေသတွင် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေး ဆောင်ရွက်သည့် တနင်္သာရီတိုင်းဒေသကြီးအစိုးရက စီမံခန့်ခွဲသည့် GGS ကုမ္ပဏီအတွက် ဓာတ်ငွေ့ဖိုးငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ တင်ပြခွင့်ပြုချက်ရယူမှုမရှိဘဲ လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်းဌာနဘတ်ဂျက်မှ ကြိုတင်စိုက်ထုတ်ပေးချေရန် ခွင့်ပြုခဲ့ခြင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းသည် လျှပ်စစ်ဓာတ်အားထုတ်လုပ်ရေးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူးတာဝန်ထမ်းဆောင်ခဲ့စဉ်က ဓာတ်ငွေ့ဖိုး ငွေကျပ် ၆ ဘီလီယံကျော်ခန့်ကို နိုင်ငံတော်ဘဏ္ဍာတွင် ဘတ်ဂျက်ငွေတင်ပြတောင်းခံပေးချေခဲ့ခြင်း၊ ဓာတ်ငွေ့ဖိုးငွေများကို ပြန်လည်ရရှိရေး ခိုင်မာသည့် သဘောတူညီမှုတစ်ရပ်ရပ် စာချုပ်ချုပ်ဆိုမှုမရှိခြင်း၊ ဓာတ်ငွေ့ဖိုးကြွေးကျန်ဖြစ်ပေါ်နေမှုကို ဝန်ကြီးဌာနအမှုဆောင်ကော်မတီအစည်းအဝေး(EC)သို့ တင်ပြမှုမရှိခြင်း၊ မြန်မာနိုင်ငံ၏ ဘဏ္ဍာရေးဆိုင်ရာ စီမံခန့်ခွဲမှုဆိုင်ရာ စည်းမျဉ်းအပိုဒ် ၁၂၃၊ အပိုဒ်ခွဲ(ဃ) ကို လိုက်နာမှုမရှိဘဲ ဆောင်ရွက်ခဲ့ခြင်းတို့ကြောင့် နိုင်ငံတော်၏ဘဏ္ဍာ ငွေကျပ် ၆ ဘီလီယံကျော်ခန့် ထိခိုက်နစ်နာစေခဲ့ခြင်းဖြစ်ကြောင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်းသည် ဦးဆောင်ညွှန်ကြားရေးမှူး တာဝန်ထမ်းဆောင်ခဲ့စဉ်က နိုင်ငံတော်၏ငွေကြေးကို ထိခိုက်နစ်နာဆုံးရှုံးစေရာတွင် အားပေးကူညီခြင်းဖြစ်ကြောင်း။

စစ်ဆေးပေါ်ပေါက်ချက်များအရ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးဟောင်း ဦးဝင်းခိုင်နှင့် ဒုတိယဝန်ကြီးဟောင်း ဦးထွန်းနိုင်တို့အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅ အရလည်းကောင်း၊ ဒုတိယဝန်ကြီးဟောင်း ဦးခင်မောင်ဝင်း အား အဂတိလိုက်စားမှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၅/၆၃ အရလည်းကောင်း နေပြည်တော် ဘုရားကုန်း မြို့မရဲစခန်းတွင် ယနေ့ရက်စွဲဖြင့် ပထမသတင်းပေးတိုင်ကြားချက်ဖွင့်လှစ်၍ တရားစွဲဆိုအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိကြောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်မှ သတင်းရရှိသည်။

**သတင်းစဉ်**

---


## "အဂတိပယ်ခွာ ပြည်သာယာ"

Remove Corruption, Promote Prosperity

## အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်သို့ တိုင်ကြားရာတွင် သတိပြုရမည့်အချက်များ

၁။ မည်သူမဆို အဂတိလိုက်စားမှုနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်းနှင့် စပ်လျဉ်း၍သော်လည်းကောင်း၊ သတ်မှတ်ချက်များနှင့်အညီ ကော်မရှင်သို့ဖြစ်စေ၊ ကော်မရှင်ရုံးသို့ ဖြစ်စေ၊ ဤဥပဒေအရ ဖွဲ့စည်းသော လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့၊ ပဏာမစိစစ်ရေးအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့တစ်ခုခုသို့ဖြစ်စေ၊ သက်ဆိုင်ရာ အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ဖြစ်စေ သတင်းပေးပို့ချက်နှင့် တိုင်တန်းချက်များကို ပေးပို့နိုင်သည်။

၂။ တိုင်ကြားစာပေးပို့ရာတွင် ကော်မရှင်ထံ မိတ္တူပေးပို့ခြင်းမပြုဘဲ တိုက်ရိုက်လိပ်မူပေးပို့ရမည်။

၃။ တိုင်ကြားသူ၏ အမည်၊ လက်မှတ်၊ နိုင်ငံသားစိစစ်ရေးကတ်ပြားမိတ္တူ၊ ဆက်သွယ်ရန် လိပ်စာအပြည့်အစုံ၊ ဖုန်းနံပါတ် ပါဝင်ရမည်။

၄။ အရေးကြီးသော သက်သေခံချက်ဖြစ်သည့် မျက်မြင်သက်သေ၊ စာရွက်စာတမ်း၊ ဓာတ်ပုံ၊ အသံဖိုင်၊ ဗီဒီယိုဖိုင် စသည်တို့ရှိကြောင်း ဖော်ပြနိုင်ရမည်။

၅။ ပုဂ္ဂိုလ်တစ်ဦးတစ်ယောက်အား နစ်နာစေရန် သို့မဟုတ် ဂုဏ်သရေပျက်စေရန် တမင်ပြုလုပ်တိုင်ကြားပါက ဤဥပဒေပုဒ်မ ၅၉ အရ အရေးယူခံရနိုင်သည်ကိုလည်း သတိပြုရမည်။

## လိပ်မူတိုင်ကြားရန် လိပ်စာ

အဂတိလိုက်စားမှုတိုက်ဖျက်ရေးကော်မရှင်

ရုံးအမှတ် (၅၆)၊ ဇေယျာဌာနီလမ်း၊ ဥတ္တရသီရိမြို့နယ်၊ နေပြည်တော်၊ စာတိုက်သေတ္တာအမှတ်(၁၄၄)၊ ဖုန်းနံပါတ် ၀၆၇-၈၁၀၃၃၄၇၊

၀၆၇-၈၁၀၃၃၃၄၊

Email Address – accm@accm.gov.mm၊

Website Address – http://www.accm.gov.mm


---

*စာမျက်နှာ ၉ မှ*

ပကတိရိုးသားဖြူစင်ဖြောင့်မတ်သည့် စိတ်အရင်းခံဖြင့် ကိုယ့်လူမျိုးအချင်းချင်း ချစ်ရင်းစိတ်ခံရှိကြသလို ကိုယ့်မြေ၊ ကိုယ့်ရေကိုလည်း ချစ်မြတ်နိုးကြသည်။ ထိုသည်ပင် ရှိနှင့်ပြီးသောမျိုးချစ်စိတ် ဖြစ်သည်ဟု ဆိုချင်ပါသည်။

သို့သော်လည်း ယခုလိုကာလတွင် နိုင်ငံတော်တွင် မျိုးချစ်စိတ်ပြန်လည်အားကောင်းလာရန် ကြိုးပမ်းအားထုတ်ဖို့နှင့် အခွင့်အလမ်းများ ဖန်တီးပေးရန် အထူးလိုအပ်နေပါသည်။ ( အထူးသဖြင့် ပညာရေး၊ ဘာသာရေး၊ စာပေ၊ ယဉ်ကျေးမှု၊ အားကစားကဏ္ဍများမှတစ်ဆင့်) နေရာတိုင်းမှာ မြန်မာနိုင်ငံတော်အလံများ အားမာန်အပြည့်ဖြင့် တလူလူလွင့်နေသည်ကို မြင်လိုသူများရှိနေပါသည်။ ကိုယ့်မြေကိုယ့်ရေ ကိုယ့်ပိုင်နက်အတွက် အသက်ကိုပဓာနမထားဘဲ ကာကွယ်စောင့်ရှောက်နိုင်သူများ များလာစေချင်ပါသည်။ နိုင်ငံသားတိုင်းရှိရမည့် မျိုးချစ်စိတ်ဖြင့် မည်သည့်အတွင်း / အပြင်ဖိအားမျိုးကိုမဆို ရင်ဆိုင်ဖြေရှင်းနိုင်သည့်အင်အားများ ယခုထက် ပိုမိုဖြစ်ထွန်းလာစေချင်ပါသည်။

ပျောက်ကွယ်စပြုနေသော မျိုးချစ်စိတ်၊ အမျိုးသားရေးစိတ်ဓာတ်နှင့် ဘာသာသာသနာကိုယ်ပိုင်ယဉ်ကျေးမှု အနုသုခုမပညာများကို ချစ်မြတ်နိုးထိန်းသိမ်းလိုစိတ်များ ပြန်လည်ကိန်းအောင်းလာစေချင်ပါသည်။ မျိုးချစ်စိတ်ကင်းမဲ့လျှင် ပြည်ထောင်စုမတည်တံ့နိုင်ပါ၊ အမျိုးသားရေးအားနည်းလျှင် ပြည်ထောင်စုကြီးကို စုစည်း၍မရနိုင်ပါ။

ပြည်တွင်းညီညွတ်လျှင် နျူလက်နက်လည်းမလို ဘယ်နိုင်ငံကိုမှလည်းကြောက်စရာ လိုမည်မထင်ပါ။ ဒို့ဘိုးဘွားတို့က မျိုးချစ်စိတ်အရင်းခံပြီး သွေးနှင့်ချွေးနှင့်ရင်းခဲ့ရသော ဒီမြေ၊ ဒီရေ ၊ ဒီပိုင်နက်ကို ချစ်မြတ်နိုးစိတ်နှင့် ထိန်းသိမ်းဖို့ လိုအပ်နေပြီဖြစ်ပါကြောင်း ရေးသားတင်ပြလိုက်ရပါသည်။

---

*စာမျက်နှာ ၁၀ မှ*

### နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သဘောထား

၁၅-၃-၂၀၂၁ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အစည်းအဝေးအမှတ်စဉ် (၆/၂၀၂၁)၌ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ တပ်မတော်ကာကွယ်ရေးဦးစီးချုပ်ပြောကြားခဲ့သော အမှာစကားကောက်နုတ်ချက်အရ မိမိတို့တာဝန်ထမ်းဆောင်ချိန်တွင် အဂတိတရား ကင်းရှင်းစွာဖြင့် တိုင်းပြည်အကျိုးကို ဆောင်ရွက်သွားရန်လိုကြောင်း၊ မိမိတို့အနေဖြင့် NLD ပါတီမှ ပုဂ္ဂိုလ်များနှင့် ၎င်းတို့နှင့်ပတ်သက်သူများအား စစ်ဆေးမေးမြန်းမှုများ ပြုလုပ်ရာတွင် ကောင်းမွန်စွာ ထားရှိစစ်ဆေးမေးမြန်းမှုများ ပြုလုပ်လျက်ရှိကြောင်း၊ ဖော်ထုတ်ရရှိသည့် ၎င်းတို့၏ပြောကြားချက်များမှ အချို့ကို သတင်းထုတ်ပြန်ပေးခဲ့ပြီးဖြစ်သလို ထပ်မံဖော်ထုတ်ရရှိမှုများကိုလည်း ဆက်လက်ထုတ်ပြန်ပေးသွားမည်ဖြစ်ကြောင်း၊ အလားတူ အဂတိလိုက်စားမှုများ ကျူးလွန်ထားသည့် ပြည်နယ်/ တိုင်းဒေသကြီးနှင့် ပြည်ထောင်စုအဆင့်ရှိ တာဝန်ရှိသူများကိုလည်း ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း အမှာစကားပြောကြားခဲ့ပါသည်။ စည်းကမ်းပြည့်ဝသော ဒီမိုကရေစီနိုင်ငံ ဖော်ဆောင်ရာတွင် ကောင်းမွန်သောအုပ်ချုပ်မှုစနစ်များဖြစ်ထွန်းရေးသာ ရည်ရွယ်၍ နိုင်ငံရေးကလဲ့စားချေခြင်းမျိုး လုံးဝမရှိကြောင်း ထုတ်ဖော်ပြောကြားခဲ့ပြီးဖြစ်ပါသည်။

### နိုင်ငံ့ဂုဏ်ကို မြှင့်တင်ကြပါစို့

အဂတိလိုက်စားမှုတိုက်ဖျက်ရေးအား နိုင်ငံတော်အစိုးရက အမျိုးသားရေးတာဝန်တစ်ရပ်အဖြစ် အလေးထားဆောင်ရွက်လျက် ရှိပါသည်။ နိုင်ငံတော်၏အုပ်ချုပ်ရေးယန္တရားတွင် အရေးပါသော နိုင်ငံ့ဝန်ထမ်းများအခန်းကဏ္ဍကိုလည်း အရေးယူခြင်း၊ တားဆီးပညာပေးခြင်းများနှင့် ကြပ်မတ်လျက်ရှိပါသည်။ ယနေ့ကိုင်တွယ်ဖြေရှင်းနေရသော စိန်ခေါ်မှုများအား သတိကြီးစွာ စိစစ်ဆောင်ရွက်နေရသကဲ့သို့ နောင်တစ်ချိန်တွင် အစိုးရအဆက်ဆက် သင်ခန်းစာယူဖွယ်ရာ စီရင်ထုံး၊ သမိုင်းမှတ်တိုင်များအဖြစ်တွင် ကျန်ရစ်ခဲ့ရန် အရေးကြီးပါသည်။ နိုင်ငံတကာမျက်နှာစာတွင်လည်း အဂတိလိုက်စားမှုများအား တိုက်ဖျက်၍ ပြည်သူတို့နှင့် နိုင်ငံတော်၏ ပုံရိပ်ဂုဏ်သတင်းကို မြှင့်တင်နိုင်ရန်အတွက် ပြည်သူလူထုပူးပေါင်းပါဝင်ကြရန် အရေးကြီးသောကာလ ဖြစ်ပါတော့သည်။

# ရုပ်ရှင်လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံတစ်ခု ပေါ်ထွန်းလာခြင်းဖြင့် ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများရရှိလာမည်

နေပြည်တော် ဒီဇင်ဘာ ၈

**ဟိုတယ်နှင့်ခရီးသွားလာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာဌေးအောင်သည် ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး ဦးခွန်သိန်းမောင်နှင့်အတူ ဒီဇင်ဘာ ၆ ရက် နံနက်ပိုင်းတွင် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ပင်းတယမြို့နယ်၌ Forever Yay Wati Co.,Ltd က အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိသော ရုပ်မြင်သံကြားရိုက်ကူးထုတ်လုပ်မှုလုပ်ငန်းများအတွက် အခြေခံအဆောက်အအုံများ တည်ဆောက်လျက်ရှိသည့် လုပ်ငန်းခွင်သို့ သွားရောက်ကြည့်ရှုသည်။** (ယာပုံ)



လုပ်ငန်းခွင်၌ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် Forever Yay Wati Co.,Ltd Project Director တို့က စီမံကိန်းနယ်မြေအတွင်း ဇုန်(၅)ဇုန်ခွဲခြား၍ စီမံချက်နှင့်အညီ အချိန်မီဖွင့်လှစ်နိုင်ရေး ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း ရှင်းလင်းတင်ပြကြရာ ပြည်ထောင်စုဝန်ကြီးက ရုပ်ရှင်လုပ်ငန်းဆိုင်ရာ အခြေခံအဆောက်အအုံတစ်ခု ပေါ်ထွန်းလာခြင်းဖြင့် ဆွဲဆောင်မှုအသစ် တိုးပွားလာရုံသာမက ဒေသခံပြည်သူများအတွက် အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာမည်ဖြစ်ကြောင်း၊ လူမှုရေးနှင့် ပတ်ဝန်းကျင်ရေးရာကိစ္စများကိုလည်း ကြိုတင်မျှော်တွေး ဆောင်ရွက်သွားသင့်ကြောင်း ပြောကြားပြီး လုပ်ငန်းခွင်အတွင်း လှည့်လည်ကြည့်ရှုသည်။

**ခရီးစဉ်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးမှာကြား**

ထို့နောက် ပြည်ထောင်စုဝန်ကြီးသည် ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ စီမံအုပ်ချုပ်ရေးအဖွဲ့ရုံး ဧည့်ခန်းမ၌ ရှမ်းပြည်နယ် စီးပွားရေးရာဝန်ကြီး၊ ဓနုကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဦးစီးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များ၊ ပင်းတယမြို့ရှိ ဟိုတယ်လုပ်ငန်းရှင်များနှင့် တွေ့ဆုံကာ ခရီးစဉ်ဒေသ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး၊ ကျန်းမာရေး၊ သဘာဝပတ်ဝန်းကျင် ထိန်းသိမ်းရေးတို့နှင့်စပ်လျဉ်း၍ မှာကြားသည်။

**ခရီးသွားလုပ်ငန်း ပေါ်ထွန်းလာရေးကြိုးပမ်း**

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် မြို့ကြီးရေလျှောင်တမံ ဘက်စုံစီမံကိန်းသို့ ရောက်ရှိရာ ဆည်မြောင်းဦးစီးဌာန တည်ဆောက်ရေး(၇) လက်ထောက်ညွှန်ကြားရေးမှူးက လုပ်ငန်းဆောင်ရွက်နေမှု အခြေအနေများကို ရှင်းလင်းတင်ပြရာ ပြည်ထောင်စုဝန်ကြီးက မြို့ကြီးရေလျှောင်တမံ တည်ဆောက်နိုင်ခဲ့ခြင်းကြောင့် ပတ်ဝန်းကျင်ဒေသများ၏ လူမှုစီးပွားဘဝများ ဖွံ့ဖြိုးတိုးတက်ရေးကို တိုးမြှင့်ဆောင်ရွက်ပေးနိုင်သည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း၊ နောင်တွင် ကျေးလက်အခြေပြု ခရီးသွားလုပ်ငန်း ပေါ်ထွန်းလာရေးကိုပါ ကြိုးပမ်းဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

**ညှိနှိုင်းပေါင်းစပ်**

ညနေပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် မန္တလေးမြို့ရှိ Hotel Sakura Princess ရှိ အစည်းအဝေးခန်းမ၌ မန္တလေးတိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးသိန်းဌေး၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ ဟိုတယ်များမှ အထွေထွေမန်နေဂျာများနှင့် တွေ့ဆုံပြီး ခရီးသွားလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို ကိုဗစ်ကပ်ရောဂါနှင့်အတူ ယှဉ်တွဲလုပ်ကိုင်သွားကြရမည်ဖြစ်သည့်အတွက် ကျန်းမာရေးကို အထူးအလေးထားဆောင်ရွက်သွားကြရန် လိုအပ်ကြောင်း၊ နိုင်ငံတော်သို့ ပေးသွင်းရမည့် အခွန်အခများကိုလည်း တာဝန်သိစွာ ဆောင်ရွက်ကြစေလိုကြောင်း ပြောကြားပြီး တင်ပြချက်များအပေါ် ညှိနှိုင်းပေါင်းစပ်ပေးသည်။

ဒီဇင်ဘာ ၇ ရက် နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးသည် တာဝန်ရှိသူများနှင့်အတူ ပြင်ဦးလွင်မြို့ ဟိုတယ်ရွှေနန်းထိုက် အစည်းအဝေးခန်းမ၌ ဟိုတယ်နှင့် ခရီးသွားလုပ်ငန်းရှင်များအား တွေ့ဆုံပြီး ဟိုတယ်များအနေဖြင့် ကိုဗစ်စည်းကမ်းများနှင့်အတူ ထိန်းသိမ်းဆောင်ရွက်သွားကြရမည် ဖြစ်ကြောင်း၊ ပြင်ဦးလွင်၌ ရှိရင်းသမားရိုးကျ ဆွဲဆောင်မှုများသာမက ပြည်သူများစိတ်ဝင်စားမည့် ဆွဲဆောင်မှုအသစ်များ ဆန်းသစ်ထွက်ပေါ်လာစေရန် ဝိုင်းဝန်းပူးပေါင်း ဖော်ထုတ်ကြစေလိုကြောင်း မှာကြားပြီး တင်ပြချက်အပေါ် ညှိနှိုင်းပေါင်းစပ်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

# စစ်တက္ကသိုလ်၏ (၆၂)ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကျင်းပ

နေပြည်တော် ဒီဇင်ဘာ ၈

စစ်တက္ကသိုလ်၏ (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ပြင်ဦးလွင်တပ်နယ်ရှိ စစ်တက္ကသိုလ် ဘွဲ့နှင်းသဘင်ခန်းမ၌ ကျင်းပရာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး ဗိုလ်မှူးချုပ် ဇော်မင်းလတ်၊ စစ်တက္ကသိုလ် ပါမောက္ခချုပ် ဗိုလ်မှူးကြီး သိန်းလွင်နှင့် စစ်တက္ကသိုလ်မှ ပညာရေးအဖွဲ့ဝင်များ တက်ရောက်ကြသည်။ **(ယာပုံ)**



ဦးစွာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များ ဘွဲ့နှင်းသဘင်ခန်းမသို့ ဝင်ရောက်၍ သတ်မှတ်နေရာများတွင် နေရာယူကြပြီးနောက် နိုင်ငံတော်သီချင်း တီးမှုတ်ကာ ဘွဲ့နှင်းသဘင်အခမ်းအနားကို ဖွင့်လှစ်သည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင် ကျင်းပကြောင်း ကြေညာပြီး ဘွဲ့ယူမည့်သူများ စောင့်ထိန်းရမည့် ကျင့်ဝတ်များကို လိုက်နာကျင့်သုံးရန် ကတိခံဝန်မှုပြုခြင်းကို ဆောင်ရွက်ကြသည်။

ဆက်လက်၍ ပါမောက္ခချုပ်က ဝိဇ္ဇာဘွဲ့ရရှိသူ ၆၀၊ စီးပွားရေးပညာဘွဲ့ရရှိသူ ၂၀၊ ဝါဏိဇ္ဇဗေဒဘွဲ့ရရှိသူ ၁၀ ဦး၊ သိပ္ပံဘွဲ့ရရှိသူ ၂၇၆ ဦး၊ ကွန်ပျူတာသိပ္ပံဘွဲ့ရရှိသူ ၁၁၄ ဦးနှင့် ကွန်ပျူတာနည်းပညာဘွဲ့ရရှိသူ ၁၀၈ ဦးတို့ကို ဘွဲ့လက်မှတ်များ ချီးမြှင့်အပ်နှင်းသည်။ ထို့နောက် ပါမောက္ခချုပ်က ဘွဲ့ရသူများကို ဘွဲ့များနှင့် လျော်ညီသော အမှတ်လက္ခဏာဖြစ်သည့် ဝတ်စုံများကို ဝတ်ဆင်ခွင့်ပြုခဲ့ပြီး ဘွဲ့နှင်းသဘင် မှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုးသည်။

ယင်းနောက် ပါမောက္ခချုပ်က ဘွဲ့နှင်းသဘင်မိန့်ခွန်း ပြောကြားပြီး အခမ်းအနားကို ရုပ်သိမ်းကြောင်း ကြေညာကာ စစ်တက္ကသိုလ် ကျောင်းအုပ်ကြီး၊ ပါမောက္ခချုပ်နှင့် ပညာရေးအဖွဲ့ဝင်များသည် ဘွဲ့နှင်းသဘင်ခန်းမမှ ပြန်လည်ထွက်ခွာသွားကြသည်။

စစ်တက္ကသိုလ်အနေဖြင့် ပထမအကြိမ် ဘွဲ့နှင်းသဘင်မှ ယခု (၆၂) ကြိမ်မြောက် ဘွဲ့နှင်းသဘင်အထိ ကျောင်းဆင်းအရာရှိပေါင်း ၃၃၀၆၅ ဦးကို အခြေခံဘွဲ့များ ပေးအပ် ချီးမြှင့်နိုင်ခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများ ပြည်ပမှ အဆင်ပြေချောမွေ့စွာ တင်သွင်းနိုင်ရေး ဆောင်ရွက်ပေးလျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၈

စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာနအနေဖြင့် ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာပစ္စည်းများကို လေကြောင်း၊ ပင်လယ်ရေကြောင်းနှင့် နယ်စပ်ကုန်သွယ်ရေးစခန်းများမှ နှောင့်နှေးကြန့်ကြာမှုမရှိ တင်သွင်းနိုင်ရေးအတွက် အချိန်နှင့်တစ်ပြေးညီ စီစဉ်ဆောင်ရွက်ပေးလျက်ရှိရာ ယနေ့တွင် မူဆယ် (၁၀၅) မိုင် ကုန်သွယ်ရေးဇုန်၊ မြဝတီကုန်သွယ်ရေးဇုန်နှင့် ချင်းရွှေဟော်ကုန်သွယ်ရေးစခန်းတို့မှ ကုမ္ပဏီခုနစ်ခု၊ ယာဉ် ၁၄ စီးဖြင့် အောက်ဆီဂျင်အရည် (Bowser) လေးစီးဖြင့် ၇၇ တန်နှင့် နှာခေါင်းစည်း (Mask) ၇၄ တန်တို့ကို တင်သွင်းခဲ့ကြောင်း သိရှိရသည်။ အောက်ဆီဂျင်အရည် (Bowser) လေးစီးအနက် နှစ်စီးမှာ မူဆယ် (၁၀၅) မိုင်ကုန်သွယ်ရေးဇုန်မှ မန္တလေးမြို့သို့ဖြစ်ပြီး ကျန်နှစ်စီးမှာ မြဝတီကုန်သွယ်ရေးဇုန်မှ မုံရွာမြို့နှင့် ရန်ကုန်မြို့များသို့ ဖြစ်ကြောင်း သိရသည်။

ကိုဗစ်-၁၉ ရောဂါ ကာကွယ်၊ ထိန်းချုပ်၊ ကုသရေးဆိုင်ရာ ပစ္စည်းများကို သက်ဆိုင်ရာဌာနများနှင့် ညှိနှိုင်းထားသည့် SOP များနှင့်အညီ ဦးစားပေးတင်သွင်းခွင့်ပြုပေးလျက်ရှိပါကြောင်းနှင့် ဆေးဝါးနှင့် ဆက်စပ်ပစ္စည်းများ တင်သွင်းခြင်းနှင့် ဆက်စပ်သည့် အသိပေးကြေညာချက်များကိုလည်း အများပြည်သူသိရှိစေရန် ဝန်ကြီးဌာန Website ဖြစ်သည့် commerce.gov.mm တွင် ဝင်ရောက်ကြည့်ရှုနိုင်ရေး စီစဉ်ဆောင်ရွက်ပေးထားကြောင်း သိရသည်။

သတင်းစဉ်

*ကျောဖုံးမှ*

မြန်မာအသင်းနည်းပြချုပ် အန်တွမ်နီဟေးသည် နိုင်ပွဲပြန်လည်ရယူနိုင်ရန်အတွက် ပွဲထွက်လူစာရင်းကို အပြောင်းအလဲပြုလုပ်ခဲ့ပြီး သန်းပိုင်၊ မောင်မောင်လွင်တို့၏ သွင်းဂိုးများဖြင့် အနိုင်ရခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းသည် ပွဲထွက်လူစာရင်းကို လေးဦးအထိ အပြောင်းအလဲပြုလုပ်ခဲ့ပြီး သန်းပိုင်၊ မောင်မောင်လွင်၊ ဟိန်းထက်အောင်၊ မြတ်ကောင်းခန့်၊ လှိုင်းဘိုဘို၊ လွင်မိုးအောင်၊ ဆွမ်လမန်၊ ဝင်းမိုးကျော်၊ ဟိန်းဖြိုးဝင်း၊ ဒေးဗစ်ထန်၊ မျိုးမင်းလတ်(ဂိုး)တို့ဖြင့် ပွဲထွက်ခဲ့သည်။ တီမောအသင်းကလည်း ယခုပွဲအနိုင်ရမှ နောက်တစ်ဆင့်တက်ရောက်ရန် မျှော်လင့်နိုင်မည်ဖြစ်သောကြောင့် နိုင်ပွဲရရန် ကြိုးပမ်းခဲ့ရာ မြန်မာအသင်းအတွက် ခက်ခဲသည့်ပွဲတစ်ပွဲဖြစ်ခဲ့သည်။ တီမောအသင်း၏ အဆုံးသတ်အားနည်းမှု၊ မြန်မာဂိုးသမား မျိုးမင်းလတ် အမှားအယွင်းမရှိမှုများကြောင့် မြန်မာအသင်း ပေးဂိုးမရှိဘဲ အနိုင်ရခဲ့ခြင်းဖြစ်သည်။ ၁၄ မိနစ်တွင် မြန်မာအသင်း ဂိုးစတင်ရရှိခဲ့ပြီး တီမောနောက်ခံလူ၏ ဖျက်ထုတ်ပုံမသေသပ်မှုမှ ပြန်လျှံထွက်လာသောဘောလုံးကို သန်းပိုင်က ခေါင်းတိုက်သွင်းယူခဲ့ခြင်းဖြစ်သည်။ ဒုတိယဂိုးကိုမူ ဒုတိယပိုင်းအစ မိနစ် ၅၀ တွင် ဟိန်းထက်အောင်၏ ပေးပို့မှုမှတစ်ဆင့် မောင်မောင်လွင်က သွင်းယူခဲ့ခြင်းဖြစ်သည်။ မြန်မာအသင်းသည် ဒုတိယပိုင်းတွင် ပွဲကို ထိန်းချုပ်နိုင်ခဲ့ပြီး ကစားသမားများပြောင်းလဲကာ အနိုင်ရလဒ်ကို ထိန်းကစားခဲ့သည်။


မြန်မာအသင်းသည် နှစ်ပွဲကစား တစ်ပွဲနိုင်၊ တစ်ပွဲရှုံး သုံးမှတ်ရရှိထားပြီး တီမောအသင်းမှာမူ နှစ်ပွဲစလုံးရှုံးကာ အမှတ်မရသေးပေ။ မြန်မာအသင်းသည် တတိယပွဲအဖြစ် ဒီဇင်ဘာ ၁၁ ရက်တွင် ထိုင်းအသင်းနှင့် ကစားရမည်ဖြစ်သည်။

ရဲရင့်လွင်

# လီဆူတိုင်းရင်းသား သမိုင်းကြောင်းစာအုပ်နှင့် လီဆူတိုင်းရင်းသားဝတ်စုံ လှူဒါန်းခြင်းအခမ်းအနားကျင်းပ

**နေပြည်တော် ဒီဇင်ဘာ ၈**

(၇၅) နှစ်မြောက် စိန်ရတုပြည်ထောင်စုနေ့ကို ကြိုဆိုသောအားဖြင့် လီဆူတိုင်းရင်းသား သမိုင်းကြောင်းစာအုပ်နှင့် လီဆူတိုင်းရင်းသားဝတ်စုံလှူဒါန်းခြင်းအခမ်းအနားကို ယနေ့ မွန်းလွဲ ၂ နာရီခွဲတွင် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ ညှိနှိုင်းခန်းမ၌ ကျင်းပသည်။



အခမ်းအနားသို့ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်၊ ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်၊ ဒုတိယဝန်ကြီး ဦးဇော်အေးမောင်နှင့် တာဝန်ရှိသူများ၊ အလှူရှင်များ တက်ရောက်ကြသည်။

အခမ်းအနားတွင် သမိုင်းပညာရှင် ဒေါက်တာခင်စောနွဲ့ (ပါမောက္ခ ဌာနမှူး-ငြိမ်း)၊ ရန်ကုန်တက္ကသိုလ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဝင် မန်းငြိမ်းမောင်နှင့် ပြည်ထောင်စုဝန်ကြီး ဦးစောထွန်းအောင်မြင့်တို့ထံ လီဆူတိုင်းရင်းသား သမိုင်းကြောင်းစာအုပ်အား ပေးအပ် လှူဒါန်းခဲ့ပြီး နေပြည်တော်ရှိ လီဆူတိုင်းရင်းသားမျိုးနွယ်စုကိုယ်စား ဦးဇယ်ဒေါင်(ခ)လာအားဆာက လီဆူတိုင်းရင်းသား ဝတ်စုံများကို ပြည်ထောင်စုဝန်ကြီးထံ ပေးအပ်လှူဒါန်းသည်။

ယင်းနောက် တိုင်းရင်းသားလူမျိုးများရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည်ပေးအပ်သည်။

အခမ်းအနား၌ ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က အမှာစကားပြောကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီး၊ ဒုတိယဝန်ကြီးနှင့် တာဝန်ရှိသူများ၊ မြန်မာနိုင်ငံ တိုင်းရင်းသားလုပ်ငန်းရှင်များအသင်းမှ တာဝန်ရှိသူများက အထွေထွေဆွေးနွေးကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" ပထမအကြိမ်နှင့် ဒုတိယအကြိမ်တို့တွင် အောင်မြင်မှုများရရှိသကဲ့သို့ ယခုပြုလုပ်မည့် "သွေးချင်းတို့ရဲ့ ပွဲတော်ဆီ" (တတိယ)အကြိမ် ပွဲတော်ကို Virtual Celebration ဖြင့် ကျင်းပထုတ်လွှင့်ခြင်းဖြင့် တစ်ကမ္ဘာလုံးက ကြည့်ရှုနိုင်မည်ဖြစ်သည့်အတွက် အခက်အခဲစိန်ခေါ်မှုများ ရှိသော်လည်း စည်းလုံးညီညွတ်စွာဖြင့် ဆောင်ရွက်မည်ဆိုပါက အောင်မြင်မည်ဖြစ်ကြောင်း ပြောကြားသည်။

**သတင်းစဉ်**

# တရုတ်နိုင်ငံ CITIC Group နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်တို့ MOA လက်မှတ်ရေးထိုး

## ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့် ဓာတ်မြေဩဇာများကို နှစ်စဉ်နှစ်ဖက်ညှိနှိုင်းမှုဖြင့် ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ခြင်းကို အားပေး

နေပြည်တော် ဒီဇင်ဘာ ၈

**တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ CITIC Group နှင့် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်တို့ လက်မှတ်ရေးထိုးသည့် Memorandum of Agreement လက်မှတ်ရေးထိုးပွဲအခမ်းအနားကို ယနေ့ နံနက် ၉ နာရီတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ Virtual စနစ်ဖြင့် ကျင်းပသည်။**



**ပိုမိုကောင်းမွန်အကျိုးရှိနိုင်**

အခမ်းအနားတွင် စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာပွင့်ဆန်းက ယခုချုပ်ဆိုမည့် Memorandum of Agreement တွင် ရေရှည် ညှိနှိုင်းဆောင်ရွက်ရမည့် လယ်ယာကဏ္ဍ၌ ရင်းနှီးမြှုပ်နှံမှုများကို ဆောင်ရွက်ခြင်းအပြင် ကာလတိုတွင် အကျိုးရှိပြီး ချက်ချင်းဖော်ဆောင်နိုင်မည့် ကုန်သွယ်မှု အပိုင်းကိုပါ ထည့်သွင်းထားခြင်းသည် ပိုမိုကောင်းမွန်အကျိုးရှိနိုင်မည်ဟု ယုံကြည်ပါကြောင်း၊ MOA အရ ဆန်၊ ဆန်ကွဲ၊ ပြောင်းနှင့် ဓာတ်မြေဩဇာများကို နှစ်စဉ်နှစ်ဖက်ညှိနှိုင်းမှုဖြင့် ကုန်သွယ်ရောင်းဝယ်မှုပြုလုပ်ခြင်းကို ဝန်ကြီးဌာနအနေဖြင့် အထူးအားပေးပါကြောင်း၊ မြန်မာနိုင်ငံသည် လယ်ယာစိုက်ပျိုးရေးကို အဓိကထားလုပ်ကိုင် ဆောင်ရွက်သည့် နိုင်ငံဖြစ်သည့်အတွက် လယ်ယာကဏ္ဍမှထွက်ရှိသည့် ဆန်၊ ပြောင်း၊ ပဲမျိုးစုံစသည့် လယ်ယာထွက်ကုန်ပစ္စည်းများကို အရည်အသွေးပြည့်မီစွာ တင်ပို့နိုင်ရေးနှင့် ဈေးကွက်တည်ငြိမ်မှုရရှိရေးသည် လွန်စွာအရေးကြီးသည့်ကိစ္စရပ်ဖြစ်ပါကြောင်း၊ လယ်ယာကဏ္ဍ ပူးပေါင်းဆောင်ရွက်မှုမှတစ်ဆင့် တရုတ်-မြန်မာ ဆွေမျိုးပေါက်ဖော်ချစ်ကြည်ရေးကို ပိုမိုမြှင့်တင်ဆောင်ရွက်နိုင်မည်ဟု ယုံကြည်ပါကြောင်း၊ တရုတ်နိုင်ငံ၏ Belt and Road အစီအစဉ်နှင့် ချိတ်ဆက်ပူးပေါင်းကာ ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေး၊ စားနပ်ရိက္ခာဘေးကင်းလုံခြုံရေးနှင့် တောင်သူလယ်သမားများ၏ စီးပွားရေးအခွင့်အလမ်းများ တိုးတက်ရရှိကာ ကျေးလက်ဒေသဖွံ့ဖြိုးရေးကိုပါ ဖော်ဆောင်ပေးရန် အရေးကြီးကြောင်း ပြောကြားသည်။

**အမှာစကားပြောကြား**

ထို့နောက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ် ဥက္ကဋ္ဌ ဦးရဲမင်းအောင်၊ CITIC Group ဥက္ကဋ္ဌ Mr. Chen Xiaojia တို့က အမှာစကားပြောကြားသည်။

ဆက်လက်၍ လယ်ယာကဏ္ဍ ထုတ်ကုန်များအတွက် ကျယ်ကျယ်ပြန့်ပြန့်ပူးပေါင်း ဆောင်ရွက်နိုင်ရန် MOU အဆင့်မှ MOA အဆင့်တိုးမြှင့်ချုပ်ဆိုခြင်းစာချုပ်ကို လက်မှတ်ရေးထိုးကာ အပြန်အလှန်လဲလှယ်ခဲ့ကြကြောင်း သိရသည်။ **သတင်းစဉ်**

# ဒေသတွင်းစိုက်ပျိုးမွေးမြူရေး ကုန်ထုတ်လုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေး လိုအပ်ချက်များ ပေါင်းစပ်ညှိနှိုင်း

**နေပြည်တော် ဒီဇင်ဘာ ၈**

ဒေသတွင်း စားနပ်ရိက္ခာဖူလုံရေးနှင့် ပြည်သူများ၏ စားသောက်ရေးကို အထောက်အကူဖြစ်စေရန်အတွက် ယနေ့တွင် အရှေ့တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်ချုပ် ကိုကိုမောင်နှင့်အဖွဲ့ဝင် များသည် ကရင်ပြည်နယ် ဘားအံမြို့နယ်ရှိ နယ်မြေခံတပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကို လည်းကောင်း၊ အနောက်တောင်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် အောင်အောင်နှင့် အဖွဲ့ဝင်များသည် ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ရှိ နယ်မြေခံတပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများကိုလည်းကောင်း၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်ချုပ် ထင်လတ်ဦးနှင့်အဖွဲ့ဝင်များသည် ချင်းပြည်နယ် ပလက်ဝမြို့ရှိ နယ်မြေခံတပ်၏ မွေးမြူထားရှိသော ဥစားကြက်မွေးမြူရေးလုပ်ငန်းနှင့် DYL ဝက်မွေးမြူရေးခြံတို့ကိုလည်းကောင်း သွားရောက်ကြည့်ရှု၍ တာဝန်ရှိသူများနှင့် တွေ့ဆုံကာ ကုန်ထုတ်လုပ်မှုလုပ်ငန်းများ ရာနှုန်းပြည့်ဆောင်ရွက်နိုင်ရေးနှင့် လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်တိုင်းမှူး ဗိုလ်ချုပ်ထင်လတ်ဦးနှင့် အဖွဲ့ ပလက်ဝမြို့နယ်ရှိ နယ်မြေခံတပ်၏ စိုက်ပျိုးမွေးမြူရေးလုပ်ငန်းများအား ကြည့်ရှုစစ်ဆေးစဉ်။

# ပြင်ဦးလွင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ကြည့်ရှုစစ်ဆေး

နေပြည်တော် ဒီဇင်ဘာ ၈

**သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးလှမိုးသည် ယနေ့မွန်းလွဲပိုင်းက ပြင်ဦးလွင်မြို့နယ်အတွင်း သမဝါယမလုပ်ငန်းများ ပိုမိုအောင်မြင် ဖွံ့ဖြိုးတိုးတက်စေရေးနှင့် ဒေသဖွံ့ဖြိုးရေး လုပ်ငန်းများ အကောင်အထည်ဖော် ဆောင်ရွက်နေမှုများကို ကြည့်ရှုစစ်ဆေးသည်။**



ရှေးဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့နယ် သမဝါယမဦးစီးဌာနရုံး၌ ဦးစီးဌာနများမှ တိုင်းဒေသကြီးတာဝန်ခံများ၊ မြို့နယ်သမဝါယမအသင်းစုချုပ်မှ တာဝန်ရှိသူများနှင့် တွေ့ဆုံပြီး မိမိတို့နိုင်ငံ၏ ၇၀ ရာခိုင်နှုန်းသော ကျေးလက်နေပြည်သူများ၏ စားဝတ်နေရေး အဆင်ပြေစေရေးအတွက် အလုပ်အကိုင် အခွင့်အလမ်းများရရှိရန်၊ အရင်းအနှီးများ ရရှိရန်နှင့် ကျေးလက်အခြေခံအဆောက်အအုံများ ဖွံ့ဖြိုးတိုးတက်ရန် စသည့်လုပ်ငန်းများကို မိမိတို့ဝန်ကြီးဌာနမှ အကောင်အထည်ဖော် ဆောင်ရွက်နေပါကြောင်း၊ တရုတ်နိုင်ငံမှ ချေးယူထားသော EXIM Bank ချေးငွေကိစ္စကို စိစစ်ဖြေရှင်းပြီး ချေးငွေလက်ကျန်များ ပြန်လည်ရရှိရန် ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း။

တံတားဦး၊ စဉ့်ကိုင်၊ ကျောက်ဆည်နှင့် မတ္တရာမြို့နယ်တို့တွင် ဆိတ်၊ နွား စသည့်မွေးမြူရေးလုပ်ငန်းများ ဆောင်ရွက်လိုသူများကို ကူညီဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း၊ ပြည်သူလူထုထံ ချေးငွေများ ကူညီထောက်ပံ့ရာတွင် မိမိတို့ဝန်ကြီးဌာနအနေဖြင့် "အရှုံးမရှိ၊ အမြတ်မယူ" စနစ်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း မှာကြားသည်။

## ကြည့်ရှုစစ်ဆေး

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ဘိုးနေဒွန်းကျေးရွာသို့ ရောက်ရှိ၍ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ အကောင်အထည်ဖော်ဆောင်ရွက်နေသည့် ရေရရှိရေးလုပ်ငန်း ဆောင်ရွက်နေမှုကိုလည်းကောင်း၊ ရေသရောက်ကုန်းကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးစီမံကိန်း (VDP) ဖြင့် ဆောင်ရွက်သော အလျား ပေ ၉၆၀၊ အနံ ၁၂ ပေနှင့် အမြင့် ၉ လက်မရှိ ကတ္တရာလမ်းဖောက်လုပ်ခြင်း လုပ်ငန်းခွင်ကိုလည်းကောင်း ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်းနှင့် ကတ္တရာလမ်း ဖောက်လုပ်ခြင်းလုပ်ငန်းအတွက် အလှူငွေကျပ်သိန်း ၅၀ လှူဒါန်းခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာလုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဒီဇင်ဘာ ၈

**(၁၀) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော်မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချခြင်းဆိုင်ရာ ဝန်ကြီးများအဆင့် အစည်းအဝေးကို ယနေ့တွင် မြန်မာနိုင်ငံက အိမ်ရှင်အဖြစ် ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် လက်ခံကျင်းပသည်။** (အောက်ပုံ)




အစည်းအဝေးသို့ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီနှင့် အဆင့်မြင့်အရာရှိကြီးများ၊ မဲခေါင်ဒေသခွဲနိုင်ငံများဖြစ်ကြသော ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများနှင့် အဆင့်မြင့်အရာရှိများ၊ အာဆီယံအတွင်းရေးမှူးချုပ်ရုံးနှင့် အာဆီယံဆိုင်ရာ မိုးလေဝသဌာန (ASEAN Specialized Meteorological Center) တို့မှ ကိုယ်စားလှယ်များ တက်ရောက်ကြပြီး သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေး ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက သဘာပတိအဖြစ် ဆောင်ရွက်သည်။

## ပူးပေါင်းဆောင်ရွက်သွားမည်

အစည်းအဝေးတွင် ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက ယနေ့ကမ္ဘာတွင် သဘာဝသယံဇာတများ ရှားပါးခြင်း၊ သစ်တောပြုန်းတီးခြင်း၊ သဘာဝဂေဟစနစ်ပျက်စီးခြင်း၊ ဇီဝမျိုးစုံမျိုးကွဲ အရင်းအမြစ်များ ယိုယွင်းလာခြင်း၊ ရေညစ်ညမ်းမှုနှင့် လေညစ်ညမ်းမှုစသည့် သဘာဝပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာများနှင့် စိန်ခေါ်မှုမျိုးစုံဖြင့် ခြိမ်းခြောက်လျက်ရှိကြောင်း၊ မဲခေါင်ဒေသအတွင်း သစ်တောများ၊ ဒေသမျိုးရင်းအပင်များနှင့် တိရစ္ဆာန်များ၊ သတ္တုတွင်းထွက်ပစ္စည်းများ၊ စိမ့်မြေများနှင့် အဏ္ဏဝါအရင်းအမြစ်များ စသည့် ထူးခြားကွဲပြားသော ဂေဟစနစ်များ ကြွယ်ဝသော်လည်း ယခုအခါ ပျက်စီးယိုယွင်းမှုများနှင့် ကြုံတွေ့နေမှုအပေါ် ကာကွယ်နိုင်ရေးအတွက် ဒေသတွင်း ပူးပေါင်းဆောင်ရွက်မှုသည် အရေးကြီးကြောင်း၊ အထူးသဖြင့် တောမီးများနှင့် နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှုသည် မဲခေါင်နိုင်ငံများ အပါအဝင် အာဆီယံဒေသအတွင်း အရေးတကြီး ပူးပေါင်းဖြေရှင်းရမည့် ဒေသအတွင်း ပတ်ဝန်းကျင်ဆိုင်ရာ ပြဿနာဖြစ်ပါကြောင်း၊ မြန်မာနိုင်ငံအနေဖြင့် အမျိုးသားအဆင့် မီးခိုးမြူငွေ့ညစ်ညမ်းမှု ထိန်းချုပ်ရေးဆိုင်ရာ လုပ်ငန်းစီမံချက်ကို ရေးဆွဲအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း၊ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချခြင်း သဘောတူညီချက်ကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် မဲခေါင်ဒေသနိုင်ငံအားလုံးနှင့် အနီးကပ်ပူးပေါင်း ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ပြောကြားသည်။

## သုံးသပ်ဆွေးနွေး

ဆက်လက်၍ အာဆီယံဆိုင်ရာ မိုးလေဝသဌာနမှ မဲခေါင်ဒေသအတွင်း မီးခိုးမြူငွေ့ဖြစ်ပေါ်ခဲ့မှု အခြေအနေများကို သုံးသပ်တင်ပြဆွေးနွေးခြင်း၊ (၁၆) ကြိမ်မြောက် မဲခေါင်ဒေသခွဲနိုင်ငံများ၏ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှု လျှော့ချခြင်းဆိုင်ရာ လုပ်ငန်းကော်မတီ၏ အစီရင်ခံစာကို မြန်မာနိုင်ငံ ကိုယ်စားလှယ်မှ တင်ပြဆွေးနွေးခြင်းနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံး ကိုယ်စားလှယ်မှ နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ ညစ်ညမ်းမှုထိန်းချုပ်ရေးဆိုင်ရာ၊ အာဆီယံပူးပေါင်းဆောင်ရွက်ရေး လမ်းပြမြေပုံဆိုင်ရာ၊ အာဆီယံသစ်ဆွေးမြေ စီမံခန့်ခွဲမှု မဟာဗျူဟာဆိုင်ရာတို့ အပေါ် သုံးသပ်ဆွေးနွေးခြင်းများ ဆောင်ရွက်ကြသည်။

သုံးသပ် ဆွေးနွေးချက်များ အပေါ် အာဆီယံဆိုင်ရာ မိုးလေဝသဌာနက နည်းပညာပိုင်းဆိုင်ရာ ကူညီမှုများကို ဆက်လက်ပံ့ပိုး ဆောင်ရွက်ပေးသွားရန်၊ နိုင်ငံအလိုက်မီးလောင်ကျွမ်းမှုလျှော့ကျရေး လုပ်ငန်းစီမံချက်များ ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်ရန်၊ ဒေသအတွင်း ပူးပေါင်းဆောင်ရွက်ခြင်းကို မြှင့်တင်သွားရန်နှင့် ချင်းရိုင်(၂၀၁၇)လုပ်ငန်းစီမံချက်အရ မီးလောင်ကျွမ်းမှု အရေအတွက် (Hot Spot) လျှော့ကျရေး ရည်မှန်းချက် ပြင်ဆင်ခြင်းတို့ကို အစည်းအဝေးမှ အတည်ပြု သတင်းထုတ်ပြန်ခဲ့သည်။

ယင်းနောက် ကမ္ဘောဒီးယားနိုင်ငံ၊ လာအိုနိုင်ငံ၊ ထိုင်းနိုင်ငံ၊ ဗီယက်နမ်နိုင်ငံ ပတ်ဝန်းကျင်ဆိုင်ရာ ဝန်ကြီးများနှင့် အာဆီယံအတွင်းရေးမှူးချုပ်ရုံးမှ ကိုယ်စားလှယ်တို့က ဒေသအတွင်း နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့ညစ်ညမ်းမှု လျှော့ချရေးနှင့် စပ်လျဉ်း၍ အမှာစကား ပြောကြားပြီး အစည်းအဝေး သဘာပတိ ပြည်ထောင်စုဝန်ကြီး ဦးခင်မောင်ရီက နယ်စပ်ဖြတ်ကျော် မီးခိုးမြူငွေ့လျှော့ချရေး လမ်းပြမြေပုံ ရည်မှန်းချက်များ အောင်မြင်ရေးအတွက် ပိုမိုမြှင့်တင်ရာတွင် များစွာအထောက်အကူပြုမည်ဖြစ်သဖြင့် ဆွေးနွေးပေးသော ဝန်ကြီးများနှင့် အဆင့်မြင့် ကိုယ်စားလှယ်များ၊ ပညာရှင်များအားလုံးကို ကျေးဇူးတင်ရှိကြောင်း နိဂုံးချုပ် အမှာစကား ပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် ပြင်ဦးလွင်မြို့ရှိ မေမြို့ ထင်းကြိုးဝိုင်းအတွင်း မြန်မာနိုင်ငံ သစ်တောကျောင်း လေ့ကျင့်သင်ကြားရေး သစ်တောဧက ၅၀၀ သို့သွား၍ ကွင်းဆင်းကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူများက ကျွန်းရတနာ ရှင်းလင်းဆောင်၌ လေ့ကျင့်ရေးသစ်တောနှင့် ပတ်သက်သည့် အချက်အလက်များအား ရှင်းလင်းတင်ပြသည်။

## ကြည့်ရှုစစ်ဆေး

ထို့နောက် ပြည်ထောင်စုဝန်ကြီးက မေမြို့ ထင်းကြိုးဝိုင်းအတွင်း တိုးတက်ကောင်းမွန်လာသော တောအခြေအနေများအား ကြည့်ရှုစစ်ဆေးခဲ့ပြီး သဘာဝတောထိန်းသိမ်းမှု ကောင်းမွန်၍ ဇီဝမျိုးစုံမျိုးကွဲ ကြွယ်ဝသည့်အတွက် လေ့ကျင့်ရေးသစ်တောအား ဆက်လက်၍ ထိန်းသိမ်းကာကွယ်စောင့်ရှောက်သွားရန် မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

## မနက်ဖြန်အတွက် ခန့်မှန်းချက်

**နေပြည်တော် ဒီဇင်ဘာ ၈**

မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်း၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်နှင့် ချင်းပြည်နယ်တို့တွင် ညအပူချိန်များ အနည်းငယ်လျော့နည်းနိုင်သည်။

ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ ကပ္ပလီပင်လယ်ပြင်၊ ဘင်္ဂလားပင်လယ်အော်အရှေ့တောင်ပိုင်းနှင့် အရှေ့အလယ်ပိုင်းတို့တွင် တိမ်အနည်းငယ်ဖြစ်ထွန်းနေပြီး ကျန်ဘင်္ဂလားပင်လယ်အော်တွင် တိမ်အသင့်အတင့်ဖြစ်ထွန်းနေသည်။

မြန်မာ့ပင်လယ်ပြင်အခြေအနေမှာ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်သည်။

**မိုး/ဇလ**

# ဒီဇင်ဘာ ၈ ရက် ည ၈ နာရီ ထုတ်ပြန်ချက်အရ ကိုဗစ်-၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာသစ် ၃၉၈ ဦးတွေ့ရှိ

## ထပ်မံသေဆုံးသူ ၅ ဦးရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း ၁၉၁၅၇ ဦးရှိ

**(၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

ကျန်းမာရေးဝန်ကြီးဌာနအနေဖြင့် နိုင်ငံအတွင်း ကူးစက်ဖြစ်ပွားနေသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်၊ ကုသ၊ ထိန်းချုပ်ရေးလုပ်ငန်းများကို အရှိန်အဟုန်မြှင့်ဆောင်ရွက်လျက်ရှိရာ ရောဂါထိန်းချုပ်ရေးလုပ်ငန်းများ အောင်မြင်နိုင်ရေးအတွက် **ပြည်သူလူထုအနေဖြင့် ကျန်းမာရေးဝန်ကြီးဌာနမှ ထုတ်ပြန်ထားသော ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးဆိုင်ရာစည်းကမ်းများကို စနစ်တကျ လိုက်နာဆောင်ရွက်ရန်လိုအပ်ပြီး ကိုဗစ်–၁၉ ကာကွယ်ဆေးထိုးနှံမှုခံယူခြင်းအား အထူးဂရုပြု ပူးပေါင်းဆောင်ရွက်ကြရန်** လိုအပ်ပါသည်။

ကိုဗစ်–၁၉ သံသယလူနာများ၊ ဓာတ်ခွဲအတည်ပြုလူနာနှင့် အနီးကပ်ထိတွေ့ခဲ့သူများနှင့် အသွားအလာကန့်သတ်ထားရှိသူများအား ကိုဗစ်–၁၉ ရောဂါ ရှိ၊ မရှိ ဓာတ်ခွဲစမ်းသပ်စစ်ဆေးခြင်းအား ပုံမှန်ဆောင်ရွက်လျက်ရှိပြီး (၇–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီမှ (၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီအတွင်း ဓာတ်ခွဲနမူနာစုစုပေါင်း **(၁၈,၉၇၂)** ခုအား စစ်ဆေးပြီးစီးခဲ့ရာ ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြု လူနာသစ် (၃၉၈) ဦး တွေ့ရှိရပါသည်။ ထို့ကြောင့် **ယနေ့အတွက် ရောဂါပိုးတွေ့ရှိမှု ရာခိုင်နှုန်းမှာ (၂.၁၀) ရာခိုင်နှုန်း** ရှိပါသည်။

သို့ဖြစ်ပါ၍ ယနေ့အထိ ဓာတ်ခွဲနမူနာစုစုပေါင်း (၅,၇၃၄,၈၉၉) ခုအား စစ်ဆေးခဲ့ပြီး ကိုဗစ်–၁၉ ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း (၅၂၅,၄၀၃) ဦး ရှိပြီဖြစ်ပါသည်။

ယနေ့တွင် ဆေးရုံဆင်းခွင့်ရရှိသူ (၃၃၁) ဦး ဖြစ်သဖြင့် ယနေ့အထိ စုစုပေါင်း (၅၀၁,၅၂၀) ဦး ဆေးရုံမှဆင်းခွင့်ရရှိပြီး ဖြစ်ပါသည်။ ကိုဗစ်–၁၉ ရောဂါဖြင့် ထပ်မံသေဆုံးသူ (၅) ဦး ရှိသဖြင့် ယနေ့အထိ သေဆုံးသူ စုစုပေါင်း **(၁၉,၁၅၇)** ဦး ရှိပါသည်။

ကိုဗစ်–၁၉ ရောဂါ ကာကွယ်ထိန်းချုပ်ရေးအတွက် တိုင်းဒေသကြီး/ပြည်နယ်များတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးကို ဦးတည်အုပ်စုများသတ်မှတ်၍ ထိုးနှံပေးလျက်ရှိရာ (၇–၁၂–၂၀၂၁) ရက်နေ့အထိ လူဦးရေ စုစုပေါင်း (၁၈,၁၇၈,၄၉၄) ဦးအား ထိုးနှံပေးပြီးဖြစ်၍ ကာကွယ်ဆေးနှစ်ကြိမ်အပြည့် ထိုးနှံပြီးစီးသူ (၁၂,၅၇၉,၈၈၈) ဦး နှင့် ပထမအကြိမ်ထိုးနှံပြီးစီးသူ (၅,၅၉၈,၆၀၆) ဦး ရှိပြီဖြစ်ပါသည်။ သို့ဖြစ်ပါ၍ (၇–၁၂–၂၀၂၁) ရက်နေ့အထိ မြန်မာနိုင်ငံတွင် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးအကြိမ်ရေ စုစုပေါင်း (၃၀,၇၅၈,၃၈၂) ကြိမ် ထိုးနှံပြီး ဖြစ်ပါသည်။

**ဓာတ်ခွဲခန်းများနှင့် တိုင်းဒေသကြီး/ ပြည်နယ်များတွင် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ**

**(၈–၁၂–၂၀၂၁) ရက်နေ့၊ ည (၈:၀၀) နာရီ**

| ဓာတ်ခွဲဌာနအမည် | စစ်ဆေးခဲ့သည့် ဓာတ်ခွဲနမူနာ စုစုပေါင်း | ပိုးတွေ့ လူနာသစ် |
|---|---|---|
| ကျန်းမာရေးဝန်ကြီးဌာန၊ ဓာတ်ခွဲခန်းများ | (၁,၂၇၇) ခု | (၅၆) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် GeneXpert စက်များဖြင့် ဓာတ်ခွဲစမ်းသပ်မှုအခြေအနေ | (၁၀၀) ခု | (၃) ဦး |
| ရန်ကုန်မြို့၊ အမှတ် (၁) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၃၆၈) ခု | (၈) ဦး |
| နေပြည်တော်၊ အမှတ် (၂) တပ်မတော်ဆေးရုံကြီး (ခုတင် ၁၀၀၀) | (၄၆) ခု | (၀) ဦး |
| လားရှိုးမြို့၊ အမှတ် (၉) တပ်မတော်ဆေးရုံ (ခုတင် ၁၀၀) | (၂၇) ခု | (၁) ဦး |
| ပုဂ္ဂလိကဆေးရုံနှင့် ဓာတ်ခွဲခန်းများ | (၁,၈၇၈) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆေးရုံများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၅၉၇) ခု | (၁၇) ဦး |
| နေပြည်တော်ကောင်စီ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်ပြည်သူ့ကျန်းမာရေးဦးစီးဌာနများတွင် COVID–19 Rapid Antigen Diagnostic Test စစ်ဆေးမှုအခြေအနေ | (၁၄,၆၇၉) ခု | (၂၉၆) ဦး |
| **စုစုပေါင်း** | (၁၈,၉၇၂) ခု | (၃၉၈) ဦး |

**ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံနိုင်မှုအခြေအနေ**

**(၇–၁၂–၂၀၂၁) ရက်နေ့**

| ကာကွယ်ဆေးထိုးနှံမှု | အရေအတွက် |
|---|---|
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေ | (၅,၅၉၈,၆၀၆) ဦး |
| ကာကွယ်ဆေး (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေ | (၁၂,၅၇၉,၈၈၈) ဦး |
| ပထမအကြိမ်ထိုးနှံပြီး လူဦးရေနှင့် (၂)ကြိမ်အပြည့် ထိုးနှံပြီး လူဦးရေစုစုပေါင်း | (၁၈,၁၇၈,၄၉၄) ဦး |
| **စုစုပေါင်း ထိုးနှံပြီးသော ကာကွယ်ဆေး အကြိမ်ပေါင်း(Vaccine Doses)** | **(၃၀,၇၅၈,၃၈၂) ကြိမ်** |

- ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) ရောဂါပိုးသည် (၈–၁၂–၂၀၂၁) ရက်နေ့၊ နံနက် (၀၆:၀၀) နာရီအချိန်အထိ နိုင်ငံပေါင်း (၅၅) နိုင်ငံတို့တွင် ပျံ့နှံ့လျက်ရှိကြောင်းသိရှိရပြီး အာဖရိကနိုင်ငံများ၊ ဥရောပနိုင်ငံများ၊ အမေရိကန်၊ ကနေဒါ၊ ဂျပန်၊ တောင်ကိုရီးယား၊ ဟောင်ကောင်၊ ဩစတြေးလျနိုင်ငံ အစရှိသည်တို့တွင် အတည်ပြုတွေ့ရှိရပြီး ဖြစ်သည့်အပြင် အိမ်နီးချင်းနိုင်ငံများဖြစ်သော အိန္ဒိယနိုင်ငံနှင့် ထိုင်းနိုင်ငံ၊ ဒေသတွင်းနိုင်ငံများဖြစ်သော မလေးရှားနိုင်ငံ၊ သီရိလင်္ကာနိုင်ငံ၊ စင်ကာပူနိုင်ငံ၊ နီပေါနိုင်ငံနှင့် မော်လ်ဒိုက်နိုင်ငံတို့တွင်လည်း တွေ့ရှိကြောင်း သိရှိရပါသည်။
- ကျန်းမာရေးဝန်ကြီးဌာနသည် ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲ Omicron (အိုမီခရွန်) နှင့်ပတ်သက်၍ ကမ္ဘာတစ်ဝှမ်းဖြစ်ပွားမှု အခြေအနေများကို မျက်ခြည်မပြတ် စောင့်ကြပ်ကြည့်ရှုလျက်ရှိကာ မိမိတို့နိုင်ငံအတွင်းသို့ ဝင်ရောက်ကူးစက်မှုမရှိစေရန် အချိန်နှင့်တစ်ပြေးညီ အားသွန်ခွန်စိုက်ဆောင်ရွက်လျက်ရှိပါ၍ ပြည်သူလူထုအနေဖြင့်လည်း အဆိုပါရောဂါပိုးနှင့်ပတ်သက်၍ အလွန်အမင်း စိုးရိမ်ကြောင့်ကြခြင်းမပြုဘဲ တစ်ဦးချင်း ကိုဗစ်–၁၉ ရောဂါကာကွယ်ရေး အခြေခံစည်းမျဉ်းစည်းကမ်းများကို လိုက်နာခြင်း၊ သံသယရောဂါ လက္ခဏာရှိသူများအနေဖြင့် နီးစပ်ရာ ကျန်းမာရေးဌာနသို့ ချက်ချင်းသတင်းပေးပို့ခြင်း၊ အလှည့်ကျရရှိလာသည့် ကိုဗစ်–၁၉ ရောဂါ ကာကွယ်ဆေးထိုးနှံမှု မပျက်မကွက် အကြိမ်ပြည့်ခံယူခြင်းနှင့် ကာကွယ်ဆေးထိုးရန် ကျန်ရှိသူများကို ကာကွယ်ဆေးထိုးနှံပေးနိုင်ရန်အတွက် ကျန်းမာရေးဌာနသို့ ဆက်သွယ်ပို့ဆောင်ပေးခြင်း စသည်တို့ကို မမေ့မလျော့ သတိပြု၍ ဆောင်ရွက်ကြပါရန်နှင့် မိမိတို့နိုင်ငံသို့ ကိုဗစ်–၁၉ ဗီဇပြောင်းမျိုးကွဲများ ဝင်ရောက်ကူးစက်မလာစေရေး ကျန်းမာရေးဝန်ကြီးဌာနက ကြိုးပမ်းဆောင်ရွက်နေသည့် လုပ်ငန်းများကို ကျရာကဏ္ဍမှ တက်ကြွစွာ ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြပါရန် အသိပေးတိုက်တွန်းနှိုးဆော်အပ်ပါသည်။
- ကိုဗစ်–၁၉ ရောဂါဆိုင်ရာ သတင်းအချက်အလက်များကို ကျန်းမာရေးဝန်ကြီးဌာန၏ တရားဝင်အင်တာနက်စာမျက်နှာ **www.moh.gov.mm** တွင် ဝင်ရောက်ကြည့်ရှုနိုင်ပါသည်။

**ကျန်းမာရေးဝန်ကြီးဌာန**

## ၈-၁၂ -၂၀၂၁ ရက်၊ ကိုဗစ်-၁၉ ရောဂါဖြစ်ပွားမှု အများဆုံး ၁၀ နိုင်ငံ၏ အခြေအနေ

| စဉ် | နိုင်ငံ | ဓာတ်ခွဲအတည်ပြုလူနာ စုစုပေါင်း | ရောဂါပိုး ကင်းစင်သွားသူ | သေဆုံးသူဦးရေ စုစုပေါင်း |
|---|---|---|---|---|
| ၁။ | အမေရိကန် | ၅၀၂၇၀၁၃၆ | ၃၉၇၄၂၈၆၇ | ၈၁၂၂၀၅ |
| ၂။ | အိန္ဒိယ | ၃၄၆၅၆၈၂၂ | ၃၄၀၈၉၁၃၇ | ၄၇၃၉၅၂ |
| ၃။ | ဘရာဇီး | ၂၂၁၅၇၇၂၆ | ၂၁၃၈၆၂၇၁ | ၆၁၆၀၆၇ |
| ၄။ | ဗြိတိန် | ၁၀၅၆၀၃၄၁ | ၉၃၀၀၆၉၈ | ၁၄၅၈၂၆ |
| ၅။ | ရုရှား | ၉၈၉၅၉၉၇ | ၈၆၀၂၀၆၇ | ၂၈၄၈၂၃ |
| ၆။ | တူရကီ | ၈၉၄၃၈၃၇ | ၈၄၈၆၆၈၉ | ၇၈၂၁၅ |
| ၇။ | ပြင်သစ် | ၇၉၈၇၅၉၁ | ၇၂၁၁၄၂၃ | ၁၁၉၈၈၉ |
| ၈။ | ဂျာမနီ | ၆၂၇၀၇၆၁ | ၅၂၂၅၇၀၀ | ၁၀၄၃၆၁ |
| ၉။ | အီရန် | ၆၁၄၄၆၄၄ | ၅၉၄၃၄၆၇ | ၁၃၀၄၄၆ |
| ၁၀။ | အာဂျင်တီးနား | ၅၃၄၆၂၄၂ | ၅၂၀၅၅၃၄ | ၁၁၆၇၀၃ |

## အာဆီယံနိုင်ငံများမှ ကိုဗစ်-၁၉ ရောဂါ သတင်းထုတ်ပြန်ချက်

၈ – ၁၂ – ၂၀၂၁

| နိုင်ငံ | ကိုဗစ်–၁၉ ရောဂါ ဓာတ်ခွဲအတည်ပြုလူနာ | ရောဂါပိုး ကင်းစင်သွားသူ | ပိုးတွေ့သေဆုံး လူနာ |
|---|---|---|---|
| အင်ဒိုနီးရှား | ၄၂၅၈၃၄၀ | ၄၁၀၉၀၆၈ | ၁၄၃၉၀၉ |
| ဖိလစ်ပိုင် | ၂၈၃၅၅၉၃ | ၂၇၇၃၃၂၂ | ၄၉၇၆၁ |
| မလေးရှား | ၂၆၆၇၉၉၉ | ၂၅၇၆၈၇၀ | ၃၀၇၁၈ |
| ထိုင်း | ၂၁၅၂၃၈၄ | ၂၀၆၇၁၄၉ | ၂၁၀၃၃ |
| ဗီယက်နမ် | ၁၃၃၇၅၂၃ | ၁၀၁၁၆၅၆ | ၂၆၇၀၀ |
| မြန်မာ | ၅၂၅၄၀၃ | ၅၀၁၅၂၀ | ၁၉၁၅၇ |
| စင်ကာပူ | ၂၇၀၅၈၈ | ၂၆၁၆၃၈ | ၇၇၁ |
| ကမ္ဘောဒီးယား | ၁၂၀၃၀၀ | ၁၁၆၆၅၅ | ၂၉၇၁ |
| လာအို | ၈၃၂၉၁ | ၆၉၈၀၉ | ၂၁၉ |
| ဘရူနိုင်း | ၁၅၂၂၉ | ၁၄၉၃၂ | ၉၈ |

# မုံရွာမြို့အတွင်း လုပ်ကြံသတ်ဖြတ်မှုများနှင့် အကြမ်းဖက်ဖောက်ခွဲရေးဆောင်ရွက်ခဲ့သော MHG အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိ

**နေပြည်တော် ဒီဇင်ဘာ ၈**

မုံရွာမြို့အတွင်း ဖောက်ခွဲဖျက်ဆီးရေးနှင့် အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်ခဲ့သည့် MHG အကြမ်းဖက်အဖွဲ့ဝင်များဖြစ်သော **သီဟ(ခ)သီဟအောင်** (၃၀နှစ်)၊ **အိတုံ** (၁၉နှစ်)နှင့် **သက်နိုင်းကိုကို** (၂၂နှစ်)တို့ သုံးဦးကို မုံရွာမြို့ ဘုန်းစိုးရပ်ကွက်၌ Bretta ပစ္စတို တစ်လက်၊ Sigsauer ပစ္စတို တစ်လက်၊ လက်လုပ်ပစ္စတို တစ်လက်၊ ပစ္စတိုကျည်အိမ် နှစ်ခု၊ ၉ မမ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး နှစ်လုံး၊ လက်လုပ်သေနတ်ပြောင်းသံပိုက် လေးချောင်းတို့နှင့်အတူ ဖမ်းဆီးရမိခဲ့ပြီးဖြစ်သည်။

၎င်းတရားခံများ၏ ထွက်ဆိုချက်အရ ဒီဇင်ဘာ ၃ ရက်တွင် မုံရွာမြို့ နန္ဒဝန်ရပ်ကွက် Perfect–2 စားသောက်ဆိုင်၌ မုံရွာမြို့ ရတနာပုံရပ်ကွက်နေ **ထူးသန့်လွင်(ခ)မိုးကြိုး**(၁၉နှစ်)၊ အက်တောရွာပြင်ရပ်ကွက်နေ **အောင်ဇေယျ**(၁၉နှစ်)နှင့် နန္ဒဝန်ရပ်ကွက်နေ **ထိုက်ဇော်အောင်**(၁၈နှစ်)တို့ သုံးဦးကို ဖမ်းဆီးရမိခဲ့ပြီး ၎င်းတို့၏ ထွက်ဆိုချက်အရ ၎င်းတို့ တိမ်းရှောင်တည်းခိုနေထိုင်ခဲ့သည့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ HONEY တည်းခိုခန်းအား သွားရောက်ရှာဖွေခဲ့ရာ တည်းခိုခန်းပိုင်ရှင် **ပွတ်စပါးဒေဝီ** (၅၈နှစ်)နှင့် မန်နေဂျာ **အောင်ကျော်မြင့်** (၂၇နှစ်)တို့ နှစ်ဦးကို ထပ်မံဖမ်းဆီးရမိခဲ့သည်။

ဖြစ်စဉ်တွင် တရားခံ **ကျား ခုနစ် ဦး၊ မ တစ်ဦး၊ ပေါင်း ရှစ်ဦးနှင့်** ပစ္စတိုသုံးလက်၊ ကျည်အိမ်နှစ်ခု၊ ကျည် ၁၀ တောင့်၊ လက်လုပ်ဗုံး နှစ်လုံးတို့အား ဖမ်းဆီးရမိခဲ့သည်။

ဖမ်းဆီးရမိ တရားခံများအနက် **သက်နိုင်းကိုကို** သည် မုံရွာမြို့နယ် သာစည်ရွာအနီးတွင် လည်းကောင်း၊ **အိတုံ** သည် ဖားကန့်မြို့နယ် မော်ကုဋ္ဌေကျေးရွာအနီးရှိ KIA သင်တန်းကျောင်းတွင် လည်းကောင်း၊ ဖောက်ခွဲဖျက်ဆီးရေးအကြမ်းဖက်သင်တန်းအား တက်ရောက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

လက်နက်/ခဲယမ်း ရရှိမှုအနေဖြင့် **သီဟ(ခ)သီဟအောင်** ၏ ချိတ်ဆက်ပေးမှုဖြင့် မြဝတီမြို့နေသူ ဖမ်းဆီးရန်ကျန် **မောင်ကျော်** အပါအဝင် (စိစစ်ဆဲ)ကျား လေးဦးမှ အောက်တိုဘာ ၂၀ ရက်တွင် တရားခံ **အောင်ဇေယျ**၏ နေအိမ်၌ **ထူးသန့်လွင်၊ ထိုက်ဇော်အောင်** နှင့် ဖမ်းဆီးရန်ကျန် **မြင့်မောင်မောင်**တို့ကို Glock ပစ္စတို နှစ်လက်၊ Bretta ပစ္စတို တစ်လက်တို့အား လာရောက်ပို့ဆောင်ပေးခဲ့ကြော င်း ဖော်ထုတ်သိရှိရသည်။

**ဒလန်ဟု စွပ်စွဲကာ သတ်ဖြတ်**

ဖမ်းဆီးရမိ တရားခံများ၏ ထွက်ဆိုချက်အရ မုံရွာမြို့နယ်အတွင်း အပြစ်မဲ့ပြည်သူများအား ပုဂ္ဂိုလ်ရေးဆိုင်ရာ မကျေနပ်မှုနှင့် ဌာနဆိုင်ရာသတင်းပေး ဒလန်ဟု စွပ်စွဲကာ အကြမ်းဖက်သတ်ဖြတ်မှုအနေဖြင့် ခြောက်ကြိမ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂ ရက်တွင် **အိတုံ** နှင့် **သက်နိုင်းကိုကို**တို့ နှစ်ဦးသည် ဆိုင်ကယ်ဖြင့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်သို့ သွားရောက်၍ **အိတုံ**မှ အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးကို ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။

ဩဂုတ် ၂ ရက်တွင် **ထူးသန့်လွင်၊ အိတုံ**နှင့် ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ** တို့ သုံးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာမြို့ တစ်နယ် ပေါက်တောရပ်ကွက်သို့ သွားရောက်၍ **အိတုံ**မှ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးကို ဓားဖြင့် ထိုးသတ်ခဲ့ကြောင်း။

အောက်တိုဘာ ၁ ရက်တွင် **အိတုံ**နှင့် **သက်နိုင်းကိုကို**တို့ နှစ်ဦးသည် ဆိုင်ကယ်ဖြင့် မုံရွာမြို့ ပြည်တော်သာရပ်ကွက်သို့ သွားရောက်၍ သက်နိုင်းကိုကိုမှ အပြစ်မဲ့ ပြည်သူ အမျိုးသမီးတစ်ဦးကို ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။

အောက်တိုဘာ ၅ ရက်တွင် **အိတုံ၊ သက်နိုင်းကိုကို**နှင့် ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ**တို့ သုံးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာမြို့နယ် သစ်ဆိမ့်ကျေးရွာသို့ ဆိုင်ကယ်ဖြင့်သွားရောက်၍ **အိတုံ**မှ အပြစ်မဲ့ပြည်သူ အမျိုးသား တစ်ဦးကို ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။

အောက်တိုဘာ ၈ ရက်တွင် **ထူးသန့်လွင်၊ အိတုံ**နှင့် **သက်နိုင်းကိုကို**တို့ သုံးဦးသည် ဆိုင်ကယ်နှစ်စီးဖြင့် မုံရွာမြို့ အင်းရွာသစ်ရပ်ကွက်သို့ သွားရောက်၍ **သက်နိုင်းကိုကို** မှ အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။

အောက်တိုဘာ ၉ ရက်တွင် **ထူးသန့်လွင်** နှင့် **သက်နိုင်းကိုကို** တို့သည် မုံရွာမြို့နယ် ကြေးမုံကွက်သစ်ကျေးရွာသို့ သွားရောက်၍ **သက်နိုင်းကိုကို**သည် အပြစ်မဲ့ပြည်သူ အမျိုးသားတစ်ဦးအား ပစ္စတိုသေနတ်ဖြင့် ပစ်ခတ်သတ်ဖြတ်ခဲ့ကြောင်း။

အဆိုပါ လုပ်ကြံသတ်ဖြတ်မှုများအား အစွန်းရောက် NLD အမာခံများဖြစ်သည့် **ထူးသန့်လွင်** နှင့် ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ**မှ သေနတ်ထုတ်ပေး၍ ငွေကြေးများ ထောက်ပံ့ပေးကာ စေခိုင်းလျက်ရှိပြီး **အိတုံ** နှင့် **သက်နိုင်းကိုကို**တို့မှ လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ အခြေအနေအား လမ်းကြောင်းကြည့်ရှုပြီး ၎င်းတို့ကိုယ်တိုင် သတ်ဖြတ်ပေးခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

ဖမ်းဆီးရမိတရားခံများအနေဖြင့် မုံရွာမြို့နယ်အတွင်း ဖောက်ခွဲဖျက်ဆီးရေးလုပ်ငန်းများ လေးကြိမ် ဆောင်ရွက်ခဲ့ပြီး ဩဂုတ် ၂၉ ရက်တွင် ဖမ်းဆီးရန်ကျန် **သိန်းနိုင်ဝင်း(ခ)ဘိုသိန်း** ဦးစီးအဖွဲ့သည် မုံရွာမြို့ သာစည်လမ်းရှိ TTC ကျောင်းရှေ့၌ ဗုံးဖောက်ခွဲခဲ့ကြောင်း။

စက်တင်ဘာ ၅ ရက်တွင် **ထူးသန့်လွင်၊ အောင်ဇေယျ၊ သက်နိုင်းကိုကို**နှင့် ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ**တို့ လေးဦးသည် သလ္လာရပ်ကွက် ဆည်မြောင်းရုံးအနီး လမ်းကြားတွင် ဗုံးဖောက်ခွဲခဲ့ကြောင်း။

စက်တင်ဘာ ၉ ရက်တွင် **ထူးသန့်လွင်၊** ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ** တို့သည် မုံရွာတက္ကသိုလ်အနီး သန်းကုဋ္ဌေ အောင်ဆီဆိုင်ရှေ့ ဂျစ်ကား အပျက်ပေါ်တွင် ဗုံးဖောက်ခွဲခဲ့ကြောင်း။

**ဗုံးဖောက်ခွဲမှုများပြုလုပ်**


စက်တင်ဘာ ၁၅ ရက်တွင် ဖမ်းဆီးရန်ကျန် **ထွန်းထွန်းဝင်း(ခ) အငယ်လေး** သည် မုံရွာမြို့ ကန်သာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ We Love Monywa ဆိုင်းဘုတ် အနီး၌ လည်းကောင်း ဗုံးဖောက်ခွဲမှုများ ပြုလုပ်ခဲ့ကြောင်း။

တရားခံများ၏ ထွက်ဆိုချက်အရ ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ** အပါအဝင် အကြမ်းဖက်အဖွဲ့ဝင်များသည် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ရန် HONEY တည်းခိုခန်းကို Safe House အဖြစ် မကြာခဏအသုံးပြုလျက်ရှိကြောင်း၊ ဖမ်းဆီးရန်ကျန် **ကောင်းဆုသာ**၏ ချိတ်ဆက်ပေးမှုဖြင့် **ထူးသန့်လွင်(ခ)မိုးကြိုး၊ အောင်ဇေယျနှင့် ထိုက်ဇော်အောင်** တို့ သုံးဦးသည် HONEY တည်းခိုခန်းအား Safe House အဖြစ် အသုံးပြုကာ အကြမ်းဖက်လုပ်ငန်းများအား ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

တရားခံများ၏ ထွက်ဆိုချက်အရ အကြမ်းဖက်သတ်ဖြတ်မှုနှင့်

*စာမျက်နှာ ၁၇ သို့*

မုံရွာမြို့အတွင်း အကြမ်းဖက်လုပ်ငန်းများ ဆောင်ရွက်နေသည့် MHG အကြမ်းဖက်အဖွဲ့ဝင်များ ဖမ်းဆီးရမိမှု အခြေပြဇယား






၉-၉-၂၀၂၁ ရက်က မုံရွာတက္ကသိုလ်အနီး သန်းကုဋ္ဌေအောင် ဆီဆိုင်ရှေ့၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



၁၅-၉-၂၀၂၁ ရက်က မုံရွာမြို့ ကန်သာယာရပ်ကွက် ဗိုလ်ချုပ်လမ်းရှိ We Love Monywa ဆိုင်းဘုတ်၌ လက်လုပ်ဗုံးတစ်လုံး ပေါက်ကွဲခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



အောက်တိုဘာ ၁ ရက်က မုံရွာမြို့ ပြည်တော်သာရပ်ကွက်၌ အပြစ်မဲ့ပြည်သူတစ်ဦး အသတ်ခံရသည့် မှတ်တမ်းဓာတ်ပုံ။

# အကြမ်းဖက်အဖွဲ့များ၏ ဘာသာရေးအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်နေမှုများ ထပ်မံဖြစ်ပွားမှုမရှိစေရေး တိုင်းရင်းသားပြည်သူလူထုတစ်ရပ်လုံးက အင်တိုက်အားတိုက် ပူးပေါင်းပါဝင်တားဆီးကြရန် မေတ္တာရပ်ခံ

နေပြည်တော် ဒီဇင်ဘာ ၈

**CRPH နှင့် NUG အမည်ခံ အကြမ်းဖက်အဖွဲ့များသည် မြန်မာနိုင်ငံအတွင်း အကြမ်းဖက်လုပ်ငန်းများကို စတင်လုပ်ဆောင်ရန် စက်တင်ဘာ ၇ ရက်တွင် ကြေညာခဲ့ပြီးနောက် အချို့ဒေသများတွင် အကြမ်းဖက်မှုလုပ်ရပ်များကို ဦးတည်လုပ်ဆောင်လျက်ရှိသည်။ ထို့သို့ အကြမ်းဖက်လုပ်ရပ်များကို လုပ်ဆောင်လျက်ရှိရာ ဒေသခံပြည်သူများ၏ လမ်းပန်းဆက်သွယ်ရေးနှင့် ကျန်းမာရေးကိစ္စရပ်များအပြင် ဘာသာရေးအရ ကိုးကွယ်ဆည်းကပ်လျက်ရှိသည့် ရဟန်းသံဃာများကိုပင် အကြမ်းဖက်ဖမ်းဆီးခြင်း၊ သတ်ဖြတ်ခြင်းများကို နိုင်ငံရေးလက်နက်သဖွယ် အသုံးချလုပ်ဆောင်လျက်ရှိသည်။**

ထိုသို့အကြမ်းဖက်လုပ်ဆောင်မှုများကြောင့် ယနေ့အထိ ရဟန်းသံဃာ ၁၄ ပါး ပျံလွန်တော်မူခဲ့ပြီး အချို့ဒေသများတွင် ဘုန်းတော်ကြီးကျောင်းများအား မီးရှို့ဖျက်ဆီးခြင်း၊ အကြမ်းဖက်တိုက်ခိုက်ခြင်းများကို လုပ်ဆောင်ခဲ့ကြသည်။

**အကြမ်းဖက်သမားများ၏ ဖမ်းဆီးမှုခံရ**

၎င်းအပြင် ဒီဇင်ဘာ ၆ ရက်တွင် ချင်းပြည်နယ် ဖလမ်းမြို့ လုံပီး သာသနရက္ခိတာ ပရိယတ္တိ သာသနာပြု စာသင်တိုက် ကျောင်းထိုင်ဆရာတော် မြို့နယ်သံဃနာယကဥက္ကဋ္ဌ ဆရာတော် ဘဒ္ဒန္တဉာဏိကသည် ဖလမ်းမြို့ရှိ လုံပီးသာသနရက္ခိတာ ပရိယတ္တိ သာသနာပြု စာသင်တိုက်သို့ ဖလမ်းမြို့နယ် လူငယ်သင်တန်းကျောင်းမှ ဒုဦးစီးမှူး ဦးချစ်စန်းမောင်းနှင်သည့် မော်တော်ယာဉ်ဖြင့် ဖလမ်းမြို့ရှိ ကျောင်းတိုက်သို့ ပြန်လည်ထွက်ခွာလာစဉ် လမ်းခရီး၌ PDF အမည်ခံ အကြမ်းဖက်သမားများ၏ အကြမ်းဖက်ဖမ်းဆီးမှုကိုခံခဲ့ရသည်။ ထို့သို့ ဖမ်းဆီးခြင်းခံထားရာမှ ယနေ့ ညနေပိုင်းတွင် ဆရာတော်သည် ဖလမ်းမြို့သို့ ပြန်လည်ရောက်ရှိခဲ့ကြောင်း သိရှိရပြီး အတူလိုက်ပါခဲ့သည့် ဒုဦးစီးမှူး ဦးချစ်စန်းမှာ အကြမ်းဖက်သမားများ၏ ဆက်လက်ဖမ်းဆီးထားခြင်းကို ခံရကာ ပျောက်ဆုံးလျက်ရှိသည်။

**လက်နက်ငယ်များဖြင့် အကြောင်းမဲ့ပစ်ခတ်**

အလားတူ ဒီဇင်ဘာ ၇ ရက် တမူးမြို့ မြို့မ (၁၄)ရပ်ကွက် လုဗ္ဗနီကျောင်းတိုက်မှ ကျောင်းထိုင်ဆရာတော် ဘဒ္ဒန္တဝါယမ အမှူးပြုသော သံဃာတော် သုံးပါးနှင့် ကပ္ပိယ တစ်ဦးတို့သည် ကျောင်းတိုက်ပိုင် မော်တော်ယာဉ်ဖြင့် လှည်းဆိပ်ကျေးရွာရှိ အလှူမှ ပြန်လည်ထွက်ခွာလာစဉ် မွန်းလွဲ ၂ နာရီခန့်တွင် ချောင်းနက်ကြီးကျေးရွာ အနီးသို့ အရောက် PDF အမည်ခံ အကြမ်းဖက်သမားများက လက်နက်ငယ်များဖြင့် အကြောင်းမဲ့ ဝိုင်းဝန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် မော်တော်ယာဉ်ပျက်စီးခဲ့ကြောင်း သိရှိရသည်။ ထို့အတူ ချင်းပြည်နယ် မင်းတပ်မြို့နယ်၌ သီတင်းသုံးလျက်ရှိသော တောင်တန်းသာသနာပြုဆရာတော် ဘဒ္ဒန္တပညာဇောတကိုလည်း ဇွန် ၁၂ ရက် ညနေပိုင်းတွင် အကြမ်းဖက်သမားများက မော်တော်ယာဉ်နှင့်အတူ အကြမ်းဖက်မီးရှို့သတ်ဖြတ်ခြင်း လုပ်ဆောင်ခဲ့ကြောင်း သိရှိရသည်။

**အကြမ်းဖက်မှုများကို လုပ်ဆောင်ရန်မသင့်**

ကမ္ဘာပေါ်ရှိ နိုင်ငံတိုင်းတွင် နိုင်ငံရေးအရ သဘောထားကွဲလွဲခွင့်၊ လွတ်လပ်စွာ ဆန္ဒထုတ်ဖော်မှုများရှိသော်လည်း ဘာသာရေးနှင့်ပတ်သက်၍ ယခုကဲ့သို့ အကြမ်းဖက်လုပ်ဆောင်မှုမျိုး မည်သည့်နိုင်ငံတွင်မှ လုပ်ဆောင်မှုမရှိသည်ကို သတိပြုရန်လိုအပ်ပြီး ထိုသို့ဘာသာရေးနှင့် ပတ်သက်၍ အကြမ်းဖက်မှုများကိုလည်း လုပ်ဆောင်ရန် မသင့်ကြောင်း သတိပြုမိရန် လိုအပ်သည်။ မိမိတို့ နိုင်ငံအတွင်းရှိ မည်သည့် အဖွဲ့အစည်းမဆို ဘာသာရေးနှင့်ပတ်သက်၍ ခြိမ်းခြောက်ခြင်း၊ အကျပ်ကိုင်ခြင်း၊ ဖမ်းဆီးခြင်းနှင့် သတ်ဖြတ်ခြင်းများအပါအဝင် အကြမ်းဖက်လုပ်ရပ်မှန်သမျှကို ထပ်မံလုပ်ဆောင်ခြင်းမပြုရန် လေးနက်စွာ သတိပေးကြောင်းနှင့် ထိုကဲ့သို့ ဘာသာရေးအပေါ် အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်လာမှုကိုလည်း ထပ်မံဖြစ်ပွားမှုမရှိစေရေး တိုင်းရင်းသား ပြည်သူလူထုတစ်ရပ်လုံး အနေဖြင့် လုံခြုံရေးတပ်ဖွဲ့ဝင်များနှင့် အပြည့်အဝပူးပေါင်း၍ လက်တွဲတားဆီး ဆောင်ရွက်သွားကြပါရန် မေတ္တာရပ်ခံထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**



ကောလင်းမြို့နယ် ဦးကုမာရအား အကြမ်းဖက်သမားများက အကြောင်းမဲ့ သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။



မင်းတပ်မြို့နယ် ဘဒ္ဒန္တပညာဇောတအား အကြမ်းဖက်သမားများက အကြောင်းမဲ့ မီးရှို့သတ်ဖြတ်ခဲ့သည့် မှတ်တမ်းဓာတ်ပုံ။

***စာမျက်နှာ ၁၆ မှ***

အကြမ်းဖက် ဖောက်ခွဲရေးလုပ်ငန်းများအား ဖမ်းဆီးရန်ကျန်မုံရွာ PDF အကြမ်းဖက်အဖွဲ့မှ အစွန်းရောက် NLD အမာခံများဖြစ်သည့် **ကောင်းဆုသာ၊ သိန်းနိုင်ဝင်း(ခ)ဘိုသိန်း၊ မြင့်မောင်မောင်၊ အောင်ဖြိုးဝေ(ခ) ဆရာကျောင်း** တို့၏စေခိုင်းမှုဖြင့် အကြမ်းဖက်စခန်းများနှင့် ဆက်သွယ်ဆောင်ရွက်ခြင်း၊ အစိုးရ၏အုပ်ချုပ်မှုယန္တရားပျက်ပြားစေရန် ရည်ရွယ်၍ နိုင်ငံ့ဝန်ထမ်းများနှင့် အပြစ်မဲ့ပြည်သူများအား ဒလန်ဟုစွပ်စွဲကာ လုပ်ကြံသတ်ဖြတ်ခြင်း၊ ပြည်သူလူထု အထိတ်တလန့်ဖြစ်စေရန် ရည်ရွယ်၍ အများပြည်သူနှင့် သက်ဆိုင်သော နေရာများတွင် အကြမ်းဖက်ဖောက်ခွဲရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းစသည့် အကြမ်းဖက်လုပ်ငန်းများ လုပ်ဆောင်ခဲ့ပြီး လက်နက်/ခဲယမ်းများနှင့် ဖောက်ခွဲရေးပစ္စည်းများအား ပို့ဆောင်ခြင်းများ ဆောင်ရွက်ခဲ့ကြောင်း ဖော်ထုတ်သိရှိရသည်။

**ပူးပေါင်းဆောင်ရွက်ရန်**

အထက်ပါ ဖမ်းဆီးရမိသူများအား ဥပဒေအရ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ဆက်စပ်တရားခံများအား အမြန်ဆုံး ဖမ်းဆီးရမိရေးအတွက် ၎င်းတို့ပုန်းခိုရာနေရာများ၊ လှုပ်ရှားသွားလာနေထိုင်မှု သတင်းများရရှိပါက သက်ဆိုင်ရာသို့ လျှို့ဝှက်စွာသတင်းပေးတိုင်ကြားနိုင်ပါကြောင်းနှင့် မြို့ရွာများ အမြန်ဆုံး အေးချမ်းတည်ငြိမ်ရေးအတွက် ပြည်သူတစ်ရပ်လုံး ပူးပေါင်းပါဝင် ကြိုးပမ်းဆောင်ရွက်နိုင်ပါရန် မေတ္တာရပ်ခံ အသိပေးထားကြောင်း သက်ဆိုင်ရာမှ သတင်းရရှိသည်။ **သတင်းစဉ်**



အောက်တိုဘာ ၉ ရက်က မုံရွာမြို့ ကြေးမုံကွက်သစ်ကျေးရွာ၌ အပြစ်မဲ့ပြည်သူတစ်ဦးအား သေနတ်ဖြင့်ပစ်ခတ်ခံရမှု မှတ်တမ်းဓာတ်ပုံ။



၂၆-၁၁-၂၀၂၂ ရက်က မုံရွာမြို့ ဘုန်းဆိုးရပ်ကွက်၌ တရားခံများထံမှ သိမ်းဆည်းရမိသည့် လက်နက်/ ခဲယမ်းများ။



တရားခံများတည်းခိုခဲ့သည့် မုံရွာမြို့ နန္ဒဝန်ရပ်ကွက်ရှိ HONEY တည်းခိုခန်း မှတ်တမ်းဓာတ်ပုံ။

# ကရင်ပြည်နယ် ဘားအံမြို့နယ်၌ အသက်မွေးဝမ်းကျောင်းအထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက်သင်တန်းဆင်းပွဲနှင့် အဆင့်မြင့်မော်တာအပ်ချုပ်စက်သင်တန်းဖွင့်ပွဲများကျင်းပ

ဘားအံ ဒီဇင်ဘာ ၈

**ကရင်ပြည်နယ် ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီး၏ (တတိယအကြိမ်) အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ ဖွင့်ပွဲအခမ်းအနားကို ဒီဇင်ဘာ ၇ ရက် နံနက် ၇ နာရီခွဲခန့်က အဆိုပါဘုရားကြီး၏ ဂန္ဓကုဋီတိုက်အတွင်း၌ ဆင်ယင်ကျင်းပရာ မဟာဂန္ထဝါစကပဏ္ဍိတ ပြည်နယ်သံဃနာယကအဖွဲ့ ဥက္ကဋ္ဌ ဓမ္မဝါသီကျောင်းဆရာတော် ဘဒ္ဒန္တဥတ္တရ အမှူးပြုသည့် ဆရာတော်ကြီးများအပါအဝင် ထေရ်ကြီးဝါကြီး ဆရာတော်ကြီးများ ကြွရောက်ချီးမြှင့်တော်မူကြပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးနှင့် တာဝန်ရှိသူများ တက်ရောက်ခဲ့ကြသည်။**

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်အပေါင်းတို့သည် ကြွရောက်ချီးမြှင့်တော်မူကြသည့် ဆရာတော်၊ သံဃာတော်များအား လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းခဲ့ကြပြီး ပဋ္ဌာန်းရွတ်ဖတ်ပူဇော်ခြင်းအတွက် ဘုရားပင့်ခြင်း၊ ပဋ္ဌာန်းအမွှန်းဂါထာတော် ရွတ်ဖတ်ပူဇော်ခြင်း၊ သမ္မာဒေဝနတ်များအား ပင့်ဖိတ်ခြင်းတို့ကို ဆောင်ရွက်တော်မူကြကာ အလှည့်ကျ သံဃာတော်တစ်ပါးက မဟာပဋ္ဌာန်းကျမ်းတော်မြတ်ကြီးအား စတင်ရွတ်ဖတ်ပူဇော်သည်။

ဘားအံမြို့ သေဋ္ဌမာရ်အောင်ဘုရားကြီး၏ (တတိယအကြိမ်)အသံမစဲပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲကို ဒီဇင်ဘာ ၇ ရက်မှ ၁၁ ရက်အထိ အလှည့်ကျ သံဃာတော်များက ငါးရက်တိုင်တိုင် အသံမစဲရွတ်ဖတ်ပူဇော်သွားမည်ဖြစ်သည်။

ဆက်လက်၍ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဘားအံမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ၂၀၂၁-၂၀၂၂ ခု ဘဏ္ဍာရေးနှစ် အသက်မွေးဝမ်းကျောင်း အထောက်အကူပြု အခြေခံမော်တာအပ်ချုပ်စက် သင်တန်းဆင်းပွဲနှင့် အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းဖွင့်ပွဲကို ဒီဇင်ဘာ ၇ ရက်က ဘားအံမြို့ လှာကမြင် (ကွက်သစ်)ရှိ ကရင်ပြည်နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး အခြေခံမော်တာအပ်ချုပ်စက်သင်တန်း ထူးချွန်သင်တန်းသူများအား အပ်ချုပ်စက်တစ်လုံးစီ ဂုဏ်ပြုချီးမြှင့်ကာ ပြည်နယ်လမ်းပန်းဆက်သွယ်ရေးဝန်ကြီး ရဲမှူးကြီး ခင်ဇော်က သင်တန်းဆင်းအောင်လက်မှတ်များ ပေးအပ်ချီးမြှင့်သည်။

အဆိုပါ သင်တန်းဆင်းပွဲနှင့်ဖွင့်ပွဲသို့ ဘားအံမြို့နယ်အတွင်းရှိ ကျေးရွာ ၁၀ ရွာမှ သင်တန်းသူ ၂၀ တက်ရောက်ခဲ့ကြပြီး အခြေခံမော်တာအပ်ချုပ်စက်သင်တန်းကို ရက်သတ္တပတ်လေးပတ်ကြာ သင်ယူပြီးမြောက်၍ အဆင့်မြင့် မော်တာအပ်ချုပ်စက်သင်တန်းကို ရက်သတ္တပတ်လေးပတ်ကြာ



ဆက်လက်သင်ယူကြမည်ဖြစ်သည်။

ထို့နောက် မွန်းလွဲပိုင်းတွင် သိပ္ပံနှင့်နည်းပညာဝန်ကြီးဌာန နည်းပညာ၊ သက်မွေးပညာနှင့်လေ့ကျင့်ရေး ဦးစီးဌာန အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)တွင် အသက်မွေးပညာရပ်များ ကာလတိုသင်တန်းအပတ်စဉ် (၂/၂၀၂၁) ဖွင့်ပွဲကို အဆိုပါသင်တန်းကျောင်းခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က သင်တန်းဖွင့်အမှာစကား ပြောကြားသည်။

အစိုးရနည်းပညာအထက်တန်းကျောင်း (ဘားအံ)တွင် ဖွင့်လှစ်သည့် အသက်မွေးပညာရပ်များ ကာလတို သင်တန်းအပတ်စဉ်(၂/၂၀၂၁)အနေဖြင့် အခြေခံကွန်ပျူတာသင်တန်း၊ အမျိုးသားဆံပင်ညှပ်သင်တန်း၊ အခြေခံစက်ချုပ်သင်တန်း၊ ရေမလိုလက်သန့်ဆေးရည်၊ ခေါင်းလျှော်ရည်နှင့် ဆပ်ပြာရည်ပြုလုပ်နည်း သင်တန်းတို့ကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး သင်တန်းသား သင်တန်းသူ စုစုပေါင်း ၇၇ ဦး တက်ရောက်လျက်ရှိကာ သင်တန်းကာလမှာ ဒီဇင်ဘာ ၇ ရက်မှ ၃၀ ရက်အထိ ကြာမြင့်မည်ဖြစ်သည်။

သင်တန်းများဖွင့်ပွဲအပြီးတွင် ပြည်နယ်ဝန်ကြီးချုပ်နှင့် ပြည်နယ်ဝန်ကြီးများသည် သင်တန်းခန်းမများအတွင်း အသက်မွေးဝမ်းကျောင်းပညာရပ်များအား ကျွမ်းကျင်သင်တန်းနည်းပြများက စာတွေ့လက်တွေ့သင်ကြားပို့ချနေမှုများကို လှည့်လည်ကြည့်ရှုအားပေးကြောင်း သိရသည်။ **(အပေါ်ပုံ)**

**စောမျိုးမင်းသိန်း (ပြန်/ဆက်)**

# ရောဝတီတိုင်းဒေသကြီး ဘိုကလေးပညာရေးဒီဂရီကောလိပ်၌ အခြေခံပညာ ဆရာ ဆရာမသစ်လွင်များ မွမ်းမံသင်တန်းဆင်း

ဘိုကလေး ဒီဇင်ဘာ ၈

ဧရာဝတီတိုင်းဒေသကြီး ဘိုကလေးမြို့နယ် ဘိုကလေးပညာရေးဒီဂရီကောလိပ်တွင် အခြေခံပညာဆရာ ဆရာမသစ်လွင်များ မွမ်းမံသင်တန်းဆင်းပွဲကို ယနေ့ နံနက်ပိုင်းက ကျင်းပရာ သင်တန်းဆင်းပွဲသို့ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးတင်မောင်ဝင်းနှင့် အစိုးရအဖွဲ့ဝင်ဝန်ကြီးများ၊ ခရိုင်၊ မြို့နယ်ဌာနဆိုင်ရာ တာဝန်ရှိသူများ တက်ရောက်သည်။




အဆိုပါ သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ယခု သင်တန်းတက်ရောက်ကြသူများသည် အနာဂတ်သားကောင်းရတနာများအား မွေးထုတ်ပေးကြမည့် ဆရာ ဆရာမများဖြစ်ကြောင်း၊ စေတနာ၊ ဝါသနာ၊ ကရုဏာတို့ကို အခြေခံ၍ကျောင်းသား ကျောင်းသူများအတွက် စံပြနမူနာဖြစ်အောင် ကျင့်ကြံပြုမူ နေထိုင်ရမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပညာရေးဒီဂရီကောလိပ်အတွက် ထောက်ပံ့ငွေကျပ် ငါးသိန်းပေးအပ်ရာ ပညာရေး ဒီဂရီကောလိပ်ကျောင်းအုပ်ကြီးက လက်ခံယူပြီး **(အပေါ်ပုံ)** သင်တန်းတွင် ထူးချွန်သည့် သင်တန်းသား သင်တန်းသူ ခြောက်ဦးကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က ဆုချီးမြှင့်ပေးအပ်သည်။

ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ဘိုကလေးမြို့နယ် အမှတ်(၁၀) ရပ်ကွက် ဦးလှသိန်းလမ်းရှိ နယ်စပ်ဒေသ တိုင်းရင်းသားလူငယ်များ ဖွံ့ဖြိုးရေးသင်တန်းကျောင်းသို့သွားရောက်ပြီး တာဝန်ရှိသူများနှင့် တွေ့ဆုံ၍ သင်တန်းကျောင်းအတွက် ထောက်ပံ့ငွေကျပ် ၁၀ သိန်း ပေးအပ်ရာ သင်တန်းကျောင်း၏ ကျောင်းအုပ်ကြီးက လက်ခံယူကြောင်း သိရသည်။

**မိုးစက်(ဘိုကလေး)**

# ပရိဗိမင်ပေါ်မှာ...နှင့် အခြားဝတ္ထုတိုများ စာအုပ်ထွက်ရှိ




စာရေးဆရာ အေးမျိုးကြည် ရေးသားသည့် ပရိဗိမင်ပေါ်မှာ...နှင့် အခြားဝတ္ထုတိုများစာအုပ် ထုတ်ဝေထွက်ရှိနေပြီဖြစ်သည်။

အဆိုပါစာအုပ်တွင် အမျိုးသားစာပေ တစ်သက်တာဆုရ ဦးစိန်လှိုင် (မဟာဝိဇ္ဇာ)၊ ကဗျာဆရာကြီး ဆရာသူရဇော်တို့၏ အမှာစာများ အပါအဝင် သုတ၊ ရသပေးစွမ်းနိုင်သည့် ဝတ္ထုတိုများ ရေးဖွဲ့ထားသည်။

စာအုပ်တွင် အဆော့တကိတ်နှင့် ကျောနက်ချိပ်၊ ဤသို့ဖြစ်ဖူးသည်၊ လပြည့်နေ့၊ ရေထဲကမီးလျှံ၊ တပေါင်းမှတ်တမ်း ဇာတ်လမ်းတစ်ပုဒ်၊ တန်ဖိုးရှိသောလူ စသည့် ဝတ္ထုတိုကောင်း ၁၀ ပုဒ်ဖြင့် စာမျက်နှာ ၁၆၀ ပါရှိသည်။

ယင်းစာအုပ်ကို ပထမအကြိမ်အဖြစ် ရှင်မတောင်စာပေမှ ထုတ်ဝေဖြန့်ချိပြီး တစ်အုပ်လျှင် ကျပ် ၂၀၀၀ ဖြင့် ဝယ်ယူဖတ်ရှုနိုင်ကြောင်း သိရသည်။

**မြန်မာ့အလင်း**

# မုဒုံမြို့နယ်၌ ပန်းခင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်များ ကွင်းဆင်းဆောင်ရွက်ပေး

မုဒုံ ဒီဇင်ဘာ ၈

လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မုဒုံမြို့နယ် ဦးစီးမှူးရုံးမှ ဝန်ထမ်းများသည် ယမန်နေ့က မုဒုံမြို့နယ် ကျုံဖိုက်ကျေးရွာနေပြည်သူများကို အဆိုပါကျေးရွာရှိ အုပ်ချုပ်ရေးမှူးရုံး၌ နိုင်ငံသားစိစစ်ရေးကတ်ပြားများ ကွင်းဆင်းဆောင်ရွက်ပေးသည်။

ထိုသို့ကွင်းဆင်းဆောင်ရွက်ပေးရာတွင် မုဒုံမြို့နယ်ဦးစီးမှူးရုံးမှ မြို့နယ်ဦးစီးမှူး ဦးအောင်မော်က ဦးဆောင်ကြီးကြပ်၍ ဝန်ထမ်းများက ကျုံဖိုက်ကျေးရွာအတွင်းရှိ နိုင်ငံသားစိစစ်ရေးကတ်ပြားမရှိသေးသည့် အသက် ၁၈ နှစ်နှင့်အထက် ဒေသခံပြည်သူများအသစ်ပြုလုပ်ပေးခြင်း၊ လဲလှယ်၊ ပျောက်ဆုံး၊ ပျက်စီးသူများအား ကတ်အမျိုးမျိုးထုတ်ပေးနိုင်ရေးအတွက်ပြည်သူ ၈၀ ခန့်ကို ကိုဗစ်-၁၉ ကာကွယ်ရေးညွှန်ကြားချက်များနှင့်အညီ စနစ်တကျကွင်းဆင်းပြုလုပ်ပေးကြောင်း သိရသည်။

**အောင်မျိုးသူ(ပြန်/ဆက်)**

# ဘိုင်ဒင်နှင့် ပူတင်တို့ နှစ်နိုင်ငံဆက်ဆံရေး၊ ယူကရိန်းအကျပ်အတည်း၊ အီရန်နျူကလီးယားအရေး ဗီဒီယိုခေါ်ဆို ဆွေးနွေး



အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်။

**ဝါရှင်တန် ဒီဇင်ဘာ ၈**

အမေရိကန်သမ္မတ ဂျိုးဘိုင်ဒင်နှင့် ရုရှားသမ္မတ ဗလာဒီမာပူတင်တို့သည် ဒီဇင်ဘာ ၇ ရက်က နှစ်နိုင်ငံ အရေးကိစ္စများ၊ ယူကရိန်းအကျပ်အတည်းနှင့် အီရန်နျူကလီးယားသဘောတူညီမှုတို့ကို ဗီဒီယိုခေါ်ဆို ဆွေးနွေးမှုပြုလုပ်ခဲ့သည်။

ခြောက်လကြာ ဒုတိယဆွေးနွေးမှုအတွင်း ခေါင်းဆောင်နှစ်ဦးသည် ယူကရိန်းပြည်တွင်း အကျပ်အတည်းကို အဓိကထား ဆွေးနွေးခဲ့ကြသည်။

မြောက်အတ္တလန္တိတ်စာချုပ်အဖွဲ့ (နေတိုး)အား အရှေ့ဘက်ကို စစ်ရေးမချဲ့ထွင်ရန် ပူတင်က ဘိုင်ဒင်ကို တောင်းဆိုလိုက်သည်။

နှစ်နိုင်ငံဆက်ဆံရေးကို ပြန်လည်ပြုပြင်ဖန်တီးရန် ရုရှားနှင့် အမေရိကန်သံတမန်များ၏ လုပ်ငန်းဆောင်တာများအပေါ် တားမြစ်ချက်များအားလုံးကို ဖယ်ရှားပေးရန် ပူတင်က ဘိုင်ဒင်ကို ကမ်းလှမ်းတောင်းဆိုလိုက်သည်။

ဘိုင်ဒင်နှင့် ပူတင်တို့သည် ဇွန်လက ဂျီနီဗာဆွေးနွေးပွဲ၌ ပထမဆုံး မျက်နှာချင်းဆိုင် တွေ့ဆုံဆွေးနွေးခဲ့ကြပြီးနောက် ဇူလိုင်လတွင် ဖုန်းဖြင့် ထပ်မံဆွေးနွေးပြောကြားခဲ့သည်။

**ဆင်ဟွာ**




ဂျာမနီဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရသော အိုလက်စခိုးလ်ကို တွေ့ရစဉ်။

# အိုလက်စခိုးလ်ကို ဂျာမနီဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်တင်မြှောက်

**ဘာလင် ဒီဇင်ဘာ ၈**

အိုလက်စခိုးလ်ကို ဂျာမနီဝန်ကြီးချုပ်သစ်အဖြစ် ဒီဇင်ဘာ ၈ ရက်က ရွေးချယ်ခဲ့ပြီးနောက် ၎င်းသည် ဆိုရှယ်ဒီမိုကရက်တစ် ပါတီမှ လေးဦးမြောက် ဝန်ကြီးချုပ်ဖြစ်လာခဲ့သည်။

ဂျာမန်အောက်လွှတ်တော် ဥပဒေပြု အမတ်များသည် ကြားနေမဲ ခြောက်မဲအပါအဝင် ၃၉၅-၃၀၃ မဲဖြင့် စခိုးလ်ကို ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခဲ့သည်။

ကျန်ရှိနေသော ဥပဒေပြု အမတ်များသည် မဲမပေးခြင်း သို့မဟုတ် ခိုင်လုံမဲမဟုတ်သော မဲများပေးခြင်းတို့ကို ပြုလုပ်ခဲ့ကြောင်း လွှတ်တော်က ဆက်လက်ဖော်ပြထားသည်။

အိုလက်စခိုးလ်သည် ဘာလင်ရှိ Reichstag အဆောက်အအုံတွင် ဝန်ကြီးချုပ်အဖြစ် ကျမ်းသစ္စာကျိန်ဆိုခဲ့သည်။

ဝန်ကြီးချုပ်သစ်အဖြစ် ရွေးချယ်ခံရပြီးနောက် အိုလက်စခိုးလ်အား အသိုင်းအဝိုင်းတူ ပုဂ္ဂိုလ်များ၏ ချီးကျူးဂုဏ်ပြုခြင်းကို ခံယူခဲ့သည်။

**ဆင်ဟွာ**

# အိန္ဒိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီးနှင့် အဖွဲ့များ ရဟတ်ယာဉ်ပျက်ကျ သေဆုံး

**နယူးဒေလီ ဒီဇင်ဘာ ၈**

အိန္ဒိယကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ဘီပင်ရာဝက်နှင့် ဇနီးအပါအဝင် အခြားအရာရှိ ၁၂ ဦး ဒီဇင်ဘာ ၈ ရက်က တောင်ပိုင်းတမီးလ်နာဒူပြည်နယ်တွင် ရဟတ်ယာဉ်ပျက်ကျမှုဖြစ်ပွားခဲ့ပြီး သေဆုံးခဲ့ကြောင်း အရာရှိများက ပြောကြားခဲ့သည်။

ကာကွယ်ရေးဦးစီးချုပ် ဘီပင်ရာဝက်၊ ၎င်း၏ဇနီးနှင့် စစ်ဘက်အရာရှိ ၁၁ ဦး တမီးလ်နာဒူတွင် မမျှော်လင့်သော ရဟတ်ယာဉ်ပျက်ကျမှုတွင် ရုတ်တရက် ကွယ်လွန်သွားခဲ့သည့်အတွက် တပ်မတော်နှင့် နိုင်ငံအတွက် တန်ဖိုးမဖြတ်နိုင်သော ဆုံးရှုံးမှုဖြစ်ခဲ့ရပြီး အလွန်အမင်း မချိတင်ကဲဖြစ်ခဲ့ရကြောင်း အိန္ဒိယကာကွယ်ရေးဝန်ကြီး ရာဂျ်နက်သ်ဆင်းဂ်က လူမှုမီဒီယာတွင် ရေးသားဖော်ပြခဲ့သည်။

ဗိုလ်ချုပ်ကြီး ရာဝက်သည် နိုင်ငံအတွက် ထက်သန်သောလုံ့လဝီရိယ၊ ဖွဲ့သတ္တိတို့ဖြင့် တာဝန်ထမ်းဆောင်ခဲ့သည်။ ပထမဆုံးကာကွယ်ရေးဦးစီးချုပ်တစ်ဦးအဖြစ် ၎င်းသည် တပ်မတော်အင်အားရှိအောင် ပေါင်းစပ်မှုများ လုပ်ဆောင်ရန် အစီအစဉ်ချခဲ့သည်။

ရဟတ်ယာဉ်သည် တမီးလ်နာဒူမြို့တော် ချန်နိုင်းအနောက်တောင်ဘက် ၅၃၈ ကီလိုမီတာခန့် နီဂီရစ်ဒေသ ကူနော်ရေိယာတွင် ပျက်ကျခဲ့ခြင်းဖြစ်သည်။

**ဆင်ဟွာ**




# ဗြိတိန်တွင် အိုမီခရွန်ကူးစက်ဖြစ်ပွားသူ ၃၃၆ ဦးအထိရှိလာ

လန်ဒန် ဒီဇင်ဘာ ၈

**ဗြိတိန်တွင် နောက်ထပ် အိုမီခရွန် ကိုဗစ်-၁၉ ဗိုင်းရပ်စ်သစ်ကူးစက်ဖြစ်ပွားသူ ၉၀ တွေ့ရှိခဲ့ကြောင်း ဖော်ပြမှုနှင့်အတူ စုစုပေါင်း အိုမီခရွန်ကူးစက်ဖြစ်ပွားသူ ၃၃၆ ဦးအထိရှိလာကြောင်း ဗြိတိန်ကျန်းမာရေးအာဏာပိုင်များက အတည်ပြုပြောကြားသည်။**

**အိုင်ယာလန်မြောက်ပိုင်းတွင် ကူးစက်ဖြစ်ပွားခြင်းမရှိသေး**

တွေ့ရှိမှုတွင် အင်္ဂလန်မှ ၆၄ ဦး၊ စကော့တလန်မှ ၂၃ ဦးနှင့် ဝေးလ်မှ သုံးဦး ပါဝင်သည်။ အိုင်ယာလန်မြောက်ပိုင်းတွင် အိုမီခရွန်ကူးစက်ဖြစ်ပွားခြင်းမရှိသေးကြောင်း သိရသည်။

ဗြိတိန်တွင် ကိုဗစ်-၁၉ ကူးစက်ဖြစ်ပွားသူသစ် ၅၁၄၅၉ ဦးရှိခဲ့ပြီး စုစုပေါင်း နိုင်ငံတစ်ဝန်း ကိုဗစ်-၁၉ ကူးစက်သူ ၁၀၅၁၅၂၃၉ ဦးဖြစ်ကြောင်း တရားဝင်ကိန်းဂဏန်းများအရ သိရသည်။

ထို့အပြင် နောက်ထပ် ကိုဗစ်-၁၉ ကြောင့်သေဆုံးသူ ၄၁ ဦး တိုးလာသောကြောင့် စုစုပေါင်း ကိုဗစ်-၁၉ ရောဂါဖြင့် သေဆုံးသူ ၁၄၅၆၄၆ ဦးအထိ ရှိလာခဲ့သည်။

အသက် ၁၂ နှစ်နှင့်အထက် ၈၉ ရာခိုင်နှုန်း ပထမအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးဖြစ်ကာ ၈၁ ရာခိုင်နှုန်းနီးပါး ဒုတိယအကြိမ် ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးပြီးပြီဖြစ်သည်။ ၃၅ ရာခိုင်နှုန်းကျော် အပိုဆောင်း ကိုဗစ်-၁၉ ကာကွယ်ဆေးထိုးမှု ခံယူပြီးပြီဖြစ်သည်။

**ကာကွယ်ဆေးများထိုးနှံနိုင်ရေး ကြိုးစားလျက်ရှိ**

ပုံမှန်လူမှုဘဝပြန်လည်ရောက်ရှိရန် ဗြိတိန်၊ တရုတ်၊ ဂျာမနီ၊ ရုရှားနှင့် အမေရိကန်ကဲ့သို့ နိုင်ငံများသည် ကိုဗစ်-၁၉ ကာကွယ်ဆေးများကို သူ့ထက်ငါအရင် ဖြန့်ဝေထိုးနှံနိုင်ရေးကြိုးစားလျက်ရှိသည်။

**ဆင်ဟွာ**

# ထိုင်းနိုင်ငံ၌ ဗီဇပြောင်းအိုမီခရွန် ပိုးတွေ့လူနာနှစ်ဦး ထပ်မံတွေ့ရှိ

**ဘန်ကောက် ဒီဇင်ဘာ ၈**

နိုင်ဂျီးရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော ထိုင်းအမျိုးသမီးနှစ်ဦးတွင် ဗီဇပြောင်း အိုမီခရွန် ဗိုင်းရပ်စ်သစ်စစ်ဆေးတွေ့ရှိခဲ့ကြောင်း တာဝန်ရှိသူများက ဒီဇင်ဘာ ၈ ရက်တွင် ပြောခဲ့သည်။

အသက် ၄၆ နှစ်နှင့် အသက် ၃၆ နှစ်အရွယ်ရှိ နိုင်ဂျီးရီးယားနိုင်ငံမှ ပြန်လည်ရောက်ရှိလာသော အမျိုးသမီးနှစ်ဦးတွင် ကိုဗစ်-၁၉ ရောဂါပိုးသစ် စစ်ဆေးတွေ့ရှိခဲ့ခြင်းဖြစ်ကြောင်း ကိုဗစ်-၁၉ စီမံခန့်ခွဲရေးစင်တာက ထုတ်ပြန်ကြေညာလိုက်သည်။

ပိုးတွေ့လူနာနှစ်ဦးမှာ ရောဂါမပြင်းထန်ဘဲ သိမ်မွေ့ညင်သာသည့် လက္ခဏာများဖြစ်သည့် ချောင်းဆိုးခြင်းနှင့် လည်ချောင်းနာခြင်းသာ ဖြစ်ပွားကြောင်း တွေ့ရှိရသည်။ ၎င်းတို့၏နမူနာများကို နောက်ထပ် အသေးစိတ်စစ်ဆေးနိုင်ရန် သက်ဆိုင်ရာသို့ပေးပို့ထားကြောင်း သိရသည်။

**ဆင်ဟွာ**

# လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာတွင် ဆရာ ဆရာမများသည် အဓိကဦးဆောင်မှု အခန်းကဏ္ဍမှာသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးအတွက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများအပေါ်တွင်မူတည်

**မကွေး ဒီဇင်ဘာ ၈**

၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ မကွေးတိုင်းဒေသကြီးအတွင်း အသစ်ခန့်ထားသော အခြေခံပညာ ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာ သင်တန်းဆင်းပွဲကို ဒီဇင်ဘာ ၈ ရက် နံနက် ၉ နာရီက မကွေးပညာရေးဒီဂရီကောလိပ် ပညာ့ဗိမာန်ခန်းမ၌ ကျင်းပရာ မကွေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးတင့်လွင် တက်ရောက်အမှာစကား ပြောကြားသည်။ (ယာပုံ)



သင်တန်းဆင်းပွဲတွင် တိုင်းဒေသကြီး ဝန်ကြီးချုပ်က ၂၁ ရာစု ပညာခေတ်၏ စိန်ခေါ်မှုများကို ရင်ဆိုင်ဖြေရှင်း ကျော်လွှားနိုင်မည့် လူ့စွမ်းအားအရင်းအမြစ်များ မွေးထုတ်ပေးရာတွင် ဆရာ ဆရာမများက အဓိကဦးဆောင်မှု အခန်းကဏ္ဍမှာသာမက နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် အနာဂတ်လှပရေးတို့အတွက် အရည်အသွေးပြည့်ဝသည့် ဆရာ ဆရာမများအပေါ်မှာ မူတည်နေပါကြောင်း၊ ဆရာ ဆရာမများသည် ကျောင်းသား ကျောင်းသူများ၏ အတုယူစရာ စံပြ ပုဂ္ဂိုလ်အဖြစ် ဆရာ ဆရာမ ကျင့်ဝတ်များနှင့်အညီ တာဝန်ကျရာဒေသများတွင်အမိပညာရေးကောလိပ်မှ သင်ကြားပေးလိုက်သော သင်ကြားမှုရလဒ်ကောင်းများဖြင့် စေတနာ၊ ဝါသနာ၊ အနစ်နာထား၍ သင်ကြားပေးစေလိုကြောင်း၊ ကျောင်းသား ကျောင်းသူများ ကိုယ့်လူမျိုးအကျိုးနှင့် ပြည်ထောင်စုအတွက် မှန်ကန်သော စိတ်ထားများ မွေးမြူလာနိုင်ရန် အားပေးကြရန် လိုအပ်ပါကြောင်း စသည်ဖြင့် ပြောကြားသည်။

ဆက်လက်၍ မကွေးပညာရေးဒီဂရီကောလိပ် ဒုတိယ ကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုးက သင်တန်းသား သင်တန်းသူများအား နှုတ်ဆက်အမှာစကားပြောကြားပြီး အလယ်တန်းပြ ဘာသာရပ် မွမ်းမံသင်တန်းတွင် ဆုရရှိသော ဆရာ ဆရာမများကို တိုင်းဒေသကြီး ဝန်ကြီးချုပ်က လည်းကောင်း၊ မူလတန်းပြဘာသာရပ် မွမ်းမံသင်တန်းတွင် ဆုရရှိသော ဆရာ ဆရာမများကို တိုင်းဒေသကြီး လူမှုရေးရာဝန်ကြီး ဦးစိုးပိုင်မြင့် ကလည်းကောင်း၊ အခြေခံ ဆရာ ဆရာမများ မွမ်းမံသင်တန်းပြီးမြောက်ကြောင်း လက်မှတ်များကို ဒုတိယကျောင်းအုပ်ကြီး ဒေါ်သန်းသန်းစိုး ကလည်းကောင်း ချီးမြှင့်ပေးအပ်ကြသည်။

အဆိုပါ ၂၀၂၁-၂၀၂၂ ပညာသင်နှစ်၊ မကွေးတိုင်းဒေသကြီးအတွင်း အသစ်ခန့်ထားသော အခြေခံပညာ ဆရာ ဆရာမများ ဘာသာရပ်ဆိုင်ရာ သင်တန်းကို နိုဝင်ဘာ ၈ ရက်မှ ဒီဇင်ဘာ ၈ အထိ ဖွင့်လှစ်ခဲ့ခြင်းဖြစ်ပြီး လက်ထောက်အလယ်တန်းပြ ဆရာ ဆရာမ ၃၁ ဦး၊ လက်ထောက်မူလတန်းပြ ဆရာ ဆရာမ ၂၁၀ စုစုပေါင်း ဆရာ ဆရာမ ၂၄၁ ဦးအား သင်ကြားပို့ချခဲ့ကြောင်း သိရသည်။

**မောင်ညီညာ**

# “တူယှဉ်နွှဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု (၂) ပထမပွဲစဉ် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

စိန်ရတု ပြည်ထောင်စုနေ့ကို ဂုဏ်ပြုသောအားဖြင့် “တူယှဉ်နွှဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲ အုပ်စု (၂) ပထမပွဲစဉ်ကို ဒီဇင်ဘာ ၁၀ ရက် (သောကြာနေ့) ညတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ တိုက်ရိုက် Live ရိုက်ကူးထုတ်လွှင့်မည်။

အဆိုပါပွဲစဉ်၌ တိုင်းရင်းသားပြိုင်ပွဲဝင်များ ဖြစ်ကြသည့် ကြူကြူခိုင်၊ သီတာစမ်း၊ ကျော်ခိုင်စိုး၊ အောင်မြင့်သိန်း၊ အိရွှေစင်၊ ချမ်းဟိန်းဝင်းထွန်း၊ ခိုင်ဝင်းသူ၊ ထုံလှိုင်းနှင့် N လုံးလုံတို့က ယှဉ်ပြိုင် သီဆိုကြမည်ဖြစ်ပြီး မြန်မာ့အသံနှင့် ရုပ်မြင်သံကြား ခေတ်ပေါ်တေးဂီတမှ တီးခတ်ပေးမည်ဖြစ်ကာ ဒုတိယအကြိမ်အဖြစ် ဒီဇင်ဘာ ၁၂ ရက် (တနင်္ဂနွေနေ့) နံနက် ၁၀ နာရီခွဲတွင် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်သည်။

“တူယှဉ်နွှဲပျော် ဂီတပွဲတော်” သီချင်းဆိုပြိုင်ပွဲတွင် နေပြည်တော်နှင့် ပြည်နယ်နှင့် တိုင်းဒေသကြီးတို့မှ တိုင်းရင်းသားညီအစ်ကို မောင်နှမသုံးဦးစီဖြင့် စုစုပေါင်း ၄၅ ဦးတို့က အဖွဲ့ ငါးဖွဲ့ခွဲ၍ အုပ်စုပွဲစဉ် ၁၀ ပွဲကို ရန်ကုန်မြို့ ပြည်လမ်းရှိ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် လည်းကောင်း၊ နောက်ဆုံးပွဲစဉ်နှစ်ပွဲကို ရန်ကုန်မြို့ ပြည်သာယာရှိ မြဝတီ မီဒီယာစင်တာတွင် လည်းကောင်း နိုဝင်ဘာ ၂၆ ရက်မှ ၂၀၂၂ ခုနှစ် ဖေဖော်ဝါရီ ၁၁ ရက်အထိ အပတ်စဉ် သောကြာနေ့ညတိုင်း သီဆိုယှဉ်ပြိုင်ကြမည် ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**







# သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေးအစီအစဉ် မော်ဒယ်သရုပ်ဆောင်များနှင့်အတူ လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများ ပါဝင်ယှဉ်ပြိုင်မည်

**နေပြည်တော် ဒီဇင်ဘာ ၈**

သုတဝေဖြာသီရိဂေဟာ မိသားစုပြိုင်ပွဲ အသိပညာပေး အစီအစဉ် (Family Quiz) ပွဲစဉ် (၄၄) ကို ဒီဇင်ဘာ ၁၀ ရက် ညနေတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဆက်လက်ထုတ်လွှင့်မည်ဖြစ်သည်။

အဆိုပါ ကိုဗစ်-၁၉ ဆိုင်ရာ အသိပညာပေး အစီအစဉ်ကို သရုပ်ဆောင် စိုးသီဟနှင့် မော်ဒယ် ဂျေနော တို့က တင်ဆက်ကြမည်ဖြစ်ပြီး လူရွှင်တော်အသင်းနှင့် ကိုလူချောတို့အဖွဲ့မှ မိသားစုများက ပါဝင်ယှဉ်ပြိုင်ကြမည်ဖြစ်ရာ ယင်းပြိုင်ပွဲများကို ဒီဇင်ဘာ (၁၀၊ ၁၁၊ ၁၂) ရက်များတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ ညနေ ၆ နာရီ သတင်းအပြီး၌ ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# “ကိုကိုတို့ အငြိမ့်” ဖျော်ဖြေပွဲကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၌ ပြသမည်

**နေပြည်တော် ဒီဇင်ဘာ ၈**

အများပြည်သူ ပျော်ရွှင်စေရန်၊ အပန်းပြေစေရန်နှင့် စိတ်ခွန်အားသစ်များ ရရှိနိုင်ရန်အတွက် မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ဖျော်ဖြေရေးအစီအစဉ်များကို တိုးမြှင့်တင်ဆက်လျက်ရှိရာ “ကိုကိုတို့အငြိမ့်” ဖျော်ဖြေပွဲကို ဒီဇင်ဘာ ၁၁ ရက် (စနေနေ့) ည ၈ နာရီ သတင်းအပြီးတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား၏ MRTV-HD Channel မှ ထုတ်လွှင့်ပြသမည်ဖြစ်သည်။

ယင်းဖျော်ဖြေမှုကို လူရွှင်တော် ဒိန်းဒေါင်က စီစဉ်ပြီး ဟာသမင်္ဂလာ ရွှေဆိုင်းတော်အဖွဲ့၏ တီးခတ်မှုနှင့်အတူ ခေါင်းဆောင်မင်းသမီး ရွှေတံဆိပ်ဆုရှင် ဝါဝါခိုင်၊ ရှေ့ထွက် မင်းသမီး ဒီဒီ၊ လူရွှင်တော်များဖြစ်ကြသည့် ရွှင်ပျော်၊ ရာဇာပေါက်စီ၊ ဝက်မနှင့် စိန်ပန်းသီး တို့က ဖျော်ဖြေတင်ဆက်ကြမည်ဖြစ်သည်။

ထိုသို့ တင်ဆက်မှုကို ဒီဇင်ဘာ ၁၅ ရက် (ဗုဒ္ဓဟူးနေ့) မွန်းလွဲပိုင်း National News အစီအစဉ်အပြီးတွင် ဒုတိယအကြိမ် ထပ်မံထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**



## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန၊ လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန၊ လေယာဉ်ကွင်းတည်ဆောက်ရေးတွင်အသုံးပြုရန်လိုအပ်သောအောက်ဖော်ပြပါပစ္စည်းအား မြန်မာကျပ်ငွေဖြင့် ဝယ်ယူလိုပါ၍ အိတ်ဖွင့်တင်ဒါများ ပေးသွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| ပစ္စည်းအမျိုးအမည် | အရေအတွက် |
|---|---|
| လေယာဉ်ပြေးလမ်းသုံးကတ္တရာ | ၁၅၂တန် |

၂။ အိတ်ဖွင့်တင်ဒါစည်းကမ်းနှင့် လျှောက်လွှာပုံစံများအား ၉-၁၂-၂၀၂၁ရက်မှစ၍ ရုံးချိန်အတွင်း ရောင်းချမည်ဖြစ်ပြီး ၂၃-၁၂-၂၀၂၁ရက်တွင် တင်ဒါအရောင်းပိတ်ပြီး ၇-၁-၂၀၂၂ ရက် ညနေ ၃နာရီအချိန်အတွင်း တင်ဒါများ နောက်ဆုံးထားပြန်လည်တင်သွင်းရမည်ဖြစ်ပါသည်။ တင်ဒါအချက်အလက်များနှင့် ပတ်သက်၍ အသေးစိတ်စုံစမ်းမေးမြန်းလိုပါက ရုံးချိန်အတွင်း ဖုန်း-၀၁-၅၃၃၀၁၃၊ ၀၁-၅၃၃၀၃၀ သို့ ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**လေကြောင်းပို့ဆောင်ရေးညွှန်ကြားမှုဦးစီးဌာန(ရုံးချုပ်)**
**လေဆိပ်လမ်း၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့**

### ပတ်စ်ပို့ပျောက်

ကျွန်မ မမီမီဝင်း ၈/တတက(နိုင်)၂၃၁၇၅၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်မ မမေသူအောင် ၈/မဘန(နိုင်)၁၃၂၂၃၆၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးတူးခိုင် ၈/မဘန(နိုင်)၁၃၂၅၈၃၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်မ မမြတ်မွန် ၈/စတရ(နိုင်)၀၃၇၆၇၁၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်မ မထူး ၈/စတရ(နိုင်)၁၅၈၃၃၇၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့ အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ပတ်စ်ပို့ပျောက်

ကျွန်တော် ဦးဇော်ဝင်း ၈/တတက(နိုင်)၁၂၄၄၆၄၏ နိုင်ငံကူးလက်မှတ်အမှတ်(နံပါတ်မမှတ်မိ)သည် ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အောက်ပါဖုန်းနံပါတ်သို့အကြောင်းကြားပေးပါရန်။
**ဖုန်း-၀၉-၂၅၈၀၀၃၈၉၉**

### ကန့်ကွက်နိုင်ပါသည်။

**ဧရာဝတီတိုင်းဒေသကြီး၊ ပုသိမ်ခရိုင်၊ ရွှေသောင်ယံမြို့နယ်၊ ချောင်းသာကျေးရွာအုပ်စု၊ ချောင်းသာ-ပုသိမ်ကားလမ်း၊ အကွက်အမှတ်နှင့်အမည်-၁၉၉၀ ချောင်းသာ၊ ဦးပိုင်အမှတ်-A 7, A 8၊ ဧရိယာ-၀. ၃၂၃၈ဧက ရှိ နှစ်(၃၀) မြေငှားဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်ကို အမည်ပေါက်ပိုင်ဆိုင်သူများဖြစ်ကြသော ဒေါ်ခင်ညွန့် (၁၄/ပသန (နိုင်)၀၅၆၁၂၅)နှင့် ဒေါ်သန်းသန်းကြူ (၁၄/ပသန (နိုင်)၁၃၃၀၃၄) တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန် ရောင်းဘိုးငွေ၏ တစိတ်တဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် အဆိုပါမြေကွက်အပေါ်ပိုင်ရေးဆိုင်ခွင့်ရှိသူ မည်သူမဆို အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ယနေ့မှစ၍(၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား မူရင်းစာရွက်စာတမ်းများနှင့်တကွ ကျွန်ုပ်ထံ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကုန်ဆုံးသည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။**

ညွှန်ကြားချက်အရ
**သင်းကြူစိုး LL.B., LL.M.**
တရားလွှတ်တော်ရှေ့နေ (စဉ်- ၆၅၅၆)
ရုံး-အမှတ်-၅၅၊ အခန်း-၂၆၊ တတိယထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။
ဖုန်း- ၀၁-၈၃၇၈၇၉၉၊ ၀၉-၅၀-၁၆၃၅၂၊ ၀၉-၇၉၇၉၀၅၉၅၉။

## မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ မောရဂီဝါရပ်ကွက်၊ ၇၄/၇၅လမ်းကြား၊ ၃၂(ဘီ)လမ်း၊ အကွက်အမှတ်(၇၀၇)၊ ဦးပိုင်အမှတ်(၁၂၅/၂)ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့နှင့် ပတ်သက်၍ အများသိစေရန် ကြေညာချက်

အထက်ဖော်ပြပါလိပ်စာရှိ မြေကွက်နှင့် အဆောက်အအုံတို့၏ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို တရားဝင်အမည်ပေါက် ပိုင်ဆိုင်သူ ဒေါ်စန်းစန်းအေးနှင့်ဦးဇော်ဇော်ဝင်းမောင်တို့မှ ကျွန်ုပ်တို့၏ မိတ်ဆွေ ဒေါ်လင်းလင်းထံသို့ တန်ဖိုးငွေ ၂၅၀၀၀၀၀၀၀/- ကျပ်ဖြင့် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် (၄-၁၀-၂၀၂၁)ရက်တွင် အရောင်းအဝယ်ကတိစာချုပ်ချုပ်ဆိုရန် သဘောတူညီခဲ့ပါသည်။

ထို့ပြင် အဆိုပါအိမ်မြေအား ဒေါ်စန်းစန်းအေးနှင့်ဦးဇော်ဇော်ဝင်းမောင်တို့မှ မန္တလေးမြို့ မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁)တွင် အာမခံထား၍ ချေးယူထားသော ငွေများအား ပေးဆပ်ရန် ပျက်ကွက်ခဲ့သည့်အတွက် ၎င်းဘဏ်မှ ဒေါ်စန်းစန်းအေးနှင့်ဦးဇော်ဇော်ဝင်းမောင်တို့အပေါ် မန္တလေးခရိုင်တရားရုံး၌ တရားမဇာရီမှုအမှတ်-၂၀၄/၂၀၁၉ဖြင့် အကောင်အထည်ဖော်ဆောင်ရွက်နေဆဲဖြစ်ပါသည်။

ထို့ကြောင့် အဆိုပါအိမ်မြေ၏ တန်ဖိုးငွေများအနက်မှ မူရင်းဒီကရီကျငွေ-(၁၉၂၂၇၁၅၁၃/-) ကျပ်ကို မန္တလေးမြို့၊မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) ရှိ ဒေါ်စန်းစန်းအေးနှင့် ဦးဇော်ဇော်ဝင်းမောင်တို့၏ ငွေစာရင်း အမှတ်-CA-၀၁၀၉၇၃သို့လည်းကောင်း၊ ငွေ(၁၀၀၀၀၀၀၀၀/-)ကျပ်အား ၎င်းတို့ထံသို့လည်းကောင်း၊ ကျွန်ုပ်အမှုသည်မှ ပေးချေခဲ့ပြီးဖြစ်ပါသည်။

သို့ရာတွင် ရောင်းချသူ ဒေါ်စန်းစန်းအေးနှင့်ဦးဇော်ဇော်ဝင်းမောင်တို့သည် အဆိုပါ အိမ်မြေအား ဘဏ်၌ အာမခံထား၍ ချေးငွေများ ရယူထားသည့်ကိစ္စနှင့်ပတ်သက်၍ ပြီးပြတ်အောင် ဆောင်ရွက်ပေးမှုမရှိသည့်အပြင် ၎င်းအရောင်းအဝယ်ကတိပဋိညာဉ်များအား ဖောက်ဖျက်သည့်အတွက် ကျွန်ုပ်၏ အမှုသည်ဖြစ်သူ ဒေါ်လင်းလင်းမှ ၎င်းတို့အပေါ်တွင် မန္တလေးခရိုင် တရားရုံး၌ တရားမကြီးမှုအမှတ်-၃၈၈/၂၀၂၁ဖြင့် တရားစွဲဆိုထားပြီး ဖြစ်ပါသည်။

ထို့ပြင်အဆိုပါတရားမဇာရီမှုအမှတ်-၂၀၄/၂၀၁၉အမှုတွင်မန္တလေးမြို့၊မြန်မာ့စီးပွားရေးဘဏ်ခွဲ(၁) သို့ ဒေါ်စန်းစန်းအေးနှင့် ဦးဇော်ဇော် ဝင်းမောင်တို့မှ ပေးဆပ်ရန်ကျန်ရှိသည့် ငွေ-(၆၇၇၂၈၄၈၇/-) ကျပ်ကိုလည်း ၎င်းတို့ကိုယ်စား ဒေါ်လင်းလင်းမှ သက်ဆိုင်ရာဘဏ်သို့ ထပ်မံပေးသွင်းသည့် ကိစ္စရပ်အား တရားဝင်ဆောင်ရွက်မည်ဖြစ်သည့်အပြင် အဆိုပါအိမ်မြေအရောင်းအဝယ်နှင့်ပတ်သက်၍ လိုအပ်သော ကိစ္စ ရပ်များအားလုံးကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

| | |
|---|---|
| **ဦးလှစိန်** | **ဒေါ်ခင်စောဦး** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၃၂၇၈)** | **တရားလွှတ်တော်ရှေ့နေ(စဉ်-၆၇၀၂)** |

**United Condo၊ အခန်း(၁၁၁)၊ နဝဒေးလမ်းနှင့်အလံပြဘုရားလမ်းထောင့်၊ ဒဂုံမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာန ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့ အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ (၂၀၂၁-၂၀၂၂)ဘဏ္ဍာရေးနှစ်၊ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့တွင် ဆေးကုသမှုခံယူလျက်ရှိသော လူနာများအတွက် လိုအပ်သည့်ဆေးပစ္စည်းများကို မြန်မာကျပ်ငွေဖြင့် အစိုးရအသိအမှတ်ပြု ကုမ္ပဏီများထံမှ ဝယ်ယူမည်ဖြစ်ပါ၍ အိတ်ဖွင့်တင်ဒါများ ခေါ်ယူအပ်ပါသည်။

**FDA အသိအမှတ်ပြု-ဆေးပစ္စည်းများ**

၂။ **ဈေးနှုန်းတင်သွင်းလွှာပုံစံများ စတင်ရောင်းချမည့်ရက်** - ၇-၁၂-၂၀၂၁ရက်(အင်္ဂါနေ့) နံနက် ၁၀နာရီ
**တင်ဒါပိတ်မည့်ရက်နှင့်အချိန်** - ၆-၁-၂၀၂၂ရက်(ကြာသပတေးနေ့)ညနေ ၄နာရီ

၃။ **တင်ဒါဖွင့်မည့်ရက်နှင့်အချိန်** - ၁၁-၁-၂၀၂၂ရက် (အင်္ဂါနေ့) နံနက် ၁၀နာရီ

၄။ တင်ဒါစည်းမျဉ်း၊ စည်းကမ်းချက်များနှင့်လုပ်ငန်းများအသေးစိတ်ကို သိရှိလိုပါက နေ့စဉ်ရုံးချိန်အတွင်း အောက်ပါလိပ်စာတွင် လာရောက်စုံစမ်းနိုင်ပါသည်-

**တင်ဒါခေါ်ယူရေးကော်မတီ**
**ခုတင်(၅၀၀)ဆံ့အထူးကုဆေးရုံကြီး၊ ရန်ကုန်မြို့**

## ငြင်းချက်ထုတ်ရန်ဆင့်စာ (တရားမကျင့်ထုံး ဥပဒေအမိန့် -၅၊ နည်းဥပဒေ -၂၀) ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံးတော် ၂၀၂၁ ခုနှစ် တရားမကြီးမှုအမှတ် - ၄၃၉

| | | |
|---|---|---|
| ဒေါ်နီလာဦး | နှင့် | ၁။ ဦးတင်မြင့်<br>၂။ ဒေါ်ဝင်းဝင်းမာ |
| **တရားလို** | | **တရားပြိုင်များ** |

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၅)ရပ်ကွက်၊ ဗိုလ်မှူးဗထူးလမ်း၊ အမှတ် (၄၅)ရပ်နေ ဦးတင်မြင့်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ (၄၆)ရပ်ကွက်၊ မိုးမခလမ်း၊ အမှတ် (၄၂၆)နေ ဒေါ်ဝင်းဝင်းမာ (ယခုနေရပ်လိပ်စာမသိ) သိစေရမည်။

သင်တို့အပေါ်၌ ဒေါ်နီလာဦးက အိမ်နှင့် မြေအရောင်းအဝယ်မှတ်ပုံတင်စာချုပ် ချုပ်ဆိုပေးစေလိုမှုရလိုကြောင်းနှင့် လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်တို့ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့်စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၂၂ရက် (၁၃၈၃ ခုနှစ် နတ်တော်လပြည့်ကျော် ၃ရက်) မွန်းမတည့်မီ ၁၀ နာရီတွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်တို့မလာရောက် ပျက်ကွက်ခဲ့လျှင် သင်တို့မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာချုပ်စာတမ်းများနှင့် သင်တို့ကထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်းအစရှိသည်တို့ကို သင်တို့နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင်တို့ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်ပို့လိုက်ရမည်။ သင်တို့က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၈ရက်တွင် ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(အေးအေးမြင့်)**
**ဒုတိယခရိုင်တရားသူကြီး (၁)**
**ရန်ကုန်အရှေ့ပိုင်းခရိုင်တရားရုံး**

### မိခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ အထက (၂)ကျောင်း ဒသမတန်းမှ မောင်စံဟိန်းထက်၏ မိခင် အမည်မှန်မှာ နော်အာနာတားရှာ ၃/သတန(နိုင်)၀၀၅၉၁၈ ဖြစ်ပါကြောင်း။
**နော်အာနာတားရှာ**

### ဖခင်အမည်မှန်

ပဲခူးတိုင်းဒေသကြီး၊ တောင်ငူမြို့၊ လေးမိုင် အခြေခံပညာအထက်တန်းကျောင်း ဒသမတန်းမှ မနှင်းပွင့်ဝေ၏ ဖခင်အမည်မှန်မှာ ဦးမောင် မောင်နိုင် ၇/ရတရ(နိုင်)၀၉၀၅၆၃ ဖြစ်ပါကြောင်း။
**ဦးမောင်မောင်နိုင်**

### မိဘအမည်မှန်

အထက (၁)လက်ပံတန်း၊ တက္ကသိုလ်ဝင်တန်း (D)မှ မောင်ရှိုင်း ထက်အောင်၏ ဖခင်အမည်မှန်မှာ ဦးမင်းမင်းကျော် ၇/လပတ(နိုင်)၁၂၂၀၄၉နှင့် မိခင် ဒေါ်နွယ်နီဝင်း ၇/လပတ(နိုင်)၁၅၂၈၀၄ ဖြစ်ပါကြောင်း။
**ဦးမင်းမင်းကျော်-ဒေါ်နွယ်နီဝင်း**

### ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းတုန်းမြို့ အထက ဆဋ္ဌမတန်း(A)မှ မောင်ပိုင်သူကျော်၏ ဖခင်အမည်မှန်မှာ ဦးဖိုးငို ၈/မတန(နိုင်) ၀၄၅၆၀၁ဖြစ်ပါကြောင်း။
**ဦးဖိုးငို**

### အမည်ပြောင်း

လက်ပံတန်းမြို့၊ ဦးရန်နိုင်ထွန်း ၇/လပတ(နိုင်)၁၁၉၆၁၈၏သား၊ အလက ကျွန်းကလေးကျောင်း Grade-6မှ မောင်မင်းခန့်မောင်အား ယနေ့မှစ၍ မောင်ဖြိုးဘုန်းမြင့်ဟု ပြောင်းလဲခေါ်ပါရန်။
**မောင်ဖြိုးဘုန်းမြင့်**

### မိခင်အမည်မှန်

သာယာဝတီမြို့နယ်၊ အထက(ခွဲ) တပ်တွင်း တက္ကသိုလ်ဝင်တန်းမှ မောင်နေလင်းထွန်း၏ မိခင်အမည်မှန်မှာ ဒေါ်ချိုကြီး ၇/သဝတ(နိုင်) ၁၁၃၈၇၉ဖြစ်ပါကြောင်း။
**ဒေါ်ချိုကြီး**

### ကန့်ကွက်နိုင်ပါကြောင်းကြော်ငြာစာ

မကွေးမြို့၊ အောင်မေတ္တာ (ခ)ရပ်ကွက်၊ ကွင်း/အကွက်အမှတ် (၁၆၅၅/အုတ်ဖို) (၅)လမ်း၊ ဦးပိုင်အမှတ် (၆၈၈)၊ ဧရိယာ ၀ဒသမ၁၀၅ဧက (အရာခံဗိုလ်အုန်းသောင်း၊ တမခ-၈၈) အမည်ပေါက်မြေကွက်အား ယခုလက်ရှိနေထိုင်ပိုင်ဆိုင်သူ ဦးလှဘုန်း ၁၃/ရစန(နိုင်) ၀၀၄၁၈၅မှ တရားဝင်မှတ်ပုံတင်စာချုပ်ချုပ်ဆိုခြင်း၊ မြေဂရန်လျှောက်ထားခြင်းများ ဆောင်ရွက်မည်ဖြစ်ပါ၍ ကန့်ကွက်လို သူများရှိပါက ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား (မူရင်း)များဖြင့် ဤကြော်ငြာပါသည့်ရက်မှ ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မည့်သူမရှိပါက လုပ်ထုံးလုပ်နည်းနှင့်အညီ မကွေးမြို့လယ်ယာမြေစီမံခန့်ခွဲရေးနှင့် စာရင်းအင်းဦးစီးဌာနရုံးနှင့် မကွေးခရိုင်အုပ်ချုပ်ရေးမှူးရုံးတို့တွင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးလှဘုန်း ဖုန်း-၀၉-၄၂၆၄၄၇၂၆၊ ၀၉-၇၈၀၈၉၃၂၄၇**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၀/မြို့မမြောက်ရပ်၊ ရတနာဒီပရပ်ကွက်မှ မြေဧရိယာ(၀ဒသမ၀၅၅)ဧကရှိမြေကွက်အမှတ်(ပ-၃၃၃၃၃)၏ မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးသွားသဖြင့် မြေကွက်အမည်ပေါက် ဒေါ်ဝါဝါမျိုးခိုင် ၁၂/ကမတ(နိုင်) ၀၆၃၁၃၆(ဘ)ဦးမျိုးအောင်မှ မြေချပါမစ်(စလစ်)မိတ္တူမှန် ထုတ်ပေးပါရန် မြေချပါမစ်(စလစ်)မူရင်း ပျောက်ဆုံးကြောင်း တရားရုံးကျမ်းကျိန်ဆိုချက် မူရင်း၊ ကိုယ်တိုင်ဝန်ခံကတိပြုချက်မူရင်း၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးနှင့် ရဲစခန်းထောက် ခံချက်မူရင်းများတင်ပြပြီး လျှောက်ထားလာပါ သဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှု စာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေး ကော်မတီ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါသည့်ရက်မှစ၍ ရက် ၃၀ အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်း နှင့်သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေချပါမစ်(စလစ်) မိတ္တူမှန်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန နေပြည်တော် စာမေးပွဲဖြေဆိုရန် အသိပေးကြော်ငြာခြင်း

၁။ သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန၏ ၂-၁၁-၂၀၂၁ ရက်နေ့ထုတ် မြန်မာ့အလင်းနှင့် ကြေးမုံသတင်းစာများတွင် ခေါ်ယူထားသည့် အငယ်တန်းအင်ဂျင်နီယာ -၃ (မြို့ပြ)၊ အငယ်တန်းစာရေး၊ ဒု- လက်ထောက်ကွန်ပျူတာလုပ်ဆောင်ရေးမှူး၊ စာရင်းကိုင်-၄၊ အငယ်တန်းအင်ဂျင်နီယာ-၄(မြို့ပြ)နှင့် ရုံးအကူ/စာပို့ရာထူးနေရာများအတွက် အရည်အချင်းစစ်ရေးဖြေစာမေးပွဲများကို အောက်ပါအစီအစဉ်အတိုင်း ကျင်းပသွားမည်ဖြစ်ပါသည်-

(က) **စာမေးပွဲဖြေဆိုရမည့်ရက်** - ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ရက် (တနင်္ဂနွေနေ့)
(ခ) **ဖြေဆိုရမည့်ဘာသာရပ်များ** - နံနက် ၉နာရီမှ ၁၂ နာရီအထိ (၃)နာရီ
မြန်မာစာ+အင်္ဂလိပ်စာ
မွန်းလွဲ ၁၃:၀၀နာရီမှ ၁၅:၀၀ နာရီအထိ (၂)နာရီ
အထွေထွေဗဟုသုတ

၂။ စာမေးပွဲဖြေဆိုခွင့်ကတ်ပြားများကို ၁၃-၁၂-၂၀၂၁ရက်မှစ၍ သက်ဆိုင်ရာတိုင်းဒေသကြီး/ပြည်နယ်အလိုက် စာမေးပွဲ ဖြေဆိုရမည့် စာစစ်ဌာနတည်ရှိရာ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများတွင် ရုံးချိန်အတွင်း ထုတ်ပေးမည်ဖြစ်ပြီး ရုံးချုပ်၊ တိုင်းဒေသကြီး/ပြည်နယ်အလိုက် စာမေးပွဲကျင်းပပြုလုပ်မည့်စာစစ်ဌာနများနှင့် တည်နေရာအား သက်ဆိုင်ရာ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနရုံးများသို့ ဆက်သွယ်စုံစမ်းရန်ဖြစ်ပါသည်။

၃။ စာမေးပွဲဝင်ရောက်ဖြေဆိုမည့်သူများသည် ၂၀၂၁ ခုနှစ် ဒီဇင်ဘာ ၁၉ရက် နံနက် ၈:၃၀ နာရီအရောက် ဖြေဆိုရမည့်စာစစ် ဌာနများသို့ နိုင်ငံသားစိစစ်ရေးကတ်ပြားမူရင်းဖြေဆိုခွင့်ကတ်ပြားနှင့်အတူ လာရောက်သတင်းပို့ရန်နှင့် စာမေးပွဲခန်းမအတွင်းသို့ အချိန်နောက်ကျရောက်ရှိလာသူများအား စာမေးပွဲဖြေဆိုခွင့်ပြုမည်မဟုတ်ကြောင်း အသိပေးအပ်ပါသည်။

**ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၂၉ယ/၃၃၅၅ Honda Click 110 M/C ယာဉ်လက်ဝယ်ရှိသူ ဦးခန့်ကိုကို ၅/မရန(နိုင်)၂၅၉၈၆၇ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန်လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါကခိုင်လုံသော အထောက်အထားများဖြင့်ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန(မုံရွာ)**

### ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 8I/6925 STAR LIGHT (STL-T-001) ယာဉ်လက်ဝယ်ရှိသူ ဦးဇော်မျိုးဝင်း ၅/ရဥန(နိုင်)၀၅၉၇၅၅ က (ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ၁၅ ရက်အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါသည်။
**ကညန၊ ခရိုင်ရုံး(စစ်ကိုင်း)**

### ဖခင်အမည်မှန်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကလေးမြို့ အထက(၃) ဒသမတန်းမှ မောင်ကျော်ဇင်ဟိန်း၏ ဖခင်အမည်မှန်မှာ ဦးဇင်မင်းတိုး ၅/မရန(နိုင်)၁၇၉၀၇၀ ဖြစ်ပါကြောင်း။
